



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၈၂၀၁၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၉၉၀၄၁၁

ထုတ်ဝေသူ ◆ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ◆ ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်ခြင်း ◆ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ။

အုပ်ရေ ◆ ၅၀၀ အုပ်

တန်ဖိုး ◆ ၁၀၀ ကျပ်

ဖြန့်ချိရေး ◆ ဗိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

| |
|---|
| ၈၉၅-၈၃ |
| တန်ခူးလေပြေ |
| မာယာဆော့ဖ်ဝဲ / တန်ခူးလေပြေ။ |
| - ရန်ကုန် ၊ |
| ရဲအောင်စာပေ၊ ၂၀၁၁။ |
| ၁၆၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။ |
| (၁) မာယာဆော့ဖ်ဝဲ |


BURMESE CLASSIC .com

## အခန်း(၁)

တကယ်တမ်း ထမင်းဝိုင်းတွင် ထိုင်မိကြတော့ ကောင်းကင်နှင့် ပန်းတော်ဝင် နှစ်ယောက်တည်းသာ။

သူတို့နှစ်ယောက်သာ သီးသန့်စားရမည့် သဘောရှိ၏။ ကောင်းကင် ခေါင်းထဲမှ အစီအစဉ်များ အနည်းငယ် ကမောက်ကမ ဖြစ်ကုန်၏။ အရေးပေါ်အစီအစဉ်တစ်ခုကို ခေါင်းထဲတွင် အလျင်အမြန် အကွက်ချရတော့သည်။

'အားမနာနဲ့နော်၊ အားပါးတရသာ သုံးဆောင်ကွ'

ပန်းတော်ဝင် ဖခင်က မျက်နှာပူ၍လားမသိ။ အထက်ပါ စကားအနည်းငယ်ကိုသာ ပြော၍ ဧည့်ခန်းဘက် လှည့်ထွက်သွားသည်။ ကောင်းကင် အနည်းငယ် ပျာယာခတ်သွားသည်။ ပန်းတော်ဝင် မိခင်ပါ ထိုသို့ထပ်၍ ထွက်သွားလျှင် သူ့အစီအစဉ်များ ဆက်၍ရမည် မဟုတ်။

'သမီးက ထည့်ပေးလေကွယ်၊ လောကွတ်စကားလေးဘာလေးနဲ့ပါ ပျူပျူငှာငှာ ဧည့်ခံမှပေါ့'

ပန်းတော်ဝင်က ထမင်းပန်းကန်ကို ဘယ်လက်ဖြင့်ကိုင်၍ ထမင်းအုပ်ထဲမှ ထမင်းကို ဇွန်းဖြင့်ခပ်ထည့်ပေးသည်။ သို့သော် ပန်းတော်ဝင်၏ ဘယ်ဘက်လက်မမှာ အရှိန်လွန်ပြီး ထမင်းဖောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ခေတ္တရောက်နေ၏။ ကောင်းကင်က လက်မလေးကို သေသေချာချာ လိုက်ကြည့်နေ၏။

ပန်းတော်ဝင်က ထမင်းပန်းကန်ကို ကောင်းကင်ရှေ့သို့ ပြန်ချပေး၏။ လက်မတွင် ထမင်းသုံးစေ့ခန့် ကပ်ပါနေသည်ကို ပန်းတော်ဝင်က မသိ။ ကောင်းကင်ကမူ ထိုလက်မလေးကိုပင် စူးစိုက်ငေးကြည့်လျက်…။

'သုံးဆောင်ပါရှင်'

ကောင်းကင်က ဇွန်းနှင့်ခက်ရင်းကို ယူ၍ လက်သုတ်ပဝါဖြင့် စိမ်ပြေနပြေ ပွတ်သုတ်နေ၏။ မသုတ်မီ လက်သုတ်ပဝါကို သန့်မသန့် သေသေချာချာဖြန့်ကြည့်၏။ နမ်းကြည့်၏။ ပြီးမှ သုတ်ခြင်းဖြစ်သည်။ ထို့နောက် ဇွန်းခက်ရင်းဖြင့် ခုနက ပန်းတော်ဝင် လက်မလေးရှိနေခဲ့သည့် နေရာအနီးတဝိုက်ရှိ ထမင်းအချို့ကို ဘေးသို့ သပ်သပ်ဖယ်၏။ ပြီးမှ ဇွန်းနှင့်ခက်ရင်းကို ဘေးသို့အသာချကာ ထမင်းကို လက်ဖြင့်ပယ်ပယ်နယ်နယ်ကိုင်၍ အလုံးအလုံးများဖြစ်အောင် ဆုပ်နေ၏။ ထိုသို့ စိတ်တိုင်းကျစီစဉ်ပြီးမှ ထမင်းဆုပ်တစ်လုံးကို စားရန်ပြင်၏။

ထိုအခါမှ ကောင်းကင် ကြည့်သမျှ လုပ်သမျှကို စေ့စေ့စပ်စပ် သတိလက်လွှတ်လိုက်ငေးကြည့်နေသည့် ပန်းတော်ဝင် မိခင် ဒေါ်မိုးမိုးသင်းမှာ သတိဝင်လာပြီး…

'ဟဲ့… ဟဲ့… ထမင်းချည်းပဲ မစားနဲ့လေကွယ်၊ ဟင်းနဲ့စားမှပေါ့၊ သမီးကလည်း ဟင်းတွေထည့်ပေးလေကွယ်'

'အဟဲ… သူက သုံးဆောင်ပါရှင့်ဆိုတော့ ထမင်းချည်းပဲ စားရမယ်ထင်ပြီး'

'မဟုတ်တာကွယ်၊ ဒါနဲ့ ထမင်းဆုပ်လေးတွေက ဘယ်လိုဖြစ်လို့'



'ကျွန်တော်က ဒီလိုပဲ စားတတ်လို့ပါ အန်တီ'

ပန်းတော်ဝင်က သူ့မ မိခင်ကို အသာနေဟူသော မျက်ရိပ်ပြပြီး ကောင်းကင်ရှေ့တည့်တည့် အနီးဆုံးရှိ ဟင်းပန်းကန်မှ ခပ်ပေးရန် ဘယ်လက်ကို လှမ်း၏။ ထိုဘယ်လက်မရှိ ထမင်းသုံးစေ့မှာ ရှိနေဆဲ။ ကောင်းကင်လည်းကြည့်နေဆဲ။ ဇွန်းကိုင်ခါနီးမှ ပန်းတော်ဝင်က အားတုံ့အားနာအမူအရာဖြင့် ရှက်ပြုံးလေးပြုံးကာ…

'ဆောရီးနော်၊ ခဏ…'

ပြောပြောဆိုဆို သူ့မ လက်မရှိ ထမင်းစေ့များကို သူ့မ ပါးစပ်ထဲသို့ ထည့်လိုက်၏။ ပြီးမှ လက်မကို ပါးစပ်ဖြင့် မသိမသာ စုပ်လိုက်၏။ ထိုမှတဖန် ထိုလက်မကို မိမိထမီတွင် မသိမသာသုတ်ပြန်၏။

ထိုသို့ ညှိသည်ရှေ့တွင် ယဉ်ကျေးဖွယ်ရာ အမူအပေါင်းကို ပြုပြီးမှ ဟင်းပန်းကန်မှ ဇွန်းကို လက်ကမ်း၏။ မျက်နှာမသိမသာ ရှုံ့မဲ့၍ လိုက်ကြည့်နေသည့် ကောင်းကင်က…

'ဟိုး… ဟိုးထား… ခဏလေး၊ ကျွန်တော် စဉ်းစားနေတာ၊ ဟင်းခွက်တွေကများပြီး ရောင်စုံဖြစ်နေတော့ ဘယ်အရောင်ဟင်းကို စားရင် အရသာပိုမလဲလို့၊ အန်တီရော ဘယ်လိုထင်လဲဟင်'

ပန်းတော်ဝင်နှင့် သူ့မမိခင်တို့ အကြည့်ချင်း ခလုတ်တိုက်ကုန်၏။ ကောင်းကင်က မြင်မိသော်လည်း မသိဟန်ဖြင့်…

'ဒီဟင်းတွေကို အန်တီကိုယ်တိုင် ချက်တာလား'

'အင်း… ဟုတ်တယ်ကွယ့်၊ သမီးရော အိမ်ကအကူကောင်မလေးရော စုပေါင်းပြီး ချက်ထားကြတာ'

'ဒါဆို တော်တော်လက်များခဲ့မှာပေါ့နော်'

'အင်း'

www.burmeseclassic.com



'ရှိင်းတယ်လို့ မထင်ပါနဲ့ အန်တီ၊ အန်တီ့လက်ကို ခဏပြပါလား'

'ဘယ်လို လက္ခဏာကြည့်မလို့လားကွယ်၊ ထမင်းစားနေရင်း တန်းလန်းကြီးမှာ'

'ပြမှာသာ ပြပေးပါ အန်တီ'

ပန်းတော်ဝင် မိခင်က လက်နှစ်ဘက်ကို ဖြန့်ပြမှောက်ပြ၏။

'ကျွန်တော် ထင်တယ်၊ အို... အဲဒါဆိုးတာပေါ့'

'ဘာဖြစ်လို့လဲကွယ်၊ အန်တီ့လက်ကို စင်ကြယ်အောင် ဆေးပြီးမှ ကိုင်တွယ်ချက်ပြုတ်ထားတာပါ'

'ဘယ်စင်ကြယ်မှာလဲ အန်တီရယ်၊ အလှထားတဲ့ လက်သည်းရှည်ကြီးတွေထဲမှာ သာမန်မျက်လုံးနဲ့ မမြင်နိုင်တဲ့ ရောဂါပိုးမွှားတွေ အများကြီး ကပ်နေတယ်၊ အဲဒီထဲမှာ အသဲရောင်အသားဝါဘီပိုး စီပိုးတွေ မပါဘူးလို့ မပြောနိုင်ဘူး၊ အဲဒီပိုးတွေ ကျွန်တော့်ဗိုက်ထဲရောက်သွားရင် အောင်မလေး အန်တီရယ် မတွေးရဲဘူး'

ကောင်းကင်က ရှုံ့မဲ့ပြီး ကြောက်ရွံ့ထိတ်လန့်ဟန် လုပ်ပြရင်း ပြောသည်။ ဆက်၍...

'အန်တီ့လိုပဲ ပန်းတော်ဝင်မှာလည်း လက်သည်းရှည်တွေနဲ့၊ ဒုက္ခ... ဒုက္ခ၊ အိမ်အကူကောင်မလေး ခေါ်လိုက်ပါဦး'

ဒေါ်မိုးမိုးသင်းက ဘယ်လိုမှ နားမလည်နိုင်ဟန်ဖြင့် ကောင်းကင်ကို ကြည့်ပြီး မသိမသာ ခေါင်းရမ်းသည်။ ပြီးမှ အိမ်အကူကောင်မလေးကို လှမ်းခေါ်ပေးသည်။

'ညီမလေးနာမည် ဘယ်လိုခေါ်လဲ'

'ချောအိမ်ပါရှင့်'

'ညီမလေး လက်တွေပြ'



ချောအိမ်က လက်နှစ်ဘက်လုံး ဖြန့်ပြ၏။

'တွေ့လား၊ သူကမှ သန့်ရှင်းသေးတယ်၊ လက်နှစ်ဘက်မှာ ဘာလက်သည်းရှည်မှ မရှိဘူး၊ သန့်နေတာပဲ၊ ဒါနဲ့ ချောအိမ် အိမ်သာတက်ပြီး ပြန်ထွက်လာရင် လက်ကိုဆပ်ပြာနဲ့ သေသေချာချာ ပွတ်တိုက်ဆေးရဲ့လား'

'ရှင်... ဟို... အဲဒါတော့ သတိထားပြီး မလုပ်မိခဲ့ပါဘူး'

'ကဲ... အဲဒါသာကြည့်တော့ အန်တီ၊ အဲဒါက ပိုဆိုးတယ်၊ ပန်းတော်ဝင်လည်း အဲဒီလိုမျိုးပဲနေမှာ'

'ကဲပါကွယ်၊ အဲဒါဆို မောင်ကောင်းကင်က ဒီထမင်းနဲ့ ဟင်းတွေကို စားရမှာ မသတီဘူးပေါ့'

'ဟုတ်ကဲ့၊ ပုစွန်ထုပ်ကြော်ကလွဲရင် ကျန်တာဘာမှမစားချင်တော့ဘူး'

ပန်းတော်ဝင်နှင့် သူ့မမိခင်တို့ ဒုတိယအကြိမ် အကြည့်ချင်းဆုံမိကြပြန်သည်။ ကောင်းကင်က ပုစွန်ထုပ်ကြီးတစ်ကောင်ကို လက်နှင့် လှမ်းယူပြီး အားပါးတရ ပယ်ပယ်နယ်နယ် ကိုက်ဝါးနေ၏။

'မောင်ကောင်းကင်... မင်းရဲ့လက်ကို မဆေးရသေးဘဲနဲ့ ဒီလိုစားတယ်'

'အဟဲ... ကိစ္စမရှိ၊ ခုနက ထမင်းဆုပ်ဆုပ်လိုက်လို့ ကျွန်တော့်လက်က သန့်သွားပြီးပြီ၊ နောက်ပြီး ကျွန်တော့်လက်မှာ နဂိုကတည်းက သန့်သန့်လေး သန့်သန့်လေး'

ပန်းတော်ဝင်က အကင်းပါးစွာဖြင့် သူ့မမိခင်ကို အသာလက်တို့ပြီး ထမင်းစားခန်းအပြင်သို့ ခေါ်ထုတ်သွား၏။ ထမင်းစားဝိုင်းမှ ကောင်းကင် ထပြီး ဘေစင်မှာ လက်ကိုဆပ်ပြာဖြင့် ပွတ်တိုက်ကာ အကြိမ်ကြိမ်ဆေးကြောနေ၏။ ထမင်းစားခန်းအပြင်မှ သားအမိနှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် သူလက်ဆေးနေသည်ကို မသိမသာ လှမ်းရှိုးနေသည်ကို လည်း သူက မသိချင်ယောင်ဆောင်လိုက်၏။

ပြီးမှ ဧည့်ခန်းထဲလှမ်းဝင်လာခဲ့သည်။ ရေစိုနေသော လက်နှစ်ဖက်ကို ပုဆိုးနှင့် ဖတ်… ဖတ်… ဖတ်ဆို သုတ်လျက်နှင့်…

ဧည့်ခန်းထဲတွင် သားအမိ သားအဖသုံးယောက် တီးတိုး တီးတိုးဖြင့် ခေါင်းချင်းဆိုင်နေကြ၏။ ရုတ်တရက် ပြောင်းလဲသွားသော သူ့အမူအရာအပေါ် ပန်းတော်ဝင်က တံဆိပ်ကပ်ပေးနေခြင်းဖြစ်၏။

ဂေါက်ကြောင်…. တယူသန်… ကျုပ်မပြည့် စသည်ဖြင့်။

ဧည့်ခန်းရှိ ဆက်တီခုံများသို့ ကောင်းကင် ရောက်လာသည် အထိ သူမတို့မိသားစု ခေါင်းချင်းဆိုင်နေကြတုန်း။ ကောင်းကင်က ချောင်းတစ်ချက်ဟန့်လိုက်၏။ ထိုအခါမှ ပန်းတော်ဝင် ဖခင် ဦးအောင်မျိုးက အံ့အားသင့်ဟန်ကို ဘရိတ်အုပ် ကိုယ်ရှိန်သပ်လျက်…

'လာဟေ့… ထိုင် မောင်ကောင်းကင်၊ သစ်သီးစားဦးကွ၊ ဒီသစ်သီးတွေကတော့ လတ်ဆတ်ပါတယ်'

'ဟုတ်ကဲ့ အန်ကယ်၊ အခုခေတ် သစ်သီးတွေက ပိုးသတ်ဆေးတွေ သုံးတာများတယ်လေ၊ အဲဒါကြောင့် ကျွန်တော်ကတော့ သစ်သီးတွေကို ရေသန့်သန့် ပေါပေါများများနဲ့ လေးငါးဆယ်ကြိမ်လောက်မှ မဆေးကြောထားရင် မစားဝံ့ဘူးခင်ဗျ၊ ဖြစ်နိုင်ရင် ပဲဆီသန့်နဲ့ ဆီပူလေးထိုးပြီးမှ စားချင်တာ ဟဲ… ဟဲ'

ပန်းတော်ဝင်တို့ မိသားစု သုံးယောက်လုံး အံ့အားသင့်ဟန်မှာ ဖုံးဖိ၍မရ။

'အန်ကယ်… ကျွန်တော့်မိဘတွေကို ဘာများမှာစရာရှိပါသေးလဲ ခင်ဗျာ'

'မမှာ… မမှာတော့ပါဘူးကွယ်'



ဦးအောင်မျိုးမှာ ထစ်ထစ်ငေါ့ငေါ့သာ ပြန်ပြောနိုင်ရှာသည်။ ပြီးမှ ဆက်၍…

'နောက်မှ မင်းအဖေဆီကို အန်ကယ် ဖုန်းဆက်လိုက်ပါ့မယ်ကွာ၊ လောလောဆယ်တော့ မင်းကို အန်ကယ်တစ်ခုလောက် ပြောချင်တယ်'

'ပြောပါ အန်ကယ်'

'ထမင်းဝိုင်းမှာ မောင်ကောင်းကင်ရဲ့ အပြုအမူတွေဟာ ယဉ်ကျေးမှုအစဉ်အလာနဲ့ နည်းနည်းဆန့်ကျင်နေသလားလို့'

'ကျွန်တော် ဘာအမှားတွေများ လုပ်ခဲ့မိလို့လဲ အန်ကယ်'

'ပြောခဲ့တဲ့ စကားတွေက ဧည့်သည်မဆန်ဘဲ အိမ်ရှင်ကို စော်ကားသလိုဖြစ်နေတယ်ကွဲ့'

'သြော်… အဲဒါလား၊ ကျန်းမာရေးနဲ့ ညီညွတ်မျှတစွာ နေထိုင်တတ်အောင်လို့ ကျွန်တော်က စေတနာနဲ့ အကြံပေးခဲ့တာပါ၊ အန်ကယ်တို့ အနေနဲ့ နောက်တစ်ခါ ဧည့်သည်ကို ထမင်းဖိတ်ကျွေးမယ်ဆိုရင် သန့်ရှင်းလတ်ဆတ် အရသာရှိတဲ့ ထမင်းဝိုင်းမျိုး ပြင်ဆင်တတ်အောင်လို့ပါ'

'အခု ထမင်းဝိုင်းက မောင်ရင်ပြောသလောက် ညစ်ပတ်နေလို့လား'

'ကျွန်တော် တစ်ဆင့်ချင်း ရှင်းပြခဲ့ပြီးပြီလေ၊ ကျွန်တော်ပြောခဲ့တဲ့ စကားတွေကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဆရာဝန်ကြီးတွေကလည်း တညီတညွတ်တည်း ထောက်ခံကြမှာပါ၊ ပြီးတော့'

'ပြီးတော့ ဘာဖြစ်လဲ၊ ပြောပါဦး'

'မသန့်ရှင်းမလတ်ဆတ်တဲ့ အစားအသောက်တွေကို စားမိရင် ရောဂါရမယ်၊ ရောဂါဖြစ်ရင် ဆေးကုသစရိတ်တွေက ကွယ်တာ

www.burmeseclassic.com



မဟုတ်ဘူး၊ အထူးကုဆေးခန်းကြီးတွေမှာပဲကြည့်၊ ရောက်တာနဲ့ စပေါ်ငွေက အရင်တောင်းတာ၊ နှင့်ခနဲပဲ၊ ကျွန်တော့်စကားက တစ်ဘက်ကတွေးရင် မိသားစုအတွက် ငွေကိုထိန်းသိမ်းပေးရာလည်း ရောက်ပါတယ်'

'အေး… အေး… ဟုတ်ပါ့ကွာ၊ မောင်ရင့်တောင် ကျေးဇူးတင်ရမလိုပါဘဲ၊ ဒါပေမဲ့ ဒီမှာ မောင်ကောင်းကင်၊ အန်ကယ်တို့နဲ့ မောင်ရင့်မိဘတွေက စီးပွားရေးမိတ်ဖက်တွေပါ၊ နေရာတကာ ကိုယ်မှန်တယ်ထင်တိုင်း အရမ်းကာရော ပွင့်လင်းတာက တစ်ဘက်သားကို ထိခိုက်စေနိုင်တယ်ဆိုတာကို သိထားရမယ်ကွ၊ အန်ကယ့်အနေနဲ့ မောင်ရင့် ဆက်ဆံပုံတွေကို မကြိုက်လို့ မကြိုက်တဲ့အတိုင်း ဆက်ဆံလိုက်ချင်တယ်၊ ဒါပေမဲ့ မောင်ရင့်မိဘတွေရဲ့ မျက်နှာကြောင့်…'

'တဆိတ်ခင်ဗျာ… အန်ကယ်ပြောတာ အားလုံးမှန်ပါတယ်၊ နားထောင်သင့်တဲ့ စကားတွေပါ၊ အခုအချိန်မှာတော့ ကျွန်တော့်ဘက်က ကျွန်တော်ဖြစ်ချင်တဲ့ အရိုးသားဆုံး စကားတချို့ကို ပြောချင်ပါတယ်၊ ထိခိုက်တယ် မထင်ပါနဲ့၊ ကိုယ့်ဘာသာကိုယ် ပြောတာပါ၊ ပြောခွင့်ရှိမယ်ဆိုရင် ပြောချင်ပါတယ်'

'ဘာလဲ၊ မောင်ရင်က လူကြီးတွေစီစဉ်တဲ့ ကိစ္စကို လက်မခံနိုင်လို့ ကပျက်ယပျက် လုပ်တာလား၊ ဒါဆို အန်ကယ်တို့ဘက်က အခုပဲ ရုပ်သိမ်းပေးမယ်'

'မဟုတ်ပါဘူး အန်ကယ်၊ ကျွန်တော်ပြောချင်တဲ့ ရိုးရိုးသားသား စကားဆိုတာက…'

ကောင်းကင်က စကားကို ခေတ္တရပ်ဆိုင်းပြီး ဦးအောင်မျိုး၊ ဒေါ်မိုးမိုးသင်းနှင့် ပန်းတော်ဝင်တို့၏ မျက်နှာတွေကို လိုက်ဖတ်လိုက်၏။ သူပြောမည့် စကားအပေါ် အားလုံးအာရုံစူးစိုက်နားစွင့်နေကြဟန် ပေါ်လွင်နေကြောင်း တွေ့ရမှ သူ့စကားကို ဆက်လိုက်၏။



'ကျွန်တော် အိပ်ချင်နေပြီ၊ အခု အရမ်း… အရမ်းကို အိပ်ချင်နေပါတယ်၊ အိမ်ပြန်ပြီး နှစ်နာရီလောက် စိမ်ပြေနပြေ အိပ်ပါရစေ'

ကောင်းကင်၏ စကားအဆုံးတွင် ဦးအောင်မျိုး ခေါင်းခါရမ်းသွား၏။ ဒေါ်မိုးမိုးသင်းက မဲ့ခနဲ မျက်နှာပျက်သွား၏။ ပန်းတော်ဝင်ကမူ ပီဘိဖယောင်းရုပ်ထုမျက်နှာနှင့်…

❦

ကောင်းကင်၏ စကားဆုံးသောအခါ ဗလက အားပါးတရ ဟားတိုက်ရယ်မော၏။ သူရက ထိုင်နေရာမှ ရုတ်တရက်ထ၍ ဗလကို နားရင်းတီးကာ…

'နေပါဦး လူ့ဗာလရ၊ မစဉ်းမစားနဲ့ အတင်းကာရော ဟားနေရလား'

'ဟားမှာပေါ့ကွ၊ သွားကြည့်တဲ့ အိမ်ထောင်ဖက်ကို မကြိုက်ရင် ဒီပြင်နည်းတွေနဲ့ ရိုးရိုးသားသား ငြင်းပါလား၊ ခုတော့ နေရင်းထိုင်ရင်း ငပေါကြီး၊ ဂေါက်ကြောင်ကြီး ဖြစ်သွားရပြီ'

'အေးကွာ၊ ဟုတ်ပ၊ နေပါဦး ကောင်းကင်ရ၊ အဲဒီကောင်မလေးက မချောလို့လား၊ မတော်လို့လား'

'ချောလည်းချော၊ တော်လည်းတော်တယ်'

'ဒါနဲ့များကွာ'

'မဒါနဲ့နဲ့၊ သူနဲ့ငါ စပြီးတွေ့ဆုံပွဲကို မင်းတို့မှ မသိသေးတာ၊ သိပ်ပြီးလှုပတာကွ'

'ဒါဆို… လုပ်… လုပ်စမ်းပါဦးကွာ'

ဗလနှင့် သူရ အငမ်းမရ မျက်နှာများဖြင့် ကောင်းကင်အပေါ်း တိုးကပ်လာကြ၏။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ပလက်ဖောင်းပေါ်တွင် လူလေးငါးယောက် ဝိုင်းအုံကြည့်နေတာ တွေ့ရ၏။ စပ်စုလိုသည့် နဂိုဗီဇကြောင့် ကောင်းကင်လည်း လူကြားထဲ အတင်းဖြဝင်ကြည့်၏။

ပလက်ဖောင်းပေါ်တွင် ကလေးငယ်တစ်ယောက် စိတ်ကောက်ကိုကျ ငိုယိုနေသကဲ့သို့ ဖင်ထိုင်ချကာ အော်ဟစ်ငိုယိုနေသော အသက်ခုနစ်ဆယ်ကျော် အရွယ်ရှိမည့် အဘွားအိုတစ်ယောက်ကို တွေ့လိုက်ရသည်။ အဘွားအို၏ နံဘေးတွင် အသားဝင်းဝင်းမွတ်မွတ်လေးနှင့် အတူ ခေတ်မီဝတ်စားဆင်ယင်မှုနှင့် (ငမ်းကြောထ) ငေးမောချင်စရာ ကောင်မလေး တစ်ဦး။ ကောင်မလေးမျက်နှာက အပြုံးလေးအနည်းငယ် စွက်နေသော်လည်း စိတ်ညစ်စိတ်ရှုပ်နေသည့် အမူအရာနှင့်...။

ထိုကောင်မလေးက အဘွားအိုကို မထူဖို့ ကြိုးစားရင်း စကားတွေလည်း တတွတ်တွတ်ပြောနေလျက်။

'ဘွားငယ်... ဘွားငယ်ကို ဘယ်သူဝင်တိုက်သွားတာလဲ၊ သမီးကိုပြ၊ ဘွားငယ်ရှေ့မှာ သမီးဆုံးမပြမယ်၊ ဘွားငယ်လည်း ထ'

ရေခဲမုန့်များ ပေကျံနေသည့် အဘွားကြီး၏ မျက်ရည်မထွက်ဘဲ ညစ်အော်နေသဖြင့် ဝိုင်းကြည့်နေသူများမှာ တဟဲဟဲနှင့် ကျိတ်ရယ်နေကြ၏။ ထိုအချိန်တွင် သူငယ်ပြန်နေပုံရသော အဘွားကြီးက



ရုတ်တရက် ကောင်းကင်မျက်နှာကို လက်ညှိုးတည့်တည့်ထိုးပြကာ ထအော်ပါလေတော့သည်။

'တူ... တူပဲ... မီးမီးကို တူဝင်တိုက်တာ၊ တူ့မှတူ့အစစ်၊ မျက်မှန်ကို နောက်စိချိတ်ထားတဲ့ တူ့ပုံကို မှတ်မိတယ်'

အဘွား၏ စကားကြောင့် ဘေးမှကောင်မလေးက ဆတ်ခနဲ ထရပ်ပြီး မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ကောင်းကင်ကို စိုက်ကြည့်၏။

ကောင်းကင်ရင်ထဲ ထိတ်ခနဲ တုန်လှုပ်သွားစဉ်မှာပင် လျှပ်စီးလက်သကဲ့သို့ လျင်မြန်လှသော ကောင်မလေး၏ လက်တစ်ဘက်က ကောင်းကင်ကို ရိုက်နှက်ချလိုက်၏။

ထူပူစပ်ဖျဉ်းသွားပြီး အဒိုက်ခံလိုက်ရ၍ ကောင်းကင် ကြောင်တောင်တောင်ပင် ဖြစ်သွားမိ၏။

'မှတ်ထား၊ ကိုယ့်အဘွားအရွယ်လောက်ကို ဝင်လည်းတိုက်မိသေးတယ်၊ ပြန်ဆွဲထူရမှန်းတောင် မသိတဲ့လူ၊ ကြည့်စမ်း၊ အခု ရှင်ဝင်တိုက်လို့ ကျွန်မ အဘွားရဲ့ နဖူးနဲ့ ပန်းအုတ်ခုံ ဝင်တိုက်မိတာ၊ နဖူးမှာ ဘုထွက်သွားပြီ၊ ရှင် လုပ်တာ ဘယ်လောက်မိုက်ရိုင်းလိုက်သလဲ ဟင်'

ထိုအခါမှ ကောင်းကင် သတိပြန်ဝင်လာပြီး ဒေါသတွေက အလိပ်လိုက် အလိပ်လိုက် ခုန်ပေါက်ထွက်လာ၏။

'မင်း... မင်း... ဘာတွေပြောနေတာလဲ၊ ငါက အခုမှ ဒီနားကိုရောက်လာပြီး လာရပ်ကြည့်မိတဲ့လူကွ၊ မင်းလွှတ်လွှတ်ကြီး စော်ကားလိုက်တာပဲ'

'ရှင်က မဟုတ်တာလုပ်ထားတဲ့အပြင် ထပ်ပြီး လိမ်ညာနေချင်သေးတယ်၊ ကျွန်မ အဘွားက သူငယ်နည်းနည်းပြန်နေပေမဲ့ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလုပ်သွားတယ်ဆိုတာတော့ မှန်အောင်ပြောနိုင်သေးတယ်ရှင့်၊ ကဲ… ရှင်ဘာဆက်ငြင်းချင်သေးလဲ'

'ကျွတ်… သေတော့မှာပဲ၊ ငါ အမှန်အတိုင်း ပြောနေတာ၊ ဒီနားက လူတွေကို မယုံရင်မေးကြည့်ပါလား'

အနားတွင်ရှိသော လူများက ပြဿနာထဲ မဝင်ချင်ဟန်ဖြင့် တစ်ယောက်မှ ပါးစပ်မဟ။ ကောင်းကင် လှမ်းကြည့်မိသည့် လူတစ်ယောက်က မျက်လုံးချင်းမဆိုင်။ မျက်လွှာချသွား၏။ နောက် တစ်ဦးက သူဘာမှမသိပုံစံဖြင့် နိုင်ငံခြားမင်းသားစတိုင် ပခုံးတွန့်လက်ကားခေါင်းခါပြ၏။ ကျန်လူများက ပြုံးစိစိဖြင့်သာ ဆက်ငြိမ်ကြည့်နေကြ၏။

ကောင်မလေးက ကောင်းကင်ကို အယုံအကြည်မဲ့ဟန်ဖြင့် စိုက်ကြည့်နေရာမှ ပတ်ဝန်းကျင်ထောက်ခံမှုကို ကောင်းကင်မရမှာ သေချာသွားသောအခါ သူမဘက်မှ မှန်ကန်ကြောင်း တစ်ထစ်ချ ယူဆဟန်ဖြင့် သူမ အကြည့်ကို ပြန်ရုပ်သိမ်းလိုက်၏။ ပြီးမှ သူမ အဘွားကို ဖေးမတွဲထူလိုက်ပြီး ထွက်သွားရန် ခြေလှမ်းပြင်၏။

ကောင်းကင်မှာမူ အချောင်သက်သက် ခံရသဖြင့် ဒေါသ အထွက်ကြီးထွက်နေရာမှ ဘယ်လိုဖြေသာသွားအောင် ဆက်လက်ဖောက်ခွဲရမလဲဟု စဉ်းစားရခက်ခဲကျဉ်းကျပ်သွား၏။ သို့သော်…

'ဒီမှာ'

ကောင်းကင်က လေသံပြင်းပြင်းနှင့် ခေါ်လိုက်၏။ ထွက်သွားဟန်ပြင်နေသည့် ကောင်မလေးက အဘွားအိုကို တွဲကိုင်ထားရာမှ ဆတ်ခနဲ လှည့်ကြည့်၏။

'ငါ မင်းကို မကျေနပ်ဘူး၊ ငါဘာအပြစ်မှ မလုပ်မိဘဲနဲ့ ငါ့ကို မင်း ပယ်ပယ်နယ်နယ် ရိုက်သွားတာကို ငါ လုံးဝမကျေနပ်ဘူး ကွ'



ကောင်မလေးက မဲ့ပြုံးတစ်ချက်ပြုံးကာ…

'ကလေးစကားပဲ ပြောလိုက်မယ်၊ မကျေနပ်ရင် လေဖြတ်သေလိုက်၊ ရှင်ဝင်တိုက်လို့ ကျွန်မအဘွား နဖူးရောင်သွားတဲ့အတွက် ဒီလောက်ပဲ ဆုံးမရသေးတာကိုလည်း ကျွန်မက ကျေနပ်သေးတာ မဟုတ်ဘူးဆိုတာ ရှင် မြဲမြဲမှတ်ထားပါ'

မိန်းကလေးဖြစ်နေ၍ ကောင်းကင်မှာ လက်တုံ့မပြန်နိုင်သာ။ အဘွားအိုကလည်း ကောင်းကင် အရိုက်ခံရတာကို ကျေနပ်ဝမ်းသာသွားဟန်ဖြင့် လက်ခုပ်လက်ဝါးတီးပြီး ကောင်မလေးဘက်က အပြတ်အားပေးနေ၏။

နေရာမှ ထွက်သွားသော ကောင်မလေးနှင့် အဘွားအို နောက်သို့ ကောင်းကင် လိုက်သွားပြီး ကောင်မလေး၏ လက်မောင်းနုနုကို ဆုပ်ကိုင်၍ သူ့ဘက်အတင်းဆွဲလှည့်လိုက်၏။

'ရှင်… ရှင်… ဒါဘာလုပ်တာလဲ၊ မြို့လယ်ခေါင်ကြီးမှာ ယောကျ်ားရင့်မာကြီးတန်မဲ့ ကျွန်မတို့ မြေးအဘွားကို ရန်ရှာမလို့လား'

အဘွားအိုကလည်း သူ့မြေးလို သံယောင်လိုက်ပြီး မဲ့ပြုံးပြုံးကာ ဝင်ပြောသည်။

'ဟုတ်တယ်၊ ရန်ရှာမလို့လား'

ကောင်းကင်မှာ အဘွားအိုအမူအရာကြောင့် ရယ်ချင်သလိုလို ဖြစ်သွားသော်လည်း ကောင်မလေးကိုသာ ဦးတည်၍…

'ပြေူးကပဲ ပြရသေးတယ်၊ ရန်ရှာစော်ကားသွားတာက မင်းကွ၊ ငါ မဟုတ်ဘူး၊ ဒီလူကြားထဲမှာ အရှက်ဟက်တက်ကွဲအောင် လုပ်သွားခဲ့တယ်၊ ဒီလူကြားထဲမှာပဲ မင်း ငါ့ကို အနူးအညွတ်ပြန်တောင်းပန်မှ မင်းကို ငါ သွားခွင့်ပေးနိုင်မယ်'

'အောင်မယ်၊ ဘာလို့တောင်းပန်ရမှာလဲ၊ ရှင့်အပြစ်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ရှင် ပြန်ခံရတာက နည်းတောင်နည်းနေသေးတယ်၊ အဲဒီအတွက် ဖြစ်သင့်တာက ရှင် ကျွန်မတို့မြေးအဘွားကို ထိုင်ကန်တော့ပြီး တောင်းပန်ရမှာ'

ကောင်းကင် စိတ်ရှိလက်ရှိ ကိုင်ဆောင့်ပစ်ချင်စိတ် ပေါက်သွားပြီး ဆုပ်ကိုင်ထားသည့် ကောင်မလေးလက်မောင်းကို အားထည့်ညှစ်လိုက်မိ၏။

ကောင်မလေးမျက်နှာ တစ်ချက်မဲ့ခနဲ ဖြစ်သွားပြီး…

'ကျွန်မ လက်ကို ရှင်က ပိုင်စိုးပိုင်နင်း လာကိုင်ထားတယ်၊ လွှတ်… အခုလွှတ်နော်၊ ကျွန်မ အော်လိုက်မယ်'

အဘွားအိုကလည်း…

'အော်လိုက်မယ်၊ အော်လိုက်မှာနော်'

ကောင်းကင် အထိတ်တလန့်ဖြင့် လက်ကိုလွှတ်ပေးလိုက်ရသည်။ မြို့ထဲမှာမို့ များပြားလှသည့် လမ်းသွားလမ်းလာများက ငုံ့စောင်းကြည့်လာသည်။ ဆိုင်ခန်းများထဲမှလည်း မတ်တပ်ရပ်ကြည့်လာကြ၏။

ကောင်မလေးက ကောင်းကင် မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ပြီး မဲ့ရွဲ့ပြီးမှ ဟင်းခနဲ မျက်နှာလွှဲကာ အဘွားအိုကို တွဲလျက်ထွက်ခွာသွား၏။ မလှမ်းမကမ်း ကားရပ်နားရာနေရာတွင် ရပ်တန့်ထားသော စူပါဆလွန်းတစ်စီးထဲသို့ မြေးအဘွားနှစ်ဦး ဝင်ထိုင်ကြ၏။

ကောင်မလေး ကိုယ်တိုင် မောင်းထွက်ရန် ပြင်နေစဉ် ကောင်းကင်က လမ်းချိုးထဲတွင် ရပ်ထားသော မိမိကားဆီ ပြေး၍ အလျင်အမြန်စက်နှိုးလိုက်သည်။

ကောင်မလေး၏ ကားထွက်လာမှ သူ့ကားကို ကောင်မလေးကားနောက်သို့ အလိုက်သင့် မောင်းဝင်လိုက်သည်။ ပြီးနောက် ကောင်မလေးကားသွားရာနောက်သို့…



အစော်ကားခံလိုက်ရသည့် ပြဿနာအတွက် ရေကုန်ရေခမ်းရှင်းပစ်ရမှ ကျေနပ်တတ်သည့် အကျင့်မျိုးရှိသော ကောင်းကင်အတွက် လမ်းကြောင်းမှာကား…။

'နေစမ်းပါဦး ကောင်းကင်ရ၊ မင်း ပေါကြီး၊ ဂေါက်ကြောင်ကြီးဖြစ်ခဲ့ရတဲ့ ဇာတ်လမ်းနဲ့ အခုပြောတဲ့ မြို့ထဲမှာ အတီးခံရတဲ့ဇာတ်လမ်းက တခြားစီ၊ ပူတာအိုနဲ့ ကော့သောင်းလိုပဲ'

'လာမယ်လေ သားကြီးရဲ့၊ နားငြီးစရာဖြစ်အောင် ဝင်… ဝင်မပွားနဲ့၊ နောက်ပိုင်း အကန့်လေးတွေ နားထောင်ပြီးရင် မင်းကိုယ်တိုင် လင်းသွားလိမ့်မယ်'

'တိတ်စမ်းပါ ဗာလရာ၊ ကောင်းကင် ဆက်ပြော၊ အဲဒီလှတပတ ကောင်မလေးအိမ်ကို မင်းတွေ့လား၊ ဘာဆက်ဖြစ်လဲ'

'ဟေ့ကောင် ငါ့နာမည် ဗလကွ၊ ဗလ၊ ဗာလမဟုတ်ဘူး'

'မင်းအဖေ အမေ ဘယ်လိုပဲနာမည်မှည့်မှည့် ငါတို့အတွက်တော့ မင်းလောက်ပိန်းတဲ့ကောင် ဗာလမှ ဗာလပဲ'

'ဟေ့ကောင်'

'ကဲ… နှစ်ကောင်လုံးတော်၊ မကိုက်ကြနဲ့တော့၊ ငါ ရေနွေးထပက်မိတော့မယ်၊ ငါ့မှာ ပြောစရာ အများကြီးကျန်သေးတယ်'

'အိုကေ ဆက်ပြော'

www.burmeseclassic.com

www.burmeseclassic.com

ထက်ထက်မြက်မြက်နှင့် လက်သွက်ခြေသွက်ရှိလှသောမိန်းမလှလေးနေသည့် အိမ်နှင့်ခြံအမှတ်ကို ကောင်းကင် သိခဲ့ရသည်။ ခြံကျယ်၊ အိမ်ကျယ်ဖြင့် ဆိတ်ငြိမ်ရပ်ကွက်တွင် နေထိုင်တတ်သော အနံ့ကြီးကွင်းကျယ်သမားမှန်း သိရသဖြင့် ကောင်းကင် ပို၍လို့ပင် ဆုံးမချင်နေမိ၏။

တစ်ရက်ခန့် အိမ်ပြန်အောင်းပြီး ဘယ်လိုတုံ့ပြန်ရမလဲ ဆိုသည်ကို စဉ်းစားခန်းဝင်နေမိ၏။ မိန်းမလှလေးတစ်ယောက်ကို မြင်လျှင် ရင်ခုန်ရမည်ဖြစ်သည်။ သို့သော် ရင်ခုန်ရမည့်အရေးထက် လက်တုန့်ပြန်နိုင်ရေးကိုသာ ကောင်းကင် ပါးပွတ်ပြီး အမျိုးမျိုးစဉ်းစားနေ၏။ ပါးပါးလေးနှင့် ထိရောက်ရမည်။ ထိုကောင်မလေး စိတ်ကသိကအောက် ကြီးကြီးမားမား ဖြစ်လျှင် ကောင်းကင် ကျေနပ်ပြီ။

နောက်ဆုံး၌ စဉ်းစားလေ ခေါင်းရှုပ်လေဖြစ်လာ၍ အခြေအနေကို မီးစင်ကြည့်ကရန် ဆုံးဖြတ်ကာ ကောင်မလေး အိမ်ပြင်ထွက်ချိန်ကို စိတ်ရှည်လက်ရှည် သွားစောင့်ကြည့်နေမိ၏။

နှစ်ရက်ခန့် လုံးဝအဝင်အထွက်မတွေ့။ နှစ်ရက်ကျော်မှ ကောင်မလေး စီးတတ်သည့် ရုပါဆလွန်းကားလေး ခြံထဲဝင်လာသည်။

ကားပျက်ချင်ယောင်ဆောင်၍ ဖွင့်ထားသော ကားဘောနက်အဖုံးကို မပိတ်သေးဘဲ ဆိုက်ထိုင်စောင့်သည်။ နာရီဝက်ခန့်အကြာတွင် ကောင်မလေး ကားပြန်ထွက်လာသဖြင့် ဘောနက်အမြန်ပိတ်ကာ ကောင်မလေး ကားနောက်မှ အသာမှေးလိုက်ခဲ့သည်။

ကောင်မလေး ရိပ်မိမှာစိုးသဖြင့် ကပ်မလိုက်ရဲ။ သူ့မကားနောက် တစ်စီးခြား သို့မဟုတ် နှစ်စီးခြားဖြစ်အောင် ထိန်းမောင်းရသည်မှာ ရေရှည်မှာ မလွယ်လှ။ လေးဆယ့်ငါးမိနစ်ခန့် မောင်းပြီးမှ မချောက မီးခိုးရောင်မှန်များအပြည့်တပ်ထားသည့် အလှပြင်ဆိုင်တစ်ခု



ရှေ့တွင် ကားကိုရပ်လိုက်သည်။ ကောင်းကင်လည်း သူ့မကားနှင့် လမ်းမီးတိုင်တစ်တိုင်ခြားခန့်အကွာတွင် ကမန်းကတန်း ကားကိုလမ်းဘေးချရပ်လိုက်ရသည်။

ဘယ်သူမှ ထိမထင်သော မျက်နှာပေးဖြင့် အလှပြင်ဆိုင်ထဲဝင်ရောက်သွားသော မိန်းမလှလေး၏ ကျောပြင်ကို ငေးကြည့်နေရင်းမှ ကောင်းကင် လေတစ်ချက်ကို ချွန်လိုက်မိသည်။

အိတ်ထဲမှ ပီကေတစ်ခုကို ထုတ်၍ အကုန်ဝါးလိုက်ပြီး အချိုရည်ကုန်သွားသည်အထိ အရသာခံစောင့်နေလိုက်၏။

ပါးစပ်ထဲတွင် ပီကေစေးကပ်လာသောအခါမှ မိမိကားပေါ်မှ ဆင်းလိုက်ပြီး အဖြူရောင် ရုပါဆလွန်းကားလေးအနီးသို့ မယောင်မလည် လျှောက်သွားချဉ်းကပ်လိုက်၏။ ပြီးမှ ကားမောင်းသူဘက်မှ တံခါးလက်ကိုင်ပေါ်တွင် ပီကေကို ပိတ်ကပ်လိုက်သည်။

အလှပြင်ဆိုင်ထဲသို့ ဝေ့ကြည့်လိုက်သောအခါ စိတ်ပူစရာအရိပ်အယောင်ပင် မမြင်ရ။ လက်ထဲမှ မိမိကားသော့ကို ရုပါဆလွန်း၏ ရှေ့ဘီးအနီး မသိမသာ ပစ်ချလိုက်သည့်။ ပြီးမှ အလှပြင်ဆိုင်အပါအဝင် ပတ်ဝန်းကျင်ကို နောက်တစ်ကြိမ် လှည့်ရှုလိုက်သေးသည်။ ထို့နောက် ပြုတ်ကျနေသော မိမိသော့ကို ပြန်ကောက်သလိုလိုနှင့် ကားရှေ့ဘီးကို လေလျှော့ပစ်လိုက်၏။ အနီးအနားတွင် လေထိုးဆိုင်တစ်ဆိုင်မှ မရှိနိုင်ဘူးဆိုတာလည်း သေချာနေပါသည်။

လေလျှော့ထားခဲ့ပြီးသည်နှင့် မိမိကားဆီသို့ သုတ်သုတ်ပြန်လာပြီး အမြန်ထွက်ခွာသွားရန် စဉ်းစားမိလိုက်၏။ စဉ်းစားရင်းနှင့် ဘဝင်မကျသလိုဖြစ်မိ၏။ တစ်ခုခုလွဲချော်နေသလိုပင်။ အကြောင်းရင်းကို ခဏတာ ဦးနှောက်အား အလုပ်ပေးလိုက်မှ အဖြေတွေ့သွား၏။

သူ့လုပ်ရပ်ကြောင့် ကောင်မလေး ဒုက္ခလှလှတွေ့ရမှန်း

www.burmeseclassic.com



ကောင်မလေးကိုယ်တိုင် မသိမမြင်နိုင်လျှင် ကောင်းကင်၏ လုပ်ရပ်မှာ အလဟသဖြစ်သွားပေမည်။ ကောင်းကင်ကိုယ်တိုင် သူမကို ဒုက္ခပေး မှန်းသိမှသာ ဒီအခြေအနေရောက်အောင် သုံးလေးရက် ဒုက္ခခံကြိုးစား ခဲ့ရသည်မှာ အဓိပ္ပာယ်ရှိတော့မည်ဖြစ်သည်။

အနည်းဆုံးတော့ ကောင်းကင်ဒုက္ခပေးလိုက်မှန်းကို ကောင် မလေး သိသွားစေချင်သည်။ ဒါမှဒေါသထွက်ပြီး နှုတ်ခမ်းစူ ခြေ ဆောင့်ကာ သည်းသည်းလှုပ် မခံမရပ်နိုင်ဖြစ်နေသည်ကို အရသာခံ ကြည့်ရှုနိုင်မှာဖြစ်သည်။

ကောင်းကင် ကိုယ့်ကားထဲ ကိုယ်ဝင်ထိုင်စောင့်နေလိုက်၏။

နာရီဝက်ကြာ ထွက်မလာ။ တစ်နာရီ ပေါ်မလာသေး။ နှစ်နာရီ အရိပ်အယောင်တောင်မတွေ့ရ။ စောင့်ရသည့် ကောင်းကင် စိတ်တိုလာ၏။ နောက်ဆုံး၌ သူမ ဒေါပွမည်ကို စောင့်နေရသော သူ့ကိုယ်တိုင် ဒေါသထွက်လာရသည့် ကိုယ့်အဖြစ်ကိုယ် တွေးမိပြီး ပြုံးချင်ချင်ဖြစ်လာ၏။ ထိုအချိန်ကျမှ မချောလေးက အလှပြင်ဆင် ပြီး ရှော့ပင်ဘက်လေး တရမ်းရမ်းဖြင့် အလှပြင်ဆိုင်ထဲမှ ကြွကြွ ရွရွ ထွက်လာသည်။

ကောင်းကင် ကားထဲမှ ကြည့်ရမြင်ရသည်ကို အားမရ။ ကိုယ့်ကိုလည်း သူမမြင်စေချင်သေး၏။ ထို့ကြောင့် ကားအပြင်ထွက် ကာ တံခါးကိုမှီလျက် ရပ်ကြည့်နေလိုက်သည်။

ကောင်မလေးက ကားတံခါးသော့ကို ဖွင့်လိုက်၏။ မမြင် သေး။ တံခါးလက်ကိုင်ကို လှမ်းကိုင်လိုက်ချိန်တွင် တစ်ချက်တွေသွား ကာ သူမလက်ကို တံခါးလက်ကိုင်မှ ပြန်ရုပ်ပြီး လက်ဝါးဖြန့်ကြည့် ၏။

ကောင်းကင်ကို ရိုက်ခဲ့သော သူမ လက်ဝါးပြင် နုနုလေးမှာ ပီကေမျှင်တွေ သံယောဇဉ်ဘွယ်သွားရှာလေပြီ။



ကောင်မလေးက သူမလက်မှာ ပေရေစေးကပ်နေသော ပီကေတွေကို မနှစ်မြို့ဟန်ဖြင့် အော့မလို အန်မလိုဖြစ်ကာ ရင်ဘတ်ကို ဖိနေရင်းက ပတ်ဝန်းကျင်ကို တရားခံရှာသည့် မျက်ဝန်းဖြင့် ဝေ့ဝိုက် ကစားလိုက်၏။

သိစေ၊ မြင်စေချင်၍ ရပ်စောင့်နေသည့် ကောင်းကင်ကို လှမ်းတွေ့သွားလေပြီ။ ကောင်းကင်က လက်နှစ်ဖက်ပိုက်ပြီး မိန့်မိန့် ကြီး လှိုက်လှဲစွာ ပြုံးပြလိုက်၏။ အပင်ပန်းခံပြီး တရားခံရှာမနေပါနဲ့၊ ငါလုပ်တာ ဟု မပြောရုံတမယ်။

ကောင်မလေးက သူမဘာသာ တစ်ကိုယ်တည်း ရေရွတ်ပြော ကြားရင်း အလှပြင်ဆိုင်ထဲသို့ ပြန်လှမ်းဝင်သွား၏။ လက်သွားဆေးတာ ဖြစ်ပါလိမ့်မည်။ ခဏအကြာတွင် ပြန်ထွက်လာပြီး ဆိုင်ထဲမှ အသင့် ယူလာသည့် တစ်သျှူးများဖြင့် တံခါးလက်ကိုင်ကို သုတ်သင်စင်ကြယ် နေ၏။

ပြီးသော် ကားထဲမဝင်သေးဘဲ ကောင်းကင်ရှိရာသို့ လှမ်း ကြည့်ပြီး လက်ဝါးတွေရော၊ လက်သီးတွေပါ ထောင်ပြနေပြန်သည်။ အားရလောက်အောင် အသံတိတ်ရန်ထောင်ပြီးမှ ကားထဲကိုဝင်ထိုင် ပြီး တံခါးပိတ်လိုက်၏။ ကားစက်နှိုးပြီး ကားရှေ့ကို အနည်းငယ် မောင်းကာ မကြာမီ ပြန်ရပ်လိုက်၏။ သူမ ကားပေါ်မှ ဆင်းပြီး ရှေ့ဘီးဆီ လှမ်းကြည့်၏။ ရှေ့ဘီးပြားနေသည်ကို မြင်ရမှ ဒေါသ အကြီးအကျယ် ထွက်ဟန်ဖြင့် ကောင်းကင်ကို ဆတ်ခနဲလှမ်းကြည့်၏။

ကောင်းကင် သဘောပေါက်သွားလေပြီ။ စောင့်ကြည့်လူလုံး ပြခန်းမှာလည်း လုံလောက်သွားလေပြီ။ ကောင်းကင်က ကားထဲသို့ ဖျတ်ခနဲ ဝင်၍ စက်နှိုးလိုက်၏။

ရန်မူကုတ်ဖွဲ့မည့်ဟန်ဖြင့် ဒေါင်းတင်မောင်းတင် လျှောက်လာ

www.burmeseclassic.com

www.burmeseclassic.com



နေသော သူမအနီးသို့ မောင်းလာလိုက်ပြီးမှ သူမကို တာ့တာ လုပ်ပြကာ သူမအား ရှောင်ကွင်းပြီး ကားကိုတရှိန်ထိုးမောင်းထွက်လာလိုက်၏။

လမ်းပေါ်တွင် ဒေါသဖြင့် ဆွေ့ဆွေ့ခုန်ကျန်ရစ်ခဲ့သော မချောလေးကို နောက်ကြည့်မှန်မှတဆင့် တွေ့လိုက်ရ၏။

'ဒီလောက်ဆို ကျေနပ်ပြီ' ဟူသော အတွေးဖြင့် ကောင်းကင်လက်ခနဲတစ်ချက်ပြုံးလိုက်လေသည်။

❧

ထိုင်ခုံပေါ်တွင် ဖင်တကြွကြွ ပြုံးရွှင်ရယ်မော နားထောင်နေသော ဗလက ပေါင်ကိုဖျတ်ခနဲတစ်ချက်ပုတ်၍…

'ဒီတစ်ကွက်တော့ အားရတယ်ကွာ၊ ကောင်းကင် မင်း အိုင်ဒီယာက ဒီတစ်ခွင်တော့ လန်းသွားပြီ'

သူရကလည်း…

'အေး… ဟုတ်တယ်၊ ငါလည်း သဘောကျတယ်၊ ပြီးတော့ ပြီးတော့ ဘာဆက်ဖြစ်သေးလဲ'

'ငါလည်း အိမ်ပြန်လာတယ်လေ'

'ဟာကွာ၊ မင်းကလည်း ဇာတ်ရှိန်ကတက်လာရမှာ၊ ဒီတော့ မင်းတို့နောက်ထပ် မတွေ့တော့ဘူးလား'

'တွေ့တော့ တွေ့သေးတယ်ကွ'

ဗလက အားမလိုအားမရစွာဖြင့်…

'ဘယ်လိုလဲ နောက်တစ်ကြိမ်တွေ့တော့ ဒေါသထွက် ရှင်းပြတောင်းပန်၊ ခွင့်လွှတ်၊ ပြေလည် လပ်ဖ်ဆင်းန်လေးတစ်ကဒ်ချင်းပေါ့'



'အေး… လက်ဖ်ဆင်းန်တော့ လပ်ဖ်ဆင်းန်ပဲ၊ ဒါပေမဲ့တစ်မျိုးပဲ၊ နည်းနည်းရှုပ်ထွေးနေတယ်ကွ၊ မင်းပြောသလောက် မရှင်းလင်းဘူး'

'ဒါဆို'

သူရကပါ အားမရစွာဖြင့်…

'မင်းရဲ့မရှင်းလင်းတာကိုပဲ ငါတို့ရှင်းအောင် နားထောင်ပါ့မယ်ကွာ၊ ဆက်ပါဦး'

ကောင်းကင်က ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်နေ၏။

ဗလက စိတ်မရှည်စွာဖြင့်…

'ပြောလေကွာ၊ နားထောင်ချင်ပါတယ်ဆိုမှ၊ အထာကိုင်နေသေးတယ်၊ ရေနွေးရောမနေပါနဲ့တော့ ကိုငပေါကြီးရယ်'

'အဲ… အဲဒီ… မင်းပြောသလို ဖြစ်မှာစိုးလို့၊ ငါ မပြောချင်တာကွ'

'ငါတို့နှစ်ယောက်က မင်းသူငယ်ချင်း အရင်းအချာကြီးတွေ၊ ဘယ်သူထင်ထင် ငါတို့မထင်ဘူး၊ မင်းပြောမှာသာပြော'

'အပြီး… ဒီလိုကွ'

❧ ❧ ❧

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

မိဘနှစ်ပါးက အရေးကြီးသောကိစ္စ ပြောမည်ဖြစ်၍ အိမ်အောက်ထပ် ဧည့်ခန်းသို့ ဆင်းလာပါရန် အိမ်အကူကောင်မလေးက ကောင်းကင်ကို လာခေါ်၏။ အိမ်ပေါ်ထပ်အိပ်ခန်းထဲတွင် တရေးတမောပြန်နှပ်နေသော ကောင်းကင်မှာ ဆက်ယူမနေနိုင်။ ဆင်းလာရ၏။

ဘာအကြောင်းကြောင့် ခေါ်ရတာလဲဟူသော အတွေးဖြင့် ကောင်းကင် ဧည့်ခန်းထဲသို့ ရောက်သွားခဲ့၏။ ဖခင်ဖြစ်သူ ဦးဝင်းလွင်ဦးက ကောင်းကင် ဆက်တီမှာ အသာဝင်ထိုင်ပြီးချိန်ကို စောင့်၏။ မိခင်ဖြစ်သူ ဒေါ်ချိုမာက တစ်ဦးတည်းသော သားဖြစ်သည့် ကောင်းကင်ကို ကလေးတစ်ယောက်အသွင် မှတ်ထင်နေသောအကြည့်ဖြင့် ကြည့်နေ၏။ ဖခင်ထံမှ စတင်ပေါက်ကွဲထွက်လာသံက အိပ်ချင်စိတ်မကုန်ချင်သေးသည့် ကောင်းကင်ကို မျက်စိကျယ်သွားစေ၏။

'မင်းအချိုးကို ခုထက်ထိ မပြင်သေးဘူးလား'

'ဗျာ... သား ဘာလုပ်နေလို့လဲ ဖေဖေရ'

'မင်း ဒီအသက်အရွယ်ရောက်နေတဲ့အထိ ကိုယ့်ကိုယ်ကိုယ်အားကိုးလို့ရမယ့် အလုပ်တစ်ခုခုကို ပီပီပြင်ပြင် လုပ်ဖို့ ဘာမှမစဉ်းစားသေးဘူးလား'



'စဉ်းစားထားပါတယ်၊ ကျွန်တော် ဒီနှစ် ဆယ်တန်းပြန်ဖြေဖို့ စာကျက်နေပါတယ်'

'တော်စမ်းပါကွာ၊ ဆယ်တန်းကို မင်း ပြန်ဖြေနေတာ ဆယ်နှစ်ရှိတော့မယ်၊ ဆရာစုံ၊ ကျူရှင်စုံနဲ့ ငွေတွေသောက်သောက်လဲကုန်အောင် သင်ပြီး ဖြေခဲ့တာတောင် မင်း အောင်လို့လား၊ စိတ်လျှော့လိုက်တော့၊ ပညာရေးမှာ မင်းဖြစ်ဖြစ်မြောက်မြောက် ထွန်းပေါက်ဖို့လမ်းမမြင်တော့ဘူး၊ ပညာမရှိရင် ပိုက်ဆံရှိမှ လူရာဝင်တာကွ၊ ဒါကြောင့် စီးပွားရေးကို ဦးစီးဦးဆောင်လုပ်ကိုင်နိုင်မဲ့ အတတ်ပညာတွေ သင်ပါ၊ အလုပ်သင်အနေနဲ့ အားလုံးတတ်ထားအောင် သင်ယူပြီး အလုပ်ရှင်အနေနဲ့ ငါ့ရဲ့စီးပွားရေးလုပ်ငန်းတွေ မင်းတာဝန်ယူပါဆိုပြီး ငါ ခဏခဏ ပြောခဲ့တယ်၊ ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနဲ့ ငြင်းပြီး မင်းရှောင်နေတာ ဘယ်လောက်ကြာပြီလဲ'

ဖခင်ဖြစ်သူ ပြောစကားတွေ မှန်နေ၍ ကောင်းကင် ခေါင်းငုံ့ခံနေရ၏။ မိခင်ဖြစ်သူက ကြင်နာသောလေသံဖြင့်...

'သားဟာ မေမေတို့ရဲ့ တစ်ဦးတည်းသော သား၊ သူများသားသမီးတွေလို ပညာရေးမှာမထွန်းပေါက်နိုင်ရင်လည်း စီးပွားရေးမှာ ထူးချွန်ပေါက်မြောက်အောင် ကြိုးစားရမယ်ကွယ့်၊ ဒါမှ လူရာဝင်မှာ၊ မေမေတို့မှာ ဥစ္စာဓနရှိသင့်သလောက် ရှိတယ်ဆိုပေမဲ့ သားကိုယ်သားအားကိုးတတ်အောင် ကြိုးစားရမယ်၊ မေမေတို့ ပိုင်ဆိုင်သမျှဟာ သားအတွက်ပဲ၊ အဲဒါ သားသိတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ သိပါတယ် မေမေ'

'အေး... ဒါပေမဲ့ မေမေတို့ မိဘနှစ်ပါးစလုံး ဒီလောကကို မျက်ကွယ်ပြုသွားရင် ဟိုပုံပြင်ကဗျာထဲက သူဌေးသားလေးလို ဘာမှ မတတ်လို့ ဘာမှမလုပ်ဘဲ သုံးဖြုန်းပျော်ပါးလို့ ကုန်သွားခဲ့ရင် သား

www.burmeseclassic.com

www.burmeseclassic.com



ဘဝဟာ ဒုက္ခရောက်ရတော့မယ်၊ သားမှာ အကူအညီရစရာ ညီအစ်ကို မောင်နှမ အရင်းအချာလည်း ရှိတာမဟုတ်ဘူး၊ ဒါကြောင့် မိဘနှစ်ပါးလုံးက သားရဲ့ရှေ့ရေးကို မျှော်တွေးပြီး ကိုယ့်ဘဝကိုယ် အားကိုးတတ်တဲ့ ပုံကိုင်ရှင်ဖြစ်အောင် သားကို အမြဲလိုလို ဆုံးမပြစ်တင်ပြီး လမ်းညွှန်နေရတာပေါ့ကွယ်'

'ဟုတ်ကဲ့၊ သား သဘောပေါက်ပါတယ်၊ သား အလုပ်လုပ်ဖို့ စဉ်းစားနေပါပြီ၊ သားသမီးချင်ယှဉ်ရင် မေမေကို အမြဲမျက်နှာငယ်ခဲ့ရတဲ့ အဖြစ်ကို သား မမေ့ပါဘူး'

'ဒီစကားလုံးတွေနဲ့ မင်းက တို့ကို လှည့်စားနေတာ ဘယ်လောက်ကြာပြီလဲကွ'

ဖခင်ဖြစ်သူ စကားကြောင့် ကောင်းကင် လေသံမှုထပ်မထွက်ရဲသလို ရှိနေစဉ်မှာပင် မိခင်က…

'ကဲပါ ဖေကြီးရယ်၊ သားကို ခေါ်ပြောချင်တဲ့လိုရင်းအကြောင်းကိုသာ ပြောလိုက်ပါတော့၊ အချိန်တန်ရင် သူ့အပြစ်သူ မြင်ပြီး ပြင်သွားမှာပေါ့'

'ဟော့ကောင်… ကောင်းကင်'

'ဗျာ'

'မင်း မကြာခင် မိန်းမယူရလိမ့်မယ်'

'ဖေဖေကလည်း ဆိုင်းမဆင့် ဗုံမဆင့်'

'မိန်းမပေးစားတာ ပါဋ္ဌိပါဌ်သား နဘေကဗျာနဲ့ ဆိုင်းဗုံဆင့်နေရဦးမှာလားကွ'

'အဲလိုတော့ မဟုတ်ဘူးပေါ့ ဖေဖေရယ်၊ ဒါပေမဲ့…'

'တော်… မရှည်နဲ့၊ မင်းဟာ ငါတို့ရဲ့ တစ်ဦးတည်းသော သား၊ မျိုးဆက်ပြတ်သွားလို့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး၊ နောက်ပြီး



အိမ်ထောင်ကျသွားမှ မင်းခြေငြိမ်ပြီး စီးပွားရေးကို လူလူသူသူ လုပ်လာလိမ့်မယ်၊ အိမ်ထောင်သည်ဘဝရောက်မှ မင်းရဲ့ အကျင့်စရိုက်တွေ မဖြစ်မနေ ပြောင်းလဲလာလိမ့်မယ်၊ ဒါကြောင့် ငါတို့စီစဉ်တာ'

ကောင်းကင်မှာ အံ့အားသင့်လွန်း၍ ဘာပြန်ပြောရမှန်းပင် မသိ။ မိခင်ဖြစ်သူက ကြည်သာလာဟန်ရှိသော မျက်နှာဖြင့်…

'ဟုတ်တယ် သား၊ မိန်းကလေးက မေမေတို့နဲ့ စီးပွားဖက် မိတ်ဆွေတစ်ယောက်ရဲ့ သမီးလေး၊ လှလိုက်တာလည်း ဥပြီးမှုန်နေတာပဲ၊ နာမည်လေးက ပန်းတော်ဝင်တဲ့၊ မနှစ်ကမှ သချာၤအဓိကနဲ့ ကျောင်းပြီးထားတာ၊ ပစ္စည်းဥစ္စာလည်း ကုံလုံပြီးသား၊ ပန်းတော်ဝင်က သားလိုပဲ တစ်ဦးတည်းသော သမီး၊ ပန်းတော်ဝင် မိဘတွေကိုယ်တိုင်က မေမေတို့နဲ့ ဆွေမျိုးတော်စပ်ချင်လွန်းလို့ သားရဲ့ပညာရေး အခြေအနေကို ငဲ့တွက်မနေဘဲ သဘောတူထားကြတာကွယ့်'

'သားက အလုပ်လည်းမရှိသေးဘူး၊ နောက်ပြီး သူက သားထက် ပညာတတ်နေတော့ သားကို'

ကောင်းကင် စကားဆက်ရန် ခက်နေ၍ ရပ်ထားလိုက်စဉ် ဖခင်ဖြစ်သူက မျက်မှောင်ကြုတ်၍ ကြည့်နေ၏။

'ပညာတတ်တော့ ကောင်းတာပေါ့ကွ၊ ဘာလဲ မင်း အနိုမ်ခံရမှာ ကြောက်နေလို့လား၊ လွယ်ပါတယ်ကွာ၊ သူ မနှိမ်နိုင်အောင် အထင်မသေးဝံ့အောင်လို့ မင်းက စီးပွားရေးနယ်ပယ်မှာ စွမ်းဆောင်ရှင်တစ်ယောက်အဖြစ် အောင်မြင်အောင် ကြိုးစားရမှာပေါ့ကွ၊ မင်းထက် ပညာမြင့်တဲ့ မိန်းမကို လက်ထပ်ပေးမှ မခံချင်စိတ်နဲ့ မင်းကြိုးစားမှာ၊ နိမ့်တဲ့မိန်းမဆိုရင် မင်း ဒီလိုပဲ ဖွတ်ကျားပုံစံနဲ့ နှစ်ဖက်မိဘစည်းစိမ်တွေ တတိတိကုန်တဲ့အထိ သုံးဖြုန်းပြီး လူလုံးမလှတဲ့ဘဝကို ရောက်အောင်သွားဦးမယ့် မဟုတ်လား'

www.burmeseclassic.com



'ကျွန်တော် အဲဒီလောက်ထိ မမိုက်မဲပါဘူး ဖေဖေ'

'အခု မင်းအကျင့်နဲ့ အချိုးက အဲဒီလမ်းပဲ ဦးတည်နေတာ မင်းကိုယ်မင်း ပြန်စဉ်းစားမိရဲ့လား'

မိဘနှစ်ပါး၏ ညှပ်ပူးညှပ်ပိတ် ဆုံးမမှုကြောင့် ကောင်းကင် မလှုပ်သာ မလှည့်သာဖြင့် နားပူဒဏ် လိမ့်ခံနေရ၏။

'မင်းနဲ့ လက်ထပ်မယ့် မိန်းကလေးကို လေ့လာရေး သဘော နဲ့ မင်း ဒီနေ့ပဲ အဲဒီမိန်းကလေးအိမ်ကို သွားလည်ရမယ်'

ကောင်းကင်က သူ့ဖခင်မျက်နှာကို ပြုံးပြီးကြည့်လိုက်၏။

'ပြုံးပြမနေနဲ့၊ သူ့မိဘတွေကို ငါတို့အကြောင်းကြားထား ပြီးပြီ၊ သူတို့လည်း သူတို့သမီးကို နားချထားပြီးလောက်ပြီ'

ဖခင်စကားအဆုံးတွင် မိခင်ဖြစ်သူက ထပ်ပြောလာပြန်သည်။

'ကဲ… သား၊ အခု ရေချိုး အဝတ်အစားလဲ၊ ပြီးရင် သွား ပေတော့၊ နေ့လည် ဆယ့်တစ်နာရီအရောက်သွားနော်၊ လမ်းမှာ ဘယ် သူငယ်ချင်းတွေဆီကိုမှလည်း သဝေထိုးမနေနဲ့ဦး၊ ဟိုကမင်းကို နေ့လည်စာပါ ကျွေးမယ်လို့ ပြောထားတယ်၊ ဘာပဲဖြစ်ဖြစ် မင်း ပန်းတော်ဝင်ကို အသေးစိတ်လေ့လာခဲ့ပေတော့'

'မင်း ပန်းတော်ဝင် မဟုတ်ပါဘူး မေမေရယ်၊ မေမေတို့ ပန်းတော်ဝင်ပါ'

'ကြည့် မင်းသား အခုကတည်းက ဖောက်လာပြီ၊ မရှည်နဲ့၊ သွား… အခုချက်ချင်း ရေချိုးတော့'

မိခင်ကို ပြောရင်း တဆက်တည်း သူ့ကိုပါ ပိတ်ဟောက် လာသည့် ဖခင်မျက်နှာကြောင့် ကောင်းကင် သုတ်ခနဲ အပေါ်ထပ်သို့ ပြေးတက်လိုက်ရသည်။

ရေအမြန်ချိုးပြီးသောအခါ ရေခြောက်အောင်သုတ်၍ အမွှေးနံ့



သာ ဆွတ်ဖျန်းလိုက်သည်။ လွတ်လပ်ပေါ့ပါးသော ဝတ်စုံကို ရွေး ဝတ်လျှင် အဆူခံထိနေဦးမည်မို့ ရှပ်အင်္ကျီလည်ကတုံးနှင့် ပိုးတွဲအကွက် စိပ်လုံချည်တစ်ထည်ထုတ်ကာ ဝတ်ဆင်လိုက်၏။ ဆံပင်ကို ဂျယ်လိမ်း ၍ ပုံကျအောင် လှန်ဖြီးပြီးသောအခါ မှန်ထဲတွင် သပ်ရပ်သားနားနေ သော သူ့ပုံကြီးပေါ်လာ၍ ကောင်းကင် သွားကြီးဖြီးမိသွား၏။

ဘာလိုလိုနှင့် မကြာမီ အိုရဦးမည့်အရေးကို တွေးကာ ရင်ထဲ တွင် တစ်မျိုးတစ်မည်ကြီး ခံစားလာရ၏။

နာမည်လေးက ပန်းတော်ဝင်တဲ့။

ဘယ်လောက်တောင် ချောလှနေလဲ မသိ။

လူကြီး အကြည့်နှင့် လူငယ်အကြည့်။ လူကြီးအကြိုက်နှင့် လူငယ်အကြိုက် တူချင်မှ တူကြမှာမို့ သူ့အထင် သူ့မိခင်က မှန်ဥနေ သည်ဆိုသည့် မိန်းမမှာ တစ်ပတ်လျှိုဆံထုံးနှင့် ပုံတုံးတုံး အေးအေး ရိုးရိုးကြီးများလား မသိ။

ဟုတ်သော်ရှိ မဟုတ်သော်ရှိ လူကြီးတွေ အပြစ်တင်မခံရ အောင်တော့ သွားတွေ့မှဖြစ်ပေလိမ့်မည်။ ဧည့်ခန်းထဲသို့ ကြွကြွရွရွ ဆင်းလာခဲ့၏။

သူ့မိခင်က သူ့ဖခင်ကို တံတောင်နှင့် အသာတွက်၍ သူ့ဘက် ကို အသာမေးငေါ့ပြ၏။ သူ့ဖခင်က သတင်းစာဖတ်လက်စကို ခေါက် ပြီး သူ့ကိုမျက်မှန်ပေါ်မှ ကျော်၍ အသာကြည့်၏။

'ကျွန်တော် သွားတော့မယ်'

ကောင်းကင်၏ ဖခင်က ခေါင်းဆတ်ပြ၏။ မိခင်က ခေါင်း ညိတ်ရုံဖြင့် အားရသေးဟန်မတူ။

'ကားကို ဂရုတစိုက်မောင်းနော်၊ ပန်းတော်ဝင်ကို တွေ့ရင် လည်း ဣန္ဒြေရရ စကားပြော၊ စားတာသောက်တာ၊ ပြောတာ ဆိုတာ

www.burmeseclassic.com



ကိုယ့်ဘက်က တစ်ချက်မှ အမှားမဖြစ်စေနဲ့၊ ဟန်မပျက်စေနဲ့၊ ပြီးတော့လည်း ကလေးမလေးကို သေသေချာချာ စေ့စေ့စပ်စပ် လေ့လာခဲ့'

'ဟုတ်ကဲ့၊ မေမေ့ချွေးမ ဖြစ်နိုင်မဖြစ်နိုင်ဆိုတာကို အဓိကထားပြီး သေသေချာချာကြီး လေ့လာခဲ့ပါမယ်'

'သားရဲ့ဇနီးကောင်းအဖြစ် သင့်တော် မတော်ကိုသာ စေ့စေ့စပ်စပ် လေ့လာခဲ့ပါ သားရယ်'

'ဟုတ်ကဲ့ပါ၊ ဒါပေမဲ့ အဲဒီ ပန်းတော်ဝင်ဆိုတဲ့ ကောင်မလေးမှာ ကြိုက်နေတဲ့သူတွေ ရည်းစားတွေ ကြိုရှိနေမနေဆိုတာရော မေမေတို့ စုံစမ်းလေ့လာပြီးပြီလား'

ကောင်းကင် အမေးကို မိခင်က မဖြေ။ သို့သော်…

'သူ့မှာ ရည်းစားရှိရှိ မရှိရှိ မင်းနဲ့ လက်ထပ်ဖြစ်ဖို့ကသာ အဓိကပါကွာ၊ လူကြီးတွေ အဖြေရခက်အောင် လူငယ်တွေအကြောင်း နှိုက်နှိုက်ချွတ်ချွတ် မေးမနေစမ်းနဲ့'

ဖခင်ဖြစ်သူစကားကြောင့် ကားသော့လှမ်းယူနေရာမှ မျက်နှာတစ်ဘက်လွှဲ၍ ပြူးဖြစ်အောင် ပြူးဖြစ်လိုက်၏။ ပြီးမှ မပွင့်တပွင့်လေသံဖြင့်…

'တော်ကြာ ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေထဲကလို သူ့မှာ ရည်းစားရှိနေပေမယ့် မိဘတွေ ဆန္ဒကို မလွှတ်ဆန်နိုင်လို့ လက်ထပ်ဖို့ လက်ခံသဘောတူ၊ မင်္ဂလာပွဲကျမှ သူ့ရည်းစားက အရက်တွေမူးပြီး လိုက်လာ၊ ဆွဲကြလွဲကြ၊ ရှင်းကြ၊ လင်းကြ ရုတ်ရုတ်သဲသဲ အရှက်တကွဲတွေဖြစ်… ဖြစ်'

'တော်စမ်းကွာ ဟေ့ကောင် အရစ်ကိုရှည်တယ်'

ဖြတ်ပြောလိုက်သည့် သူ့ဖခင်စကားသံ မာမာကြောင့် စိတ်ကူးယဉ်သိုင်းဝိုင်း ဖွဲ့နွဲ့နေသည့် ကောင်းကင် စကား ရှေ့မဆက်သာ။



'နေပါဦး၊ သားမှာကော ရည်းစားတွေ ဘာတွေ ရှိနေလို့လား'

မိခင်၏ အမေးစကားကြောင့် ကောင်းကင် ခံစားသွားရဟန် အသာငိုင်တွေ စဉ်းစားနေရပုံမျိုး ဖမ်းပြလိုက်သေး၏။ ပြီးမှ…

'မရှိပါဘူး၊ ရှိခဲ့ရင်လည်း မေမေတို့ သဘောတူမှာမှ မဟုတ်တာ'

ကောင်းကင် ဖခင်က စိတ်မရှည်ချင်တော့။

'ကောင်းတဲ့မိန်းမဆိုရင် သဘောတူမှာပေါ့ကွာ၊ မီးကျိုးမောင်းပျက် ဆတ်စလူးစိန်ဆိုရင်တော့ သေအောင် သဘောမတူဘူး'

'ပန်းတော်ဝင်ဆိုတဲ့ ကောင်မလေးကရော ဖေဖေတို့ထင်သလို ကောင်းနိုင်ပါ့မလား'

'ဟေ့ကောင်… မိဘက မကောင်းတာကို စီစဉ်ပါ့မလားကွ၊ မင်း တို့မိဘတွေရဲ့ စေတနာကို မစော်ကားနဲ့'

'မစော်ကားဝံ့ပါဘူး ဖေဖေ'

'အေး… စော်ကားခဲ့ရင် ဘာဖြစ်သွားမယ်ထင်သလဲ'

ဖခင်ဖြစ်သူ ယခင်က ပြောထားဖူးသော စကားကို အမှတ်ရ၍ ကောင်းကင် ပခုံးနှစ်ဘက်ကို မသိမသာတွန့်ပြကာ ပြန်အဖြေပေးလိုက်လေသည်။

'အတောင့်လိုက် မြေမြှုပ်သွားလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

လိပ်စာအရ ပန်းတော်ဝင်တို့ ခြံရှေ့တွင် ကားရပ်ပြီး ဆင်းကာ လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။ ကျယ်ဝန်း၍ ပန်းအလှပင်များနှင့် အတူ မြက်ခင်းစိမ်းစိမ်းကို မျက်စိပသာဒဖြစ်ဖွယ်ရာဖြစ်အောင် အတူး ပြုပြင်ထားပုံရသော ခြံဝန်းကျယ်ကို တွေ့ရသည်။ ထိုခြံဝန်းကျယ် နှင့် လိုက်ဖက်သည့် ခေတ်မီသားနားထည်ဝါလှသော ဗိသုကာ ဒီဇိုင်း ဆန်းဆန်း အိမ်ကြီးကိုလည်း တွေ့ရသည်။ ငွေကြေးပြည့်စုံချမ်းသာ သည့်သူများ နေထိုင်ရာ ဂေဟာမှန်း သိသာစေ၏။ ခြံအလုပ်သမား တစ်ဦး ရောက်လာပြီး ကောင်းကင်ကို စူးစမ်းသည်။

ကောင်းကင်က အကျိုးအကြောင်း ရှင်းပြလိုက်ရာ အိမ်ကြီး ရှင်များ ကြိုတင်မှာကြားထား၍လား မသိ။ ခြံတံခါးဖွင့်ပေး၏။

ခြံဝင်းထဲသို့ မောင်းဝင်ပြီး ပေါ်တီကိုအောက်တွင် ကားကို ရပ်လိုက်၏။ ဗွီဒီယိုကားများထဲတွင် ခပ်များများ မြင်ဖူးထားသော မြင်ကွင်းမျိုးထဲ သူ ကိုယ်တိုင် ရောက်နေသလို ခံစားရပြီး အလိုလို ပြုံးလိုက်မိ၏။ သူလာသည့် အကြောင်းကိစ္စသည်ပင် ဗွီဒီယိုဇာတ်လမ်း ဆန်ဆန်ဖြစ်နေ၏။

ဧည့်ခန်းထဲမှ အသက်ငါးဆယ်ဝန်းကျင် တောက်တောက် ပြောင်ပြောင် ဝတ်ဆင်ထားသည့် အမျိုးသမီးကြီးတစ်ဦး ထွက်လာ၏။



ပြီး ကောင်းကင်ကို ခြေဆုံးခေါင်းဆုံး ဖျတ်ခနဲတစ်ချက်အကဲခတ်၏။ ကောင်းကင်က အချိုသာဆုံး ပြန်ပြုံးပြလိုက်သည်။

'သားက ကိုဝင်းလွင်နဲ့ ချိုမာတို့ သားနဲ့တူတယ်'

'ဟုတ်ပါတယ် ခင်ဗျာ'

'လာ… လာ သားလေး၊ သားကို အန်တီတို့စောင့်နေကြတာ ကွယ်'

အမျိုးသမီးကြီးက ပြုံးလက်သွားသော မျက်နှာနှင့် စကားဆို ၏။ တံခါးဖွင့်၍ ဧည့်ခန်းဆောင်သို့ အရောက်တွင်လည်း သူမကပင် စကားဆ ၏။

'ကိုအောင်ရေ… ဒီမှာ မိုးတို့စောင့်နေတဲ့ ဧည့်သည်ရောက် လာပြီလေ၊ ကြည့်ပါဦး၊ ချိုမာနဲ့ မျက်နှာချင်းဆင်လိုက်တာနော်၊ အရပ် အမောင်းကတော့ သူ့အဖေကိုဝင်းလွင်အတိုင်းပဲ၊ ခန့်ခန့်ကြီး'

အမျိုးသမီးကြီးက ကောင်းကင်အား တစ်ချက်ပြုံးပြပြီး သူ့ မိန်းမဘက်လှည့်၍…

'အေးပါကွာ၊ သဘောပေါက်ပါတယ်၊ မင်းကလည်း ပုခိုး ကြော်ငြာကျနေတာပဲ'

ပြီးမှတဖန် ထိုင်နေပြီဖြစ်သည့် ကောင်းကင်ဘက်သို့ လှည့် ကာ…

'အေးကွာ၊ မင်း အန်တီပြောသလိုပဲ၊ မင်းက မင်းမိဘတွေနဲ့ တော်တော်တူတာပဲ၊ မောင်ကောင်းကင်ရဲ့ မိဘတွေနဲ့ အန်ကယ်တို့က စီးပွားဖက် မိတ်ဆွေရင်းချာတွေ၊ သားတို့အိမ်ကို အန်ကယ်တို့လာလည် တိုင်း သားနဲ့ဆုံရတယ်ကို မရှိဘူး၊ အခုမှ တွေ့ရချိန်တန်လာလို့ ထင် တယ်၊ တွေ့ရတော့တယ်'

'ဖြစ်တတ်ပါတယ် ကိုအောင်ရဲ့၊ မိုးတို့ရဲ့ သမီးလေးကို

www.burmeseclassic.com



တောင် ပြီးခဲ့တဲ့ တစ်လေလောက်ကမှ မောင်ကောင်းကင်ရဲ့ မိဘတွေ အိမ်လာလည်ရင်း တွေ့ရတာ မဟုတ်လား၊ ခေတ်လူငယ်တွေဆိုတော့ ပျော်တတ်ပါးတတ်တဲ့ အရွယ်ရောက်နေသူတွေပီပီ အလည်အပတ်တွေ များနေတာနဲ့ အိမ်မကပ်နိုင်ကြလို့ မတွေ့ဖြစ်ကြတာနေမှာပေါ့'

'ဟုတ်ကဲ့၊ အန်တီ ပြောသလို ဖြစ်ပါလိမ့်မယ်'

ကောင်းကင် ပြန်ပြောလိုက်သော စကားကို လူကြီးနှစ်ယောက်က မိန့်မိန့်ကြီး ပြုံးကြည့်၍ နားထောင်ခေါင်းဆတ်နေကြ၏။ အလိုက်အထိုက်ပြောတတ် ဆိုတတ် နေတတ် ထိုင်တတ်တဲ့ ကောင်လေးပေါ့။ ကောင်းကင်မှာမူ စကားများများ ပြန်ပြောမိပါက မိမိဇာတိများ ပေါ်လာမည်စိုး၍ အလိုက်အထိုက် လိုရင်းတိုရှင်းဖော်လိုလိုက်နေသည်ကို လူကြီးများ မသိရှာ။

ကောင်းကင်က သားနားသပ်ရပ်သော ဧည့်ခန်းဆောင် အပြင်အဆင်ကို ငေ့ကြည့်လိုက်၏။ ပန်းနုရောင်လွှမ်းသော ဧည့်ခန်းအပြင်အဆင်က အချစ်အိမ်လေး၏ သင်္ကေတပေပဲလားဟု သူတွေးနေမိ၏။ အတန်ကြာမှ ဧည့်ဝတ်စကားတွေ အပြန်အလှန်ပြောကြားဖြစ်ကြသည်။ ယဉ်ကျေးသိမ်မွေ့ဖွယ်ရာ စကားများဖြင့် ထိန်းထိန်းသိမ်းသိမ်း ဟန်ဆောင်နေရသော ကောင်းကင်မှာမူ ချွေးပျံလှပြီ။ ထိုအခါမှ…

'မိုးရေ… ခဏနေရင် မောင်ကောင်းကင်ကို နေ့လည်စာကျွေးမယ်လေ၊ မကျွေးခင် သမီးလေးနဲ့ မိတ်ဆက်ပေးရအောင်၊ လူငယ်ချင်း လွတ်လွတ်လပ်လပ် စကားပြောကြပါစေ၊ သမီးကို ခေါ်လိုက်ကွာ'

အမျိုးသားကြီး စကားကို အမျိုးသမီးကြီးက အလိုက်သင့်ခေါင်းညိတ်ရင်း ပေါလစ်ရောင် ဖိတ်ဖိတ်တောက်နေသည့် ကျွန်းလှေကားကြီးအတိုင်း အိမ်ပေါ်ထပ်သို့ ညင်သာစွာ လှမ်းတက်သွား၏။



ဆယ်မိနစ်ခန့်အကြာတွင် ကျွန်းလှေခါးကြီးပေါ်မှ ခေါင်းငုံ့ဆင်းလာသော ကိုယ်ဟန်ပြမ်းယ် ဆန့်လွှန်းလှသူလေးကို ကောင်းကင်တွေ့ရ၏။ မိခင်ဖြစ်သူက သမီးလေး ရှက်စိတ်နှင့် ခြေလှမ်းများမှာ စိုး၍ နံဘေးမှ ထိန်းကိုင်ခေါ်ယူလာ၏။

အနားရောက်လာသောအခါ ဆက်တီမှာ ဝင်ထိုင်လိုက်ကြသည်။

အပေါ်ထပ်လှေကားအကွယ်မှ စတင်ပေါ်လာကတည်းက စ၍ ယခုထိုင်လိုက်သည့် အချိန်အထိ ရုပ်ဝါဂလူးနှင့် ကပ်ထားသလို မခွာစတမ်း အကြည့်ကို ကပ်ထားသည့် ကောင်းကင်အား ကြည့်၍ အမျိုးသားကြီးက ချောင်းတစ်ချက်ဟန့်သည်။

ကောင်းကင်အား သတိပေးချင်သည်လား။ စကားစပြောရန် လည်ချောင်းရှင်းသည်လား မသိ။

'ကဲ… သားတို့ သမီးတို့ စကားပြောကြဦးနော်၊ အန်တီ ထမင်းပွဲအတွက် သွားစီစဉ်လိုက်ဦးမယ်'

ထိုအခါတွင်မှ အမျိုးသားကြီးကလည်း…

'မောင်ကောင်းကင်ရေ… အန်ကယ့်ကိုလည်း ခဏခွင့်ပြုဦးကွာ'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ၊ ရပါတယ်'

ဘာရတာလဲမသိ။ လူကြီးနှစ်ယောက်ကမူ အပြုံးနှင့်တုံ့ပြန်ရင်း အခန်းထဲဝင်သွားကြသည်။ ကောင်းကင်က မရဲတရဲဖြင့် ပန်းတော်ဝင်ကို ကြည့်လိုက်၏။ မြင်ဖူးသလိုလိုပင်။ ခေါင်းငုံ့နေသဖြင့် မျက်နှာကို မမြင်ရ။

'ပန်းတော်ဝင်'

ကောင်းကင် ခေါ်သံကြောင့် ပန်းတော်ဝင် အသာမော့ကြည့်၏။ တစ်ဦးမျက်နှာကို တစ်ဦးမြင်လိုက်သောအခါ…

www.burmeseclassic.com

www.burmeseclassic.com



'မင်း… မင်း'

'ရှင်… လက်စသပ်တော့ ရှင်ဖြစ်နေပါလား၊ ထင်တော့ ထင်သား၊ ဒီအသံကို ကြားဖူးသလိုလိုရှိပါတယ်လို့'

'ထူးပေ ဆန်းပေသည်ဖြစ်နေပြီ၊ လာမှဆုံရသေးတယ်လို့'

'အံ့ဩပါရဲ့၊ ဘယ်လိုဘဝမှာမှ ပြန်မဆုံပါရစေနဲ့ဆိုတဲ့ လူမျိုးနဲ့မှ လာဆုံနေရတယ်လို့'

'တူညီသောဆန္ဒပါပဲဗျာ'

'အံမယ်၊ ကျွန်မက ရှင့်ထက်ပိုတယ်၊ ရှင်က ကျွန်မအတွက်တော့ တကယ့်ကို ငရဲကောင်၊ ဂြိုဟ်ဆိုး၊ ငါးမြွေထိုး'

'ဟား… ဟား… ငါက မင်းမိဘတွေ ဖိတ်ခေါ်လို့ ရောက်လာတဲ့ ဧည့်သည်ကွ၊ အိမ်ရှင်ဆိုတာ အဲဒီလို မရိုင်းရဘူး'

'ရှင်က ဧည့်သည်ဆိုတဲ့ နာမည်နဲ့တောင် မထိုက်တန်တဲ့ ဧည့်သည်၊ ရှင့်ကိုလည်း ကျွန်မ ဖိတ်ခေါ်ခဲ့တာမဟုတ်ဘူး'

'ဒါဆိုလည်း ငါပြန်မယ်'

'ခဏလေး… ခဏလေး… ကြုံကြိုက်တုန်း ကြွေးဟောင်းလေး တောင်းလိုက်ချင်သေးတာ'

'ကြွေးဟောင်းမရှိ၊ ကြွေးသစ်ယူချင်ရင်တော့ ရမယ်'

ကောင်းကင်က ထိုင်နေရာမှ ဆတ်ခနဲထပြီး ထွက်သွားရန် ဟန်ပြင်သည်။

'နေဦး၊ ကြွေးကိစ္စထက် အရေးကြီးတာ ရှိသေးတယ်'

'ဘာပြောမလို့လဲ'

'ရှင် ဒီလို ရှုးရှုးဒိုင်းဒိုင်း ထပြန်သွားရင် ကျွန်မ မိဘတွေက ကျွန်မကြောင့်လို့ ထင်ပြီး အသေအလဲ ဆူကြမှာပေါ့'

ဒီလိုကျတော့ ကြောက်တတ်သား။



'မင်းကြောင့်ပဲ မဟုတ်ဘူးလား'

'ဒီမှာ ရှင် အသာပြန်ထိုင်နေပါ၊ အိမ်ကလူကြီးတွေ မရိပ်မိအောင် ထမင်းစားပြီးတဲ့အထိ ဟန်ဆောင်နေပေး၊ ရိုင်းတဲ့စကားမျိုး ကျွန်မ ထပ်မပြောဖြစ်စေရဘူး'

'ဒီလိုလား၊ ဒါဆို ယဉ်ကျေးတဲ့စကား ပြောလေ'

ကောင်းကင် မျက်နှာက မချိုမချဉ် ဖြစ်သွား၏။

'ဟင်း… အသည်းယားလိုက်တာနော်၊ မဖြစ်သာလို့ ခုလို ပြောနေရတာကိုများ သူက အခွင့်ကောင်းထပ်ယူနေချင်သေးတယ်'

'ဟော… ဟော… ထပ်ပြီးရိုင်းတဲ့စကားပြောချင်လာပြန်ပြီလား'

ပန်းတော်ဝင်က မျက်လုံးပြူးလျက် ဒေါသထွက်နေရာမှ စိတ်ကိုလျှော့ချလိုက်ဟန်ဖြင့်

'ဟွန်း… ဒီလောက်လေး ပြောရုံနဲ့ ရှင့်အသား ပဲ့ကျမသွားနိုင်ပါဘူး၊ ရှင်နဲ့ ကျွန်မကို မိဘတွေ သဘောတူထားတဲ့ကိစ္စ ကျွန်မ လုံးဝ လက်မခံနိုင်ဘူး၊ ရှင့်ဘက်က တစ်ပိုင်းသေအောင် ကြိုးစားလည်း ကျွန်မဘက်ကတော့ ဆောရီးပဲ၊ နိုး…'

'မင်းကိုယ်မင်း သိပ်ထင်မနေနဲ့ ပန်းတော်ဝင်၊ ငါက မင်းထက်ပိုတယ်၊ မိဘတွေက အတင်းအကြပ် လက်ထပ်ရမယ်လို့ ပြောလာရင် မင်းကို လက်ထပ်မဲ့အစား ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်မယ်'

'အံမယ်မယ်… ကြီးကျယ်ပြနေလိုက်တာ၊ သိပ်မုန်းဖို့ကောင်းတာပဲ၊ ဘယ်လိုလူစားမျိုးနဲ့များ လာပြီးရေစက်ဆုံနေရမှန်း မသိဘူး'

'ဖြည်းဖြည်းပြော၊ ဖြည်းဖြည်းပြော၊ မင်းလေယူလေသိမ်းက ငါ့အတွက် ဆန့်ကျင်ဘက်အဓိပ္ပာယ်ယူရမလို ဖြစ်နေတယ်'

www.burmeseclassic.com



‘လုပ်လာပြန်ပြီ ရှင်နော်’

ပန်းတော်ဝင်က ပြောပြောဆိုဆို စားပွဲပေါ်က ဆေးလိပ်ပြာခွက်အား ကောက်ယူ၍ ကောင်းကင်အား ပေါက်ရန်ရွယ်လိုက်သည်။

‘ပေါက်ရက်လို့လား’

‘ရှင်··· ရှင်··· ထပ်လုပ်လာပြန်ပြီနော်၊ ကျွန်မ တကယ် ပေါက်မိတော့မယ်’

‘ဟိုးထား၊ စိတ်လျှော့ စိတ်လျှော့၊ မင်းနဲ့ငါ ရေစက်ကုန်အောင် ငါ အခုပြန်မယ်၊ ငါ့အပိုင်း ငါရှင်းမယ်၊ မင်းအကန့်မင်းရှင်း၊ ဟုတ်ပြီလား’

ကောင်းကင်စကားကြောင့် ပန်းတော်ဝင် ခေါင်းကုတ်သွား၏။

နှုတ်ခမ်းဖူးလွှလွှလေးပင် စူတူတူဖြစ်လာနေပြီး သူမ မိဘများ ဝင်သွားသည့် အိမ်အတွင်းဘက်သို့ လှမ်းအကဲခတ်လိုက်သည်။ ပြီးမှ

‘ကျွန်မ မိဘတွေကို ကျွန်မ အရမ်းကြောက်ရတယ်၊ ရှင်လည်း ရှင့်မိဘတွေကို တော်တော်ကြောက်ပုံရတယ်၊ ဒီတော့ ဒီလိုလုပ်ပါလား၊ ရှင့်ကို သဘောကျနေတဲ့ ကျွန်မ မိဘတွေကို ရှင်ကိုယ်တိုင်ပဲ စိတ်ပျက်လက်ပျက်ဖြစ်စေမဲ့ စကားတွေပြော၊ ပြီးတော့ သူတို့ လက်မခံနိုင်လောက်တဲ့ ခပ်ကြောင်ကြောင် အမူအရာတွေ လုပ်ပြပေးလိုက်ပါလား’

‘ဘာလို့လုပ်ပြရမှာလဲ၊ အဲဒါဆို ငါ သိက္ခာကျမှာပေါ့’

‘ကျွန်မ ပြောချင်တာက ဒီလိုလေ၊ ရှင့်မိဘတွေ ကျွန်မကို ခေါ်တွေ့တဲ့အခါမှာလည်း ရှင့်မိဘတွေ ကျွန်မကို စိတ်ပျက်သွားအောင် ကျွန်မက တစ်ပြန်ရူးချင်ယောင် ကြောင်ချင်ယောင် သရုပ်ဆောင်ပြတာမျိုးတွေ ပြန်လုပ်ပေးမယ်လေ၊ ဒါမှ ရှင့်မိဘတွေ ကျွန်မကို စိတ်ပျက်သွားကြမှာပေါ့၊ ဒါဆို ရှင့်အိမ်က ရှင့်ကို မဆူတော့သလို၊



ကျွန်မ အိမ်ကလည်း ကျွန်မကို မဆူတော့ဘူး၊ ကဲ··· မပိုင်ဘူးလား’

ပန်းတော်ဝင်ပေးသော အကြံကို ကောင်းကင် အလေးအနက်ထားပြီး စဉ်းစား၏။ ဟုတ်ပြီ။ သင့်တော်သလိုလိုရှိ၏။ သို့သော် တစ်နေရာရာတွင် တစ်ခုခုလွဲမှားနေသလိုလိုရှိ၏။ ဘာလဲ။ ဘာလဲ။ ဒီကောင်မလေး ပါးပါးလေး လူလည်ကျနေခြင်းဖြစ်မည်။

‘နေဦး၊ နေဦး၊ ငါက ဒီနေ့သရုပ်ဆောင်ပြလိုက်လို့ မင်းမိဘတွေက ယုံကြည်လက်ခံပြီး ငါ့ကိုစိတ်ပျက်သွားရင် စိတ်ပျက်သွားမှာလည်း သေချာပါတယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်ငါ ယုံကြည်ပြီးသား၊ ငါ့သရုပ်ဆောင်ချက်က အကယ်ဒမီရမင်းသားအိုက်တင်ထက် သာမယ်ဆိုတာ’

‘အမလေးနော်၊ အရေးထဲ ကြော်ငြာကဝင်နေသေးတယ်’

‘အဟဲ··· ထားပါ၊ ငါဆိုလိုတာက ဒီနေ့အောင်မြင်သွားရင် လူကြီးတွေရဲ့ လက်ထပ်ပေးရေး အစီအစဉ် ပျက်သွားမယ်၊ ဒါဆို ငါ့မိဘတွေကို မင်း သရုပ်ဆောင်ပြဖို့ မလိုတော့ဘူးပေါ့၊ အဲဒါဆိုရင် ငါတစ်ယောက်တည်းပဲ ရူးကြောင်ကြောင် ပေါကြောင်ကြောင်ကောင် ဖြစ်နေမှာပေါ့’

‘အင်းနော်၊ ဒါဆို ရှင်က ရူးပေါကြောင်ကြီးပေါ့နော်၊ အဲ··· အဲ··· ဟုတ်ပါဘူး၊ အဲဒီလိုဖြစ်သွားနိုင်တာပေါ့လို့’

ကောင်းကင်၏ ပြောင်းလဲလာသော မျက်နှာအမူအရာကြောင့် ပန်းတော်ဝင်က ခေါင်းလေးပု လျှာလေးတစ်လစ်ထုတ်ကာ ပြောလက်စ စကားကို လမ်းကြောင်းပြောင်း ပြုပြင်ဖာထေးလိုက်သည်။

သို့သော်···

ကောင်းကင်မှာမူ ပန်းတော်ဝင်၏ အပြောင်းအလဲ ပလောင်း

www.burmeseclassic.com

www.burmeseclassic.com



ဗလဲအမူအရာကို မည်သို့ခံစားသွားရသည်မသိ။ ချက်ချင်း စိတ်ပြောင်းသွားဟန်ဖြင့်…

'အိုကေလေ၊ အကြွင်းမဲ့ လက်ခံလိုက်ပြီ၊ ဘာပဲဖြစ်ဖြစ် မင်းနဲ့လက်မထပ်ရဖို့က အဓိကပဲ'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဒီကလည်း အဲဒီသဘောအတိုင်းပါပဲ၊ အဟဲ'

ကောင်းကင်က နှုတ်ခမ်းမဲ့ပြ၏။

ပန်းတော်ဝင်ကလည်း မျက်စောင်းပြန်ထိုး၏။ သိသိသာသာတော့ မဟုတ်။ မတော်… ကျေးဇူးရှင်က စိတ်ပြောင်းသွားနိုင်သည်လေ။

'ငါ သရုပ်ဆောင်တဲ့အခါမှာ လိုအပ်ရင် မင်းလည်း ဝင်ပြီး အလိုက်အထိုက် မီးစင်ကြည့်ကပေးရမယ်နော်၊ ငူးငူးဝါးဝါး ထမလုပ်ရဘူး၊ ဒီလိုကြိုပြောပြီး အသိပေးထားတာကို သဘောတူရဲ့လား'

'ဘယ်လိုဝင်ပါပေးရမှာလဲ'

'ဒါတွေ ထပ်မမေးနဲ့လေ၊ မင်းသဘောတူမတူကိုသာ လိုရင်းတိုရှင်း သိချင်တယ်'

ကောင်းကင်က ဟိတ်လုံးဟန်လုံးနှင့် မေးလိုက်ခြင်းကြောင့် ပန်းတော်ဝင် မျက်နှာငယ်၍ စဉ်းစားသည်။ ထို့နောက် မျက်နှာလေး လက်ခနဲပြုံးရွှင်လာပြီး လိုရင်းတိုရှင်း အဖြေကို ခပ်သွက်သွက်လေး ပေးသည်။

'ဟုတ်… တူပ့ါ၊ တူပ့ါ'



ကောင်းကင်၏ စကားအဆုံးမှာ ဗလက…

'အဲဒီတော့'

'ဘာအဲဒီတော့လည်း လူဗာလရဲ့၊ အဲဒါ မင်းတို့မသိသေးတဲ့ ငါ့ရဲ့ဇာတ်ကြောင်း အကုန်အစင်ပဲ'

'အေးလေ နောက်ဆုံးအခြေအနေ မင်းအဖေက မင်းကို မဗျင်းဘူးလား၊ အဲဒါ သိချင်တာ'

'အေးဆေးပါကွာ၊ နှစ်ဘက်လူကြီးတွေလည်း ငါတို့နှစ်ယောက်ရဲ့ သဘောထားအမှန်ကို ရိပ်စားမိသွားကြပါပြီ'

သူရကတော့…

'ဘာပဲဖြစ်ဖြစ် မင်းလို ပညာကနည်း၊ ဝီရိယကမွဲ၊ စီးပွားရေးရာချင်စိတ်က နတ္ထိ၊ လက်ဖက်ရည်ဆိုင်၊ ဂိမ်းဆိုင်၊ အင်တာနက်နဲ့ ဘောလုံးပွဲ သံသရာက မထွက်တဲ့ကောင်ကို မိန်းမပေးစားဖို့ စီစဉ်နိုင်တဲ့ မင်းအဖေနဲ့ အမေကို ငါ လုံးဝချီးကျူးတယ်၊ ကွန်ကရက်ကျူလေးရှင်းပါပဲလို့'

'ခွေးကောင်'

ဆဲရန်ပြင်သည့် ကောင်းကင် စကားမဆက်သာ။ သူရက လက်ကာပြ၍ ဆက်ပြောသည်။

'ငါ့အိမ်ကဆို မိန်းမပေးစားဖို့နေနေသာသာ အိမ်ပေါ်က ကန်ချမယ်လုပ်နေလို့ မနည်းတောင်းပန်နေရတယ်'

'အဲဒါ မိဘမေတ္တာပေါ့ကွာ'

'ဘာမိဘမေတ္တာလဲကွ၊ အိမ်ပေါ်က ကန်ချရင် လမ်းဘေးရောက်မှာ၊ အဲဒါ မိဘမေတ္တာလား'

ကောင်းကင်က မျက်နှာကို အတည်ငြိမ်ဆုံး အအေးချမ်းဆုံးဖြစ်အောင် ပြုပြင်လိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ မင်းတို့ ခက်နေတာပေါ့ သူငယ်ချင်းတို့ရ၊ မင်းနှင်ချခံရရင် လမ်းဘေးရောက်၊ ဒါမှမဟုတ် မြောင်းထဲရောက်၊ ညစ်ပတ်၊ စုတ်ပြတ်၊ ချေးအထပ်ထပ်နဲ့ စားရမဲ့သောက်ရမဲ့ မွဲခြောက်ပိန်ညှော်ဟိုက္ကာ ချေးထောင့်အမှိုက်ပုံနားက ဝဲစားပုံပေါက်… ပေါက်'

ပြောင်းလဲလာသည့် သူ့ရှုမျက်နှာကြောင့် ကောင်းကင် စကားမဆက်သာ။ ထို့ကြောင့်…

'ဥပမာလေကွာ၊ ဥပမာ၊ မင်းကလည်း ဟိုကွာ ငတ်ပြတ်လွန်းတော့ ခွက်စုတ်လေး တစ်လုံးနဲ့ အရပ်တကာနယ်တကာရပ်ကွက်ကြို ရပ်ကွက်ကြား လမ်းကြိုလမ်းကြား တောင်း…'

'ဟောကောင်… တော်သင့်ပြီနော်၊ မင်း ဥပမာတွေက သိပ်ပြီးကွက်ကွက်ကွင်းကွင်း ဖြစ်လာပြီ'

'အေးပါကွာ၊ သယ်ရင်းကလည်း အဲ… အဲလိုတောင်း… တောင်းမှ ရမ်းမှ စားရမဲ့ဘဝမျိုး၊ ရောက်… ရောက်လာတော့…မှမင်းအသိတရားရမှာ၊ ဩော်… ငါ ဒီလိုဘဝမျိုးကို ရောက်ရတာငွေမရှိလို့၊ ငွေရှိအောင် မရှာချင်ခဲ့လို့၊ အလုပ်မလုပ်ချင်ခဲ့လို့၊ ဒီလိုဒုက္ခမျိုးမရောက်ရအောင် အလုပ်လုပ်မှဖြစ်မယ်၊ ငွေရှာရမယ်၊ အဲဒီလိုမျိုး မင်းစိတ်ပြောင်းလာအောင် လုပ်ပေးတာလို့၊ အဲဒါ ငါဆိုလိုတဲ့မိဘမေတ္တာဆိုတာ အဟဲ…'

'ဟင်းနော်၊ နည်းနည်းလေးလိုတော့တယ်၊ တီးတော့မှာ၊ နောက်ဆုံးစကားလုံးလေးတွေ ကပ်လိုက်လို့ သက်သာသွားတယ် မှတ်မင်းနော်'

'မင်းကလည်း အလုပ်မှမလုပ်ဘဲကွ'

'လုပ်ခဲ့ပါတယ်ကွာ၊ အလုပ်နဲ့ငါနဲ့မှ လမိုင်းမကပ်တာ၊ အံဝင်ခွင်ကျဖြစ်မဲ့ အလုပ်ကို ရှာမတွေ့သေးလို့ ခက်နေတာ'



'ဘာလဲ မင်းက အက (Dancer) သင်တန်းပဲ ဖွင့်ချင်နေတာလား'

'ဒါပေါ့၊ အိမ်ကနိုင်းလို့ တခြားအလုပ်တွေ သွားလျှောက်ပြီးလုပ်တာ စိတ်မပါတော့ အကုန်တလွဲချည်းပဲ၊ ကုမ္ပဏီတစ်ခုမှာ ချေးကွက်ဖြန့်ချိရေးဝန်ထမ်းဝင်လုပ်တယ်၊ စာရင်းတွေမှားလို့ အိမ်ကစိုက်လျော်လိုက်ရတယ်၊ ဌာနဆိုင်ရာတစ်ခုမှာ အစမ်းခန့်ဝန်ထမ်းဝင်လုပ်တယ်၊ အားတဲ့အချိန်မှာ လူလစ်ပြီအထင်နဲ့ အကထပြီး လေ့ကျင့်မိတယ်၊ ရုံးခန်းထဲပြန်ဝင်လာတဲ့ ဌာနခွဲစာရေးမပိန်ပိန်အပျိုကြီးက သူ့ကိုပြောင်ပြနေတယ်ဆိုပြီး တိုင်တယ်၊ မီးရောင်မှိန်မှိန်မှာ ကနေတာကိုစာရေးမငယ်ငယ်တွေကလည်း သရဲခြောက်ပါတယ်ဆိုပြီး ဝိုင်းအော်ဟစ်ကြလို့ ပြုတ်လာပြန်ရော၊ ဟိုတယ်တစ်ခုမှာ လုံခြုံရေးဝင်လုပ်ပြန်တော့ ယူသွားတဲ့ ကိုယ့်ထမင်းချိုင့် ခဏခဏ ပျောက်တာနဲ့ အိမ်ကစိတ်ဆိုးလို့ ထွက်လိုက်ရပြန်တယ်'

ကောင်းကင်က စိတ်ရှိလက်ရှိ ဟားၿ၏။

'လုပ်စမ်းပါဦး မောင်ဗာလ၊ အလုပ်လက်မဲ့ ဘဝရောက်ရပုံလေးတွေ'

'ငါလား၊ ငါက ဆေးကုမ္ပဏီတစ်ခုမှာ အရောင်းစာရေးဝင်လုပ်တာ ချောင်းဆိုးပျောက်ဆေးလာဝယ်တဲ့လူကို အရက်ပုံ့မှားရောင်းမိလို့ နေ့မကူးခင် အလုပ်ပြုတ်ရော၊ နောက်တစ်ခါ ဓာတ်လှေခါးတပ်ဆင်ပြုပြင်တဲ့ကုမ္ပဏီမှာ အလုပ်သင်ဝင်လုပ်တယ်၊ ပညာလေးနည်းနည်းတတ်လာတော့ ဟိုတယ်တစ်ခုမှာ ငါ ဦးဆောင်ပြီး ဓာတ်လှေခါးသွားတပ်ပေးရတယ်၊ ငါဆင်ပေးတဲ့ ဓာတ်လှေခါးကို အစမ်းစီးကြည့်တဲ့ လူတွေဆိုတာ တဝါးဝါးနဲ့'

'ဓာတ်လှေကားမြန်လွန်းလို့ အိပ်ချင်ပြီး သမ်းကြတာလားဒါမှမဟုတ် ပျော်လွန်းလို့ ရယ်ကြတာလား'

www.burmeseclassic.com



'မဟုတ်ဘူး၊ ဓာတ်လှေကားက အလယ်မှာတန်းလန်းကြီး ဂျမ်းဖြစ်နေလို့၊ အထက်မရောက် အောက်မရောက်နဲ့ ဇော်ကန့်လန့် ဖြစ်နေကြတာ'

'အဲဒီလူတွေ ဒုက္ခရောက်နေချိန်မှာ မင်း ပညာစွမ်းပြပြီး ကယ်တင်လိုက်တာပေါ့'

'မီးသတ်အရေးပေါ်လှေခါးဘုံးပြီး ဓာတ်လှေခါးထဲကလူတွေ ကို အောက်ပြန်ချပေးလိုက်ရတယ်'

ကောင်းကင် အူနှိပ်ဖင်ဆောင့် ရယ်နေသောအခါ သူရက…

'ရယ်တယ်၊ ရယ်နေတယ်နော်၊ မျောက်ဖင်နီကြီး ဖြဲရယ်တာ ဒီတစ်ခါပဲ တွေ့ဖူးတယ်'

ဗလကတော့…

'မင်းအကြောင်းပဲ ကျန်တော့တယ် ပြော'

'မင်းတို့ပြောမှ ငါ အလုပ်ရှာမရတဲ့အကြောင်း သတိရတယ်၊ ငါက အလုပ်ကိုလိုက်ရှာပါတယ်၊ အလုပ်က ရှောင်နေ ပုန်းနေလို့လား မသိဘူး၊ မတွေ့ဘူး ဖြစ်နေတယ်၊ ငါ့အိမ်ကတော့ လက်ရှိမိသားစု အလုပ်မှာ ဆက်လုပ်တဲ့၊ ပြီးရင် အိမ်ထောင်ပြုပေါ့ကွာ'

'မင်းက မင်းအိမ်က သတ်မှတ်ထားတာထက် ဘာတွေပိုလုပ် ပြချင်သေးလို့လဲ'

'ငါက အလှမွေးငါးတွေ စီးပွားဖြစ် မွေးချင်တယ်၊ ပြီးတော့ ရှေးဟောင်းသုတေသနလုပ်ငန်းတွေ လုပ်ချင်တယ်၊ စိတ်ဝင်စားတယ်၊ ရှေးဟောင်းပစ္စည်းတွေ စုဆောင်းချင်တယ်၊ ပိုက်ဆံတော့ နည်းနည်း ကုန်မှာပေါ့ကွာ'

'အားလုံးက ငွေရဖို့အလုပ်လုပ်တယ်၊ မင်းက ငွေဖြုန်းဖို့ အလုပ်လုပ်တယ်'



'နေပါဦး၊ လောလောဆယ် ရှေးဟောင်းပစ္စည်း ဘယ်နှစ်ခု မင်း စုဆောင်းမိပြီလဲ'

'ငါ့လက်ထဲမှာ ငွေပိုငွေလျှံမှ မရှိသေးတာကွာ၊ လောလော ဆယ် ငါ့အမေ လက်မနိုင်လို့ ကွတ်ကျပြီး ကွဲတဲ့ ပန်းကန်ကွဲတွေ ပဲ စုဆောင်းရသေးတယ်'

ဗလက ကောင်းကင် ဇက်ပိုးကို ရိုက်ရန် လက်ရွယ်ပြီး

'အဲဒါ ရှေးဟောင်းပစ္စည်းလားကွ၊ တုံးရ'

'ရှေးဟောင်းပစ္စည်းပေါ့ကွ၊ ငါမွေးခါစက ကျကွဲတာဆိုတော့ ခုဆို နှစ်နှစ်ဆယ် ကျော်နေပြီလေ'

ရှေးဟောင်းသုတေသနပါရဂူကြီးအတွက်ဆိုပြီး သူရနှင့်ဗလ ပြိုင်တူ ကောင်းကင်အား ဝိုင်းသမကြလေသည်။

ကောင်းကင်က သူတို့မရိုက်နိုင်စေရန် ခေါင်းကိုဟိုရှောင် ဒီရှောင်လုပ်ပြီး…

'နေဦးကွ၊ တစ်ဘက်က ငွေများများ ရှာနိုင်မဲ့ စီးပွားရေးလုပ် ငန်းတစ်ခုကို ငါ သပ်သပ်လုပ်မှာပါ၊ ဥပမာ ဘီယာဆိုင်ဖွင့်ပြီး ငွေရှာတာတို့ ဘာတို့ပေါ့'

'ဘီယာဆိုင်တွေ ဒီလောက်များပြီး တစ်ဆိုင်နဲ့တစ်ဆိုင် စားပွဲ ချင်းဆက်နေတာ စီးပွားဖြစ်နိုင်ပါ့မလား လဒရဲ့'

ဗလစကားကို သူရက ဝင်ဖောက်သည်။

'မင်းက ဒီလိုလုပ်သင့်တာကွ'

'ဘာလဲ ပြော'

'မင်းအိမ်က သဘောတူတဲ့ ကောင်မလေးက တအားချမ်းသာ တယ်ဆို၊ လူကြီးတွေ သဘောကျ သူ့ကိုပဲ ယူလိုက်ပေါ့၊ ပြီးမှ မင်း ဝါသနာပါရာ အလုပ်တွေကို စိတ်ကြိုက်လုပ်တော့'

www.burmeseclassic.com



'ရမလားကွ၊ အိမ်က အဖေကန့်ချရင် အကျနာဦးမယ်၊ ယောက္ခမကန့်ချတာခံရမှ တစ်ဘဝစာဖြစ်သွားမယ်'

ဟုတ်တိပတ်တိ ဘာအကြောင်းမှမရှိသော လက်ဖက်ရည်ဝိုင်းကို ယခင်နေ့များစွာကလိုပင် ပွဲသိမ်းပြီး ထပြန်လမ်းခွဲလိုက်ကြသည်။

ကောင်းကင်၏ အိမ်အပြန်လမ်းမှာ ညနေရီနှင့် ညချမ်းနတို့ စပ်ကူးမတ်ကူးကာလ…

'ပန်းတော်ဝင်'

သတိရစရာမကောင်းပေမဲ့ သတိရလိုက်မိ၏။ ပန်းတော်ဝင်နှင့် အတူတွဲမြင်လာသော ပတ်ဝန်းကျင်။ ပြီးတော့ ရင်ခုန်သံအသေးစားလေးတစ်ခု ပေါက်ဖွားခဲ့ရာ တစ်ခဏတာ အကြည့်လေးသို့ အာရုံပြန်ရောက်သွားခဲ့၏။

စိတ်ထားဖြူအတူတူနဲ့
တွေ့သမျှလူကိုကြည်ဖြူပါ
ငလျင်မျက်လုံးနဲ့
ဘယ်သူ့ကိုယ်ရေးကိုယ်တာကိုမှ
နှိုက်ထုတ်အပြစ်မရှာပါနဲ့
စေတနာကောင်းရင်
အချိန်နှောင်းပေမဲ့
ရလဒ်ကောင်းတတ်ပါတယ်။

❀ ❀ ❀

## အခန်း(၅)

မမျှော်လင့်ပါဘဲနှင့် မြို့ထဲတွင် ပန်းတော်ဝင်နှင့် ကောင်းကင် တည့်တည့်ကြီး သွားတိုး၏။ မတ်တပ်ကြီး ရပ်မပြောချင်၍ နီးစပ်ရာ ကော်ဖီဘားတစ်ခုတွင် နေခိုရင်း စကားပြောဖြစ်ကြ၏။

'ရှင့်ပယောဂနဲ့ လက်ထပ်ခြင်းဆိုတဲ့ သောကမီးကြီး ငြိမ်းသွားပြီ၊ ကျွန်မ အိမ်ကတော့ ရှင့်ဆို နာမည်တောင် မကြားချင်သလောက် ဖြစ်သွားပြီ'

'မင်းပို့သခိုင်းတဲ့ မေတ္တာတွေကြောင့် ငါလည်း ဂေါက်ကြောင်ကြီးဖြစ်နေရပြီ မဟုတ်လား'

'ရှင့်တစ်ယောက်တည်းကိုပဲ အဲလိုဖြစ်သွားစေလို့ စိတ်မကောင်းပါဘူးရှင်ရယ်'

'ချစ်ခြင်းနဲ့ အပြစ်ကင်းစင်စေခဲ့တယ်လို့ပဲ သဘောထားလိုက်ပေါ့'

'ရှင် ဖောက်လာပြန်ပြီလား၊ ကိစ္စမရှိပါဘူးလေ၊ အခုဆိုရင် ရှင့်အိမ်ကိုတောင် ကျွန်မ ငြင်းစရာမလိုတော့ဘူး၊ ရှင့်ကို ကျေးဇူးတင်တဲ့အနေနဲ့ အအေးအဝတိုက်မယ်၊ ဘာသောက်မလဲ ပြော'

'အကုန်အကျတွေ များနေလိမ့်မယ်၊ အားနာပါတယ်လေ၊ အိုက်စ်ခရင်သာ မှာပေး၊ နောက်ဆက်တွဲ ငါးပွဲအရံသင့်လုပ်ထားနိုင်းလိုက်၊ ဒီလိုမျိုးက စားရခဲတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းအပြင် ဗိုက်အဝိုပါတာမှတ်လို့၊ ကြိုက်လို့ကတော့ စားသာစား၊ မသကာ ချောင်းဆိုးရင်ကျပ် သလိပ်ကပ်ရုံထက်အပြင် မပိုပါဘူး'

'ဗိုက်အဝိုပါတယ်၊ ကျွတ်ကျွတ်အိတ်နဲ့ ရေခဲမုန့်ဘူးတွေ အိမ်သယ်သွားဦးမှာ'

သူ့ပြောပုံကို သဘောကျသလိုလို မကျသလိုလို ကြည့်နေသော ပန်းတော်ဝင်က…

'ရှင်နဲ့ကျွန်မ စတွေ့တုန်းက ပြဿနာတက်ကြတာ မှတ်မိလား'

'မှတ်မိတာပေါ့… မင်း အသားလွတ်ကြီး စော်ကားသွားတာ'

'ဘာအသားလွတ်လဲ၊ ရှင်ကရော မဟုတ်လို့လား'

'လုံးဝ လုံးဝကို မဟုတ်ဘူး၊ မင်း မှားနေတာ'

'ဒါဆိုလည်း ထားလိုက်ပါတော့'

'မင်းကတော့ ထားလိုက်နိုင်ပြီပေါ့'

'ရှင်ကတော့ ထားလိုက်နိုင်ဘူးပေါ့၊ ရှင် ကျွန်မကို ဒုက္ခတွေ ပြန်ပေးသွားတာ ရှိသေးတယ်လေ'

'အင်း… မှတ်မိသလိုလို၊ မမှတ်မိသလိုလို၊ မှုန်ဝါးဝါး၊ ရေးတေးတေးပဲ'

'ဘာအခုမှ မှုန်ဝါးဝါး ရေးတေးတေးလဲ၊ ကျေပြီ၊ ရှင်နဲ့ကျွန်မကြားမှာ ရန်သူဖြစ်စရာအကြောင်း ကျေသွားပြီ၊ ဒီလိုပြောလို့ ရှင်'

'ဒါဆို မိတ်ဆွေဖြစ်စရာအကြောင်းပဲ ကျန်တော့တာပေါ့'

'ဒီလိုပြောမှ ပြောပါ့မလားလို့၊ စိတ်ပူလိုက်ရတာ၊ စကားဆက်တာ နည်းနည်းလေး နေသွားတာနဲ့ ကြားကားဇွတ်ဝင်လာတယ်'



'အခုရော စကားဆက်တာ နေးနေတာလား၊ စကားကြော ပြတ်ပြီး ရပ်နေတာလား'

'ရှင်ဟာလေ၊ ဟင်း… စိတ်ကိုတော်တော်ခွဲဆန့်နေရပါလားနော်၊ ကျွန်မ အသွားအတွက် ကလေးကစားစရာပစ္စည်း ဝယ်စရာရှိလို့ ရှင့်၊ ဟို… ဟိုလေ'

'ဒါလေးများ၊ လွယ်လွယ်လေး၊ လမ်းဟိုဘက်ကူးလိုက်ရင် မှတ်တိုင်နားလောက်မှာ အရုပ်ဆိုင်ရှိတယ်၊ သွားဝယ်လိုက်လေ'

'ကိုကောင်းကင် ဒီနေ့အဖို့ ကျွန်မစကားကို ဆုံးအောင် ပြောခွင့်ရပါဦးမလား'

'ဟုတ်… ပြော'

ကောင်းကင်က လိုရင်းတိုရှင်း သံပြတ်ဖြင့်ပြော၍ ကိုယ့်ပါးစပ်ကို လက်နှင့်ပိတ်ကာ သူမကို အပြစ်ကင်းသည့် မျက်နှာဖြင့် ငေးကြည့်နေလိုက်သည်။

သူမကလည်း ပြုံးချိုချို မျက်စောင်းကို ဒိုင်းခနဲ ထိုး၍ တုံ့ပြန်၏။

ပြီးမှ ပန်းတော်ဝင်က ရှက်ဝဲဝဲမျက်နှာလေးအဖြစ် ပြန်ပြောင်းကာ…

'အဟင်း… ပြောရမှာလည်း ရှက်ပါတယ်၊ အသွားက သူငယ်ပြန်နေတာလေ၊ အဲဒီအရုပ်ကို ဝယ်ပေးဖို့ ပူဆာနေတာကြာပြီ၊ အရုပ်ရောင်းတဲ့ ဆိုင်ကလည်း ယောကျ်ားလေးတွေချည်းပဲထိုင်ကြတာ၊ ကျွန်မတစ်ယောက်တည်း သွားဝယ်ရင် အလှောင်ခံရမှာ သေချာတယ်၊ အဲဒါကြောင့် အဟဲ… အခုလိုကြုံတုန်းလေး ရှင့်ကို အကူအညီတောင်းတဲ့သဘောနဲ့'

'ငါက အရုပ်ဆိုင်ထဲကို အဖော်လိုက်ပေးရမယ်ဆိုပါတော့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ဖူးလေ၊ နည်းနည်းလေး လွဲသွားတယ်၊ ရှင်သွားဝယ်ပေးမယ်ဆိုရင် ကျွန်မ ဒီဆိုင်ကပဲ ထိုင်စောင့်နေမယ်လို့'

ပြောသည့်လေသံနှင့် အမူအရာက ကျောက်ဆစ်ရုပ်ပင် ငေါက်ခနဲ ထပြီး ဝယ်ပေးဦးမှာဟု ပြောကာ ပြေးထွက်သွားစေနိုင်လောက်၏။

ထို့ကြောင့် ကောင်းကင်လည်း…

'ဒီလောက်ဆို သဘောပေါက်ပြီ၊ ပြော ဘာအရုပ်ဝယ်ပေးရမှာလဲ'

'ပါဝါရိန်းဂျားစက်ရုပ်'

ပြောပြောဆိုဆို ပန်းတော်ဝင်က ပိုက်ဆံထုတ်ပေးသည်။

ကောင်းကင်က လှမ်းယူကာ လမ်းမတစ်ဘက်ခြမ်းကို ကူးပြီး အရုပ်မျိုးစုံရောင်းသည့် စတိုးဆိုင်ကြီးတွင် ပန်းတော်ဝင်ပြောသည့် ပါဝါရိန်းဂျားစက်ရုပ်ကို ဝယ်လိုက်သည်။

ပြီးမှ လမ်းမတစ်ဘက်ပြန် ကူးကာ ကော်ဖီဘားထဲတွင် ကြည်သာရွှင်ပျ ပြုံးမြမြဖြင့် စောင့်နေရှာသော ပန်းတော်ဝင်လက်ထဲကို ပေးအပ်လိုက်သောအခါ…

'ဒီအရုပ်ပဲ၊ ရှင်က ကျွန်မလိုချင်တဲ့အတိုင်း ကွက်တိဖြစ်အောင် လုပ်ပေးတတ်တယ်၊ သင့်ခ်ယူ၊ ရှဲရှဲနီ၊ ကိုမားစမစ်သား၊ အရီဂတ်တိုး'

'အောင်မလေးနော်၊ ရှုပ်ယှက်ခတ်သွားတာပဲ၊ ဒါနဲ့မေးရဦးမယ်၊ သူငယ်ပြန်တာက မင်းအဘွားနော်'

'ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ'

'အရုပ်က မင်းလိုချင်တာလား၊ မင်းအဘွားလိုချင်တာလား'

ကောင်းကင် စကားကြောင့်ပန်းတော်ဝင်က မျက်စောင်းခဲပြီး



'အဘွားလိုချင်တာပေါ့၊ လိုအပ်ရင် အဘွားနဲ့ရောပြီး ကျွန်မက ကူဆော့ပေးရတယ်လေ၊ ကဲ ရှင်းပြီလား'

'မသိပါဘူး၊ မင်းကိုပါ သူငယ်ပြန်ရောဂါ ကူးစက်နေပြီလားလို့'

'ဒီရောဂါမျိုးက ကူးစက်စရာလားရှင့်၊ လူကြီးတွေမှာ ဒီရောဂါမျိုး ဖြစ်တတ်တာ၊ ရှင်ဟာလေ၊ ထင်ရာမြင်ရာကို အရမ်းကာရော ပြောရမယ်ဆိုရင် လျှာကိုပြိုင်ကားအင်ဂျင်တပ်ထားသလိုပဲ၊ ဘာရိတ်ကလည်းပေါက်လို့'

'ဟော… ဟော… ကျေးဇူးတင်စရာကုန်သွားတော့ ကျေးစွပ်ပြီပေါ့'

'ဒီလောက်လေး ကူညီပေးတာများ၊ ဘယ်အချိန် ဘယ်ကာလအထိ ကျေးဇူးတော်အနန္တ တင်ပြနေရဦးမှာလဲ'

'နေပါစေတော့ဗျာ၊ မှာထားတဲ့ ပါဆယ်လေးပဲ ဆွဲပြီးသွားပါတော့မယ်၊ နောက်တစ်ခါ လမ်းမှာတွေ့ရင် ခေါ်ပြောနှုတ်ဆက်ဖို့တော့ မမေ့နဲ့နော်၊ အဲဒီအချိန်လေးအထိတော့ ဒီအရုပ်ဝယ်ပေးတဲ့ကျေးဇူးရှိသင့်ပါတယ်'

ပန်းတော်ဝင်က မျက်စောင်းခဲပြီး ကျသင့်ငွေကို ရှင်း၏။ ပြီးနောက် ကောင်းကင်ကိုပင် နှုတ်မဆက်ဘဲ ကော့ပက်ကော့ပက်ဖြင့် ကော်ဖီဘားထဲမှ အပြင်သို့ထွက်သွားသည်။

ကောင်းကင်က ပါဆယ်ထုပ်ကမန်းကတန်းဆွဲယူ၍ ပန်းတော်ဝင်နောက်သို့ အမီလိုက်၏။

'ဟေ့… အိမ်ပြန်တော့မှာလား'

'သွားစရာရှိသေးတယ်၊ ရပြီလေ၊ ရှင့်လမ်းရှင်သွားတော့'

'အလို စောစောကမျက်နှာပေးနဲ့ တခြားစီဖြစ်သွားပြန်ပါလား'

www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ ရှင့်အတွက် နောက်ထပ်တစ်ပြားတစ်ချပ်မှ ကျွန်မ အကုန်မခံနိုင်တော့ဘူးနော်'

ကောင်းကင်က ချက်ချင်းမျက်နှာငယ်လေးဖြစ်သွားပြီး…

'ဘာမှထပ်ပြီး မပူဆာတော့ဘူးလေ'

ပန်းတော်ဝင်ကတော့ စိတ်ပျက်လက်ပျက် အမူအရာဖြင့်

'ကဲပါရှင် ရှင်ရစ်ချင်ရင်လည်း စွန့်သွားလွှတ်တော့၊ ကျွန်မ လမ်း ကျွန်မ အေးအေးဆေးဆေး သွားပါရစေ'

ကောင်းကင် ဆက်မနောက်ချင်တော့။ ခေါင်းညိတ်လက်ပြ ကျန်နေခဲ့လိုက်၏။

'ဘိုင့်ဘိုင်'

ပန်းတော်ဝင်ကမူ လှည့်မကြည့်။ ဘယ်လိုကောင်မလေးမျိုး မှန်းကို မသိ။

တချို့သော အကြောင်းတရားတို့သည် အပေါ်ယံ၌မရှိ။ အနက်ရှိုင်းဆုံးအရပ်ထိ ဝင်ကြည့်မှ သိနိုင်၏။

❧

အဲဒီနေ့က ဗလညီမ မွေးနေ့မင်္ဂလာပွဲ ကျင်းပသည်။

ဖိတ်စာအရ ယုဇနဂါးဒင်းဟိုတယ်တွင် ကျင်းပသဖြင့် ဟိုတယ် အရှိန်ဖြင့် မွေးနေ့လက်ဆောင်ကို တူတူတန်တန် ဝယ်ပေးရ သည်။

ဟိုတယ်ရောက်သောအခါ လက်ဖက်ရည်နှင့်မုန့်သာ ဧည့်ခံ၏။ အပူမကြိုက်သူအတွက် အအေးသပ်သပ် စီစဉ်ပေး၏။ ဗလတို့ ဆွေမျိုးအသိုင်းအဝိုင်း ဟိတ်ဟန်ထုတ်တတ်ပုံကို သိထားသဖြင့် လက်



ဆောင်ဘိုး တော်တော်စားသွားသည်။ သူငယ်ချင်းညီမဆိုတော့လည်း သောင်းကျော်တန်လက်ဖွဲ့နှင့် ဧည့်ခံလက်ဖက်ရည်လဲလှယ်၍ သည်းခံ သောက်ရတော့၏။

သူရကတော့ သောင်းကျော်တန် လက်ဖက်ရည်ကို တတွတ် တွတ်ပြော၍ သဘောကျမဆုံး ဖြစ်နေ၏။ ပေါ့ပေါ့ပါးပါး စားဝိုင်း သောက်ဝိုင်းဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင်လည်း ဘူဖေးလေးတော့ အားပေး ရချည်သေးရဲ့ဟု တွေးထင်အားခဲခဲ့သမျှ ဧည့်ခံပွဲရောက်မှပဲ သူတို့ နှစ်ယောက် ဂိန်သွားတော့၏။

ဟန်ဆောင်ပန်ဆောင် ခဏထိုင်ပြီး ပြန်မည်ပြင်တော့ ဗလ ရောက်လာပြီး…

'မင်းတို့ပြန်ရင် ငါလည်းလိုက်မယ်'

'ဘယ်ဟုတ်မလဲ… မင်းညီမမွေးနေ့မှာ မင်းနေပေးဦးမှ ပေါ့'

'မင်း ဘာသိလို့လဲ၊ ဝင်လာတဲ့ဧည့်သည်တိုင်းကို ပြုံးပြနေ ရတာ အာတွေညောင်းပြီး သွားတွေအအေးပက်နေပြီ'

ပြောဆိုဖျောင်းဖျမရ၍ ဗလကို ပြန်ခေါ်လာရသည်။ လမ်း တွင် ဖက်ရှင်ရှော့ပ်တစ်ခုရှေ့မှ အဖြတ် ဘာရယ်မဟုတ် ဆိုင်အတွင်း သို့ ကောင်းကင် လှမ်းကြည့်မိလိုက်သည်။

'သူရ ကားကို အရှိန်လျှော့၊ မြန်မြန်လျှော့'

ဖက်ရှင်ရှော့ပ်ထဲတွင် အနောက်တိုင်းသတို့သမီးဝတ်စုံ စမ်း သပ်ဝတ်ဆင်နေသော ပန်းတော်ဝင်နှင့်တူသူကို ဖျတ်ခနဲ တွေ့လိုက်ရ၍ ကားကို အမြန်ရပ်ခိုင်းလိုက်ခြင်းပင်။

ကားမှာ အရှိန်လျှော့ရာမှ ရပ်သွား၏။ နောက်ပြန်ဆုတ်၍ လည်းမရ။ ကွေ့ပတ်နေလျှင်လည်း ကြာမည်။ ထို့ကြောင့်…

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ ကားကွေ့လို့ရမယ့်နေရာထိ မောင်းသွားပြီး ဒီနေရာကို ပြန်လှည့်လာခဲ့၊ ငါ ခဏဆင်းနေခဲ့မယ်၊ အရေးကြီးလို့'

'ဘာအရှုပ်ထတာလဲ ကောင်းကင်၊ ဘာဖြစ်တာလဲဆိုတာလည်း ပြောဦးလေ'

လက်ကာပြပြီး ကောင်းကင် ကားပေါ်မှဆင်းနေခဲ့လိုက်၏။ ပြီးနောက် ဖက်ရှင်ရှော့ပ်ရှေ့သို့ ခပ်သွက်သွက် ပြန်လျှောက်သွားလိုက်၏။

ဆိုင်ရှေ့ရောက်သောအခါ မြင်နိုင်သောနေရာမှ လှမ်းကြည့်လိုက်၏။

သေချာပါသည်။ ပန်းတော်ဝင်မှ ပန်းတော်ဝင် အစစ်။ သတို့သမီးဝတ်စုံ ဂါဝန်ကြီးဝတ်ပြီး ရှေ့မှကြည့်ရှုနေသူများအား ဟန်ရေးပြနေ၏။ ပန်းတော်ဝင် မျက်နှာက စိတ်ပါလက်ပါ သိပ်ရှိပုံမရ။ မဖြစ်သာ၍ ကြည်သာရွှင်ပျ ဟန်ဆောင်နေမှန်း သိသာ၏။

ပန်းတော်ဝင် ရှေ့တွင် အကဲဖြတ်နေကြသည်က ပန်းတော်ဝင်၏ မိဘနှစ်ပါး။

သမီးဖြစ်သူကို လင်ကောင်း သားကောင်း ရွေးချယ်ပြီး အမြန်ဆုံး အိမ်ထောင်ချပေးနေချင်ရှာသူများ။

သူတို့အေးတွင် အရပ်မြင့်မြင့်နှင့် လူငယ်တစ်ယောက်။ သပ်ရပ်ခန့်ငြားတောက်ပြောင်သော ဝတ်စားဆင်ယင်မှုဖြင့် ပန်းတော်ဝင်အား တစ်စုံတစ်ခု လှမ်းပြောနေ၏။

ထိုလူငယ်နှင့် မလှမ်းမကမ်းတွင် ပန်းတော်ဝင် မိဘများနှင့် သက်တူရွယ်တူလောက်ရှိမည့် စုံတွဲတစ်တွဲကို တွေ့ရ၏။ လူငယ်၏ မိဘများဖြစ်ပါလိမ့်မည်။

မြင်တွေ့ရသော အခြေအနေကို သူ ခြုံငုံတွက်ဆလိုက်ပြီး



ကားပြန်ရောက်လာမည့် နေရာတွင် ပြန်ရပ်စောင့်နေလိုက်၏။

ကားပြန်ရောက်လာ၍ ကောင်းကင် ကားပေါ်ပြန်တက်ပြီးသည်နှင့်...

'ဘာဖြစ်လို့လဲ ကောင်းကင်'

ဗလက သူ့ပခုံးကို ပုတ်ပြီးမေး၏။ သူရကပါ အသာငဲ့ကြည့်ရင်း မေးဆတ်ပြ၏။ ကောင်းကင်က...

'ငါ့ရင်ထဲမှာ တစ်ခုခုဖြစ်သွားသလိုပဲ'

ညှိုးနွမ်းနေသော ပန်းတော်ဝင်မျက်နှာလေးကို ပြန်မြင်ယောင်လာပြီး ကောင်းကင် ရင်ထဲရှိ ခံစားမှုများ အတောင်ပေါက်ချင်သလိုလို ဖြစ်လာ၏။

ပန်းတော်ဝင် သူမ ဘယ်လိုလုပ်မလဲ။ သူမကို သူတို့ အတင်းအကြပ် အိမ်ထောင်ချပေးကြရင် ပန်းတော်ဝင် ဘယ်လိုနေသွားမလဲ။ ဘယ်လိုဖြစ်သွားမလဲ။ ဘယ်လိုခံစားသွားရမလဲ။ စသည့် စသည်ဖြင့် အတွေးတွေက ဝေ့လည်လည်...

သူရ ကားဘရိတ်ကို အတင်းဖိတ်အုပ်လိုက်၍ လူတစ်ကိုယ်လုံး ခါထွက်သွားမှ...

'ဟ... ဖြည်းဖြည်းလုပ်ပါကွ'

'တို့ကဖီးကိုရောက်နေပြီ ကြည့်လိုက်ဦး'

သူရစကားကို ဗလက...

'ဒီကောင် ဒီနေ့ ဘာတွေဖမ်းစားခံနေရလဲ မသိဘူး၊ တစ်လမ်းလုံး မေးနေတာ ဟုတ်တိပတ်တိ ဘာမှပြန်မပြောဘဲ လဒဝမ်းလျှောတဲ့ရုပ်နဲ့ ထိုင်လိုက်လာတယ်၊ လုပ်ကွာ၊ တီးဝိုင်းမှာ ဝိုင်းတီးပြီး မေးလိုက်ရအောင်'

တီးဝိုင်းတွင် ထိုင်မိကြသောအခါမှ ကောင်းကင်က...

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ဝိုင်းတီးမမေးခင် ငါပြောပြမယ်၊ ဒီလိုကွ'

ကောင်းကင် စကားကို စိတ်မရှည်နိုင်သော မျက်လုံးများဖြင့် အလွတ်မပေးစတမ်း အားပေးနေကြ၏။

'မင်းတို့ကို ငါ အရင်တလောက ပြောပြခဲ့တယ် မဟုတ်လား၊ ငါ့ကို အိမ်ကမိန်းမပေးစားမယ်ဆိုတဲ့ ကိစ္စလေ၊ အဲဒီကောင်မလေးကို ဟိုဖက်ရှင်ရှော့ဖ်ထဲမှာ သတို့သမီးဝတ်စုံ အစမ်းဝတ်ကြည့်နေတာ တွေ့လို့ကွ'

'အဲဒါဘာဖြစ်လဲ'

'ငါ့စိတ်ထဲ ထင့်နေတယ်၊ သူ့မိဘတွေက ငါနဲ့ကိစ္စ ပျက်သွားတဲ့နောက်ပိုင်း တခြားတစ်ယောက်နဲ့ ပေးစားဖို့ အတင်းစီစဉ်နေတယ်လို့ ထင်တယ်၊ သူ့မျက်နှာ ကြည့်ရတာ ခပ်ညှိုးညှိုးပဲ၊ စိတ်ပါလက်ပါလည်း ရှိပုံမရဘူး'

'ဒါက မင်းစိတ်ထင်လို့လည်း ဖြစ်နိုင်တာပဲ၊ မိန်းကလေးပါဆို၊ သူ့ခင်ပွန်းလောင်း ယောကျ်ားမလောင်းတွေရှေ့မှာ ကျွန်မ ယောကျ်ားယူရမှာ အရမ်း အရမ်းကို ဝမ်းသာတာပါပဲရှင်ဆိုတဲ့ အမူအရာမျိုး ဘယ်သူက လုပ်ပြနေမှာလဲ'

'မဟုတ်သေးဘူးကွ၊ မင်းတို့ပြောသလိုမျိုး မဖြစ်နိုင်ဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ'

'တစ်ခုခုဖြစ်ဖြစ် နှစ်ခုခုဖြစ်ဖြစ်ကွာ မင်းလည်း ငြင်းခဲ့ပြီးပြီပဲ၊ မင်းတို့နှစ်ယောက်ကိစ္စက ပြတ်သွားပြီပဲ'

'နေဦးကွ၊ မင်းတို့မသိသေးတာ ရှိသေးတယ်၊ ပြီးခဲ့တဲ့ အပတ်က သူနဲ့ငါ မြို့ကထဲမှာ ဆုံမိသေးတယ်၊ အဲဒီမှာ ငါ့ရင်ထဲကို တစ်ချက်ထိသွားသလိုပဲ'

'ကလေးတွေပြောသလို ဟတ်ထိသွားတယ်ပေါ့'



'အဲလိုလည်း သိပ်အပီအပြင်ဘော့ မဟုတ်ဘူးကွ'

'ဝေ့နေလိုက်တာ ကောင်းကင်ရာ၊ ငါ စိတ်မရှည်ချင်တော့ဘူး၊ အဲဒီတော့ ဘာလုပ်ချင်လဲ ပြော'

'အေးလေ'

'ငါလည်း အဲဒါကို အခုတစ်လမ်းလုံး စဉ်းစားလာတာကွ'

ကောင်းကင်၏ စကားအဆုံးတွင် သူရက မရှိသည့် မုတ်ဆိတ်တိုနံ့နံ့ ကျဲပါးပါးကို ပွတ်သပ်သယောင်နှင့် ဆရာကြီးဝိုက်ဖမ်း၏။ ဗလက နဖူးကြောကို အစွမ်းကုန်ရှုံ့ရင်း ဆိုင်ရှေ့တူရူအဝေးသို့ အကြည့်ကို ပို့ကာ ရေနွေးကြမ်းခွက်ကို ပါးစပ်နားတေ့လျက် မသောက်သေးဘဲ တကယ့် အတွေးသမားကြီးပုံဖမ်းကာ ဂိုက်ပေးကြမ်းလျက်ရှိ၏။

အတန်ကြာ (လက်ဖက်ရည်ဆိုင်တွင် ရေနွေးကြမ်းအိုးတစ်အိုးကုန်)သောအခါ သူရထံမှ မျက်ချက်ချည်း ထွက်လာ၏။

'ဒီအတိုင်းဆို ဒီကလေးမရဲ့ ဘဝက သနားစရာပဲ'

ထိုအခါမှ ဗလက ပါးစပ်နားတေ့ထားသည့် ရေနွေးခွက်ကို မော့သောက်၏။ ပြီးမှ စီးကရက်တစ်လိပ်ကို မီးညှိပြီး တစ်ရှိုက်ရှိုက်ကာ ဟန်ပါပါ မီးခိုးမှုတ်ထုတ်၍ ကျန်လူများကို ဝေ့ဝိုက်ကြည့်သည်။ ထို့နောက်...

'ငါလည်း အဲဒါပဲ ပြောမလို့'

ကျန်နှစ်ယောက်က ဗလအား ဘုကြည့်ကြည့်ကြသည်။ ထိုအခါမှ...

'ငါတို့ ဘယ်လိုအကူအညီပေးရင် ကောင်းမလဲ၊ အဲဒါကို ဝိုင်းစဉ်းစားကြလို့ ပြောမလို့ပါဆို'

သူရကတော့...

'စောစောက ငါတို့တွေးထင်ချက်သာ မှန်မယ်ဆိုရင် ကလေး

www.burmeseclassic.com

www.burmeseclassic.com



မကြောင့် ဟက်ထိသွားတယ်ဆိုတဲ့ ဟိုကောင်လေးလည်း သနားစရာ ဖြစ်တော့မှာပဲ'

'ဟုတ်ပ ကိုရင်ရယ်၊ ကိုရင့်အတွေးအခေါ်က တိုးတက်ပြီး ရင်း တိုးတက်လာသလိုပဲ ထင်ရပါ့'

'ဒါကတော့ ကိုရင်ရယ်၊ ကိုရင်နဲ့အတူ နေ့စဉ်ထိတွေ့ဆက်ဆံ ပေါင်းသင်းတိုင်ပင်ဆွေးနွေး ပြောဆိုငြင်းခုံနေရတာ ဆိုတော့'

သူရနှင့်ဗလ တစ်ယောက်တစ်ပြန် မြှောက်ပင့်မျက်နှာပြောင် နေကြသည်ကို ကောင်းကင်မှာ စိတ်မဝင်စားအား…

'ငါတို့ ဘာဝင်လုပ်ပေးသင့်သလဲ၊ ဘာလုပ်ပေးသင့်သလဲ'

သူရက…

'မင်း အဓိကပဲ၊ အဲဒီကောင်မလေးကို ခုမှ လက်ထပ်ချင်လာ သလိုလိုနဲ့ ပြန်ပြီးဝင်ယှဉ်ကြည့်ပါလား'

'ရမလား၊ သူ့မိဘတွေက ငါ့ဆို လုံးဝချဉ်သွားပြီ'

'ဘာလို့မရရမှာလဲ၊ မင်းစကားအရ မင်းမိဘတွေရဲ့မျက်နှာ ရှိသေးတယ်လေ၊ မင်းကသာ အသာကျို့ဝင်သွား၊ အဲဒီလူကြီးတွေ အတားအဆီးတွေ ကြာရှည်တောင့်ခံမထားနိုင်ပါဘူးကွ၊ မင်းက ပထမ ပါ၊ ကျန်တဲ့ဒုတိယ၊ တတိယတွေနဲ့ ယှဉ်ရင် မင်းကသာပြီးသား'

'မဖြစ်ဘူးထင်တယ်၊ ပန်းတော်ဝင် အဘိုးကြီးက ငါ့ဆို ဆိုးဆောရီးဖြစ်နေပြီ'

ဗလက ဝင်ငေါ့သည်။

'သူရ မစဉ်းစားနဲ့တော့၊ အဲဒီကောင်မလေး ဖြစ်ချင်ရာဖြစ်ပါ စေ၊ ငါတို့နဲ့ အနေသာကြီး'

ကောင်းကင်ကမူ…

'ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ၊ မင်းတို့ရဲ့ ညီမလေး၊



တူမအကြီးဆုံးလေးလို့ သဘောထားကြည့်၊ ကိုယ်ချင်းစာကြည့်၊ ကောင်မလေး စိတ်ဆင်းရဲနေရရှာမှာ၊ သနားစရာပါကွာ'

'မင်းသနားတာ ငါသိပါတယ် ကောင်းကင်ရာ၊ အဲဒီလိုသာ သနားရမယ်ဆိုရင် ကိုယ်ပိုင်ကားမစီးနိုင်လို့ ဘတ်စ်ကားကျပ်ကျပ် တိုးစီးနေရတဲ့ ကောင်မလေးတွေကို မင်းပိုပြီး သနားသင့်တယ်၊ မင်း ကောင်မလေးက ရွှေပေါ်မြတင်'

'ဟုတ်တယ် ကောင်းကင်၊ သူရပြောတာ မှန်တယ်၊ လမ်း ဘေးမှာ ဈေးရောင်းနေရတဲ့ ကောင်မလေးတွေ၊ ပန်းရံနောက်လိုက်လုပ် နေရတဲ့ ကောင်မလေးတွေရဲ့ဘဝဆို မင်း ကောင်မလေးဘဝထက် အဆတစ်ရာလောက် သနားဖို့ကောင်းတယ်'

'မင်းတို့ပြောတာ သဘာဝကျပါတယ်၊ မင်းတို့ပြောတဲ့ ကောင်မလေးတွေလည်း သနားသင့်တာ မှန်ပါတယ်၊ ရုပ်ပိုင်းဆိုင်ရာ အရ ပန်းတော်ဝင်ထက် ပိုပြီးသနားသင့်တယ်၊ ဒါပေမဲ့ သူတို့က ပန်းတော်ဝင်လို အကျဉ်းခံအမိန့်ခံဘဝမဟုတ်ဘူး၊ ပန်းတော်ဝင်က မင်းတို့မြင်တဲ့အပြင်ပိုင်းဆိုင်ရာတွေ ရှိနေပေမဲ့ စိတ်ပိုင်းဆိုင်ရာ မလွတ် လပ်မှု၊ နှောင်တည်းမှုတွေနဲ့ မွန်းကြပ်ပိတ်လှောင်'

'တော်ပါတော့၊ တော်ပါတော့၊ ပန်းတော်ဝင်ရှေ့နေကြီးရယ်၊ မင်းစကားပြောကောင်းပုံက အယောင်ဆောင် ပုရိသတွေရဲ့ စကား တန်ဆာဆင်တတ်ပုံနဲ့ ချွတ်စွပ်တူပါပေရဲ့'

'ငါ့ကို အသားလွတ်ကြီး ဖြတ်လိုက်တာပေါ့ သူရ'

သူရက မကြားယောင်ပြု၍ စပ်ဖြဲဖြဲလုပ်နေ၏။ ဗလက နေ့ခင်းကြောင်တောင် နက္ခတ်တာရာကြည့်သလိုလို မိုးပေါ်ကို ဟိုကြည့် ဒီကြည့် မော့ကြည့်နေ၏။

ကောင်းကင်ကတော့ ကိုယ်ပိုင်သီးသန့် အတွေးကမ္ဘာဆီ ဖန် ဆင်းကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းသလို၊ သနားစရာလည်း ကောင်းသည့် ပန်းတော်ဝင် . . .။

သူ့ရင်ထဲ လှပ်ခနဲ လှိုက်ခနဲ ဖို၏။

ပါးပြင်ကို လက်ဝါးဖြင့် စမ်းမိပြန်တော့ ကျောချမ်းချင်လာသလိုလို။

ဒိုင်းခနဲ ဒိုင်းခနဲ ထိုးတက်သည့် မျက်စောင်းချိုချိုများကို သတိရမိတော့ ပြုံးမိချင်သလိုလို။

ငါ့ဘဝထဲမှာ မဆီမဆိုင် အလုပ်ပိုတစ်ခုကို တွေးပြီး စိတ်ညစ်ပေးရတဲ့သူဟာ မင်းတစ်ယောက်ပဲ ရှိလိမ့်မယ်ထင်တယ် ပန်းတော်ဝင်။

သူ့စိတ်ကို လမ်းမတစ်လျှောက် လွှတ်လိုက်သောအခါ . . .

ရောက်ရှိသွားသောနေရာမှာ . . .

## အခန်း(၆)

သူက စတင်တွေ့ဖို့ ကြိုးစားခြင်းဖြစ်သဖြင့် အချိန်အတန်ငယ် ယူ၍ လှေလာရသည်။ ပန်းတော်ဝင်က တစ်ပတ်တစ်ခါ ဈေးဝယ်လိုက်တတ်၏။

ယောကျ်ားဝတ် ရှပ်အင်္ကျီရှည်ကြီးနှင့် တွဲဖက်၍ ထမီတိုတိုဝတ်တတ်၏။ မျက်နှာကို အခြယ်အသမရှိတတ်။ တစ်ခါတစ်ရံ သနပ်ခါးဘဲကြားလူးပြီး စွယ်တော်ရွက်ပုံ ပါးကွက်ကြီးက ကွက်ထားပိုက်သေး၏။

သူ တွေ့ရန် စောင့်နေသည့် နေ့တွင် ပန်းတော်ဝင်နှင့် ချောအိမ်တို့ ဈေးဝယ်ထွက်လာကြ၏။

ဂျင်းပန်အတို ဒူးခေါင်းလောက်ကို ရှပ်လက်ရှည်ဖြူပြာရောင်နှင့် တွဲစပ်ဝတ်ထား၏။ သနပ်ခါးရေကျဲလူးပြီး ညောင်ရွက်ပုံပါးကွက် ကွက်ထား၏။ သူမတို့ လာရာလမ်းဘေးရှိ ကွမ်းယာဆိုင်တွင် သကြားလုံး ဝင်ဝယ်သလိုလိုနှင့် တန်းလန်းဆွဲထားသော မုန့်ထုပ်များကြားမှ ငေးကြည့်နေသည့် သူ့ကို သူမတို့ မမြင်။

သူ့ကိုကျော်ဖြတ်သွားသောအခါ နှစ်လံအကွာလောက်မှာကသာ ခွာ၍လိုက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



လေကြောသင့်နေ၍လားမသိ။ ရှင်မတောင်သနပ်ခါးနံ့သင်းသင်းကို ရှူရှိုက်လိုက်ရ၏။ ရုပ်အင်္ကျီဖားဖားကြီး ဖုံးထားသော်လည်း လှမ်းလိုက်သည့် ခြေလှမ်းများက ပန်းတော်ဝင်၏ နောက်ပိုင်းအလှကို စွင့်ခနဲ လှစ်ခနဲ ကောက်ကြောင်းပြပြသွား၏။

ကြည့်စမ်း မင်း ဒီလောက်ဆွဲဆောင်မှုရှိမှန်း အရင်က လုံးဝမသိခဲ့ရပါလား ပန်းတော်ဝင်…။

တစ်လမ်းလုံးပင် ချောအိမကာ ရပ်ကွက်ထဲမှ သတင်းစုံ၊ အတင်းစုံကို ကရားရေလွှတ်သလို တတွတ်တွတ် ပြောလာ၏။ ပန်းတော်ဝင်က ရယ်သင့်တာရယ်လိုက်၊ ပြုံးသင့်တာပြုံးလိုက်၊ အံ့အားသင့်တာ အံ့အားသင့်လိုက်နှင့် ပုံမှန်သူတို့တိုင်မင်နှင့်သူတို့ လိမ့်နေကြ၏။

ဈေးနားကိုရောက်ခါနီးသောအခါ ကောင်းကင်က ချောင်းဟန့်လိုက်၏။

စက်ဘီးစီးလာသူ ဆိုက်ကားနင်းလာသူ ထင်၍ သူမတို့နှစ်ယောက် လမ်းဘေးကို တိုးကပ်၍ ရပ်ပေးကြ၏။ သို့သော် စကားပြောမပျက်။ နားထောင်မပျက်။

သူထပ်၍ ချောင်းဟန့်လိုက်သောအခါ…

နှစ်ယောက်သား စူးစမ်းသလို လှမ်းကြည့်ကြ၏။ သူ့ကိုတွေ့သွားသောအခါ ပန်းတော်ဝင် မျက်ဝန်းတွင် မေးခွန်းရိပ်တချို့ ဖြတ်ပြေးသွား၏။

'ဈေးသွားကြမလို့လား'

'ဟုတ်… အင်… ရှင်က ဘာလိုက်လုပ်ဦးမလို့လဲ'

ကောင်းကင်က အေးဆေးအမူအရာဖြင့် အသာလက်ကာပြလိုက်ရင်း…

'ပန်းတော်ဝင်ကို စကားနည်းနည်း ပြောစရာရှိလို့ပါ'



သူ့စကားကြောင့် ပန်းတော်ဝင် တွေခနဲတစ်ချက်ဖြစ်သွားသည်။

ပြီးမှ ချောအိမကို…

'မိချော… နင် ဈေးထဲမှာ ဝယ်စရာရှိတာ သွားဝယ်လိုက်၊ ငါ ဈေးအပြင်ကပဲ စောင့်နေမယ်'

ချောအိမက ဈေးခြင်းဆွဲပြီး ပန်းတော်ဝင်ပေးသော ငွေကိုလှမ်းယူကာ ဈေးဘက်သို့ ကော့ပက်ကော့ပက်ဖြင့် ထွက်သွား၏။ ဈေးဖိုးပိုတင်လို့ရတဲ့ငွေကို တိတ်တိတ်ကလေး လက်သုပ်စုံဝယ်အုပ်ပစ်လိုက်မည်ဟု စိတ်ကူးများရသွားလေရော့သလား မသိ။

'ကဲ… ရှင်ပြောချင်တာ ပြောလို့ရပြီ'

'နောက်ထပ်သတို့သားလောင်း တစ်ယောက်ကို ပန်းတော်ဝင်သဘောမကျဘဲနဲ့ မင်းအိမ်က ရွေးချယ်နေပြန်ပြီ မဟုတ်လား'

'ရှင် ဘယ်လိုလုပ် သိလာတာလဲ'

ကောင်းကင်က ပန်းတော်ဝင်တို့ကို ဖက်ရှင်ရှော့ဖ်တွင် လှမ်းတွေ့ခဲ့ကြောင်း ပြောပြလိုက်၏။ ပန်းတော်ဝင် နားရှည်လည်သွားသောအခါမှ…

'အဲဒီလိုတွေကြောင့် ကျွန်မလည်း အရမ်းစိတ်ညစ်နေတာပဲ သိလား'

'သိနေတယ်လေ၊ သိနေလို့ အကူအညီပေးရအောင် အခုလို အနားရောက်လာတာပေါ့'

'ရှင်က ဘာအကူအညီပေးနိုင်မှာမို့လဲ'

'အရင်တစ်ခါလိုပေါ့'

'ရှင့်မှာမှ အဲဒီလိုအခွင့်အရေးမျိုး မရှိတော့တာပဲဟာ'

'သဘောတရားကတော့ ဆင်တူရိုးမှားပဲလေ၊ အဓိကက အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



လူအပေါ် မင်းအိမ်က စိတ်ပျက်သွားဖို့ရယ်၊ အဲဒီလူက မင်းနဲ့မင်းအိမ်အပေါ် စိတ်ပျက်သွားဖို့ပဲ မဟုတ်လား'

'ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီလူက ဖေဖေ့ရဲ့ဆရာလို သဘောထားရတဲ့ လူရဲ့သားဖြစ်နေတယ်၊ စိတ်ပျက်ရင်ပြီးရောဆိုပြီး လုပ်ချင်သလို လုပ်လိုက်လို့ မရဘူးဖြစ်နေတယ်'

'ဆရာလို သဘောထားရတဲ့လူရဲ့သားပဲကွာ ဆရာမှ မဟုတ်တာ၊ ထားပါလေ၊ မင်းမိဘတွေအတွက် မျက်နှာပျက်စရာ အားနာစရာမဲ့ကိစ္စကို ကိုယ်တို့မလုပ်မိကြရင် ပြီးတာပဲ မဟုတ်လား၊ သူတို့အကြောင်းကို သေသေချာချာ လေ့လာကြည့်ရသေးတာပေါ့၊ သူတို့အတွက် အားနည်းတဲ့နေရာ ဟာကွက်တစ်ခုခုတော့ တွေ့မှာပါ'

'ကျွန်မကိုယ်တိုင်လည်း ခေါင်းအေးအေးထားပြီး လွတ်ကွက်ဟာကွက်ကို ရှာနေပါတယ်'

'ရှာနေရင်းနဲ့ပဲ သတို့သမီးဝတ်စုံ အစမ်းဝတ်ကြည့်ရတဲ့အဆင့်ကို ရောက်နေပြီ မဟုတ်လား'

'ဟုတ်ပါရဲ့ရှင်၊ အမှန်အတိုင်းပြောရရင် ကျွန်မလည်း အဲဒီကိစ္စအတွက် တော်တော်ခေါင်းစားနေရတာပါ'

'ငါနဲ့ကိစ္စတုန်းကတော့ ဉာဏ်နီဉာဏ်နက်တွေ အလွယ်တကူထွက်သလောက် မင်း ဦးနှောက်ခမ်းနေပြီ မဟုတ်လား'

'ထားပါလေ၊ ဒါနဲ့ ရှင်ကရော ဘာကြောင့် ဒီလောက် ခဲရာခဲဆစ်ကိစ္စကို ဝင်ပြီး ကူညီချင်နေရတာလဲ'

'အင်းနော်၊ ဟုတ်ပါရဲ့၊ ညကျမှ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး ပြန်ဆန်းစစ်ကြည့်ရဦးမယ်၊ တစ်ခုတော့ ရှိတယ်၊ ကိုယ့်ငွေနဲ့ကိုယ် အိုက်စ်ကရင်ခ်ဝယ်မစားဖြစ်တာတော့ နည်းနည်းကြာနေပြီ'



'ထင်တော့ ထင်သလိုလိုရှိသား၊ ဒီတစ်ခါ ကူညီပေးရင်လည်း အိုက်စ်ကရင်ခ်ပဲ ဝယ်ကျွေးရဦးမှာလား'

'အဲဒါနဲ့ ဆန့်ကျင်ဘက်'

'ကျေးဇူးပဲ၊ ရေနွေးကြမ်းပေါ့'

'မဟုတ်ဘူး၊ ဟော့ပေါ့'

'ဖြစ်ရမှာပေါ့ရှင်'

'ဒါနဲ့ ညဘက်မှာ မင်းဆီကို ဖုန်းဆက်တိုင်ပင်လို့ရလား'

'ရတယ်၊ အခန်းထဲမှာ ဖုန်းအပိုတစ်လုံးရှိတယ်၊ သူငယ်ချင်းတွေနဲ့ ပြောဖို့လေ၊ ဧည့်ခန်းဖုန်းကို မိချောနဲ့ စောင့်ကြည့်ခိုင်းထားရင်ဖြစ်ပါတယ်'

'တိုင်ပင်စရာများနေရင် တစ်ညလုံး ဆက်မှာနော်'

'လိုအပ်တာပြောပြီးရင်တော့ ဖုန်းပလပ်ဖြုတ်ပစ်မှာပေါ့'

'အဲဒါဆို မင်းရဲ့ဟမ်းဖုန်းကို ဆက်လိုက်မှာပေါ့'

'ကျွန်မနဲ့ ဟမ်းဖုန်းနံပါတ်ကို ရင်းနှီးတဲ့သူငယ်ချင်းတွေကလွဲလို့ ဘယ်သူကိုမှ မပေးထားဘူး'

'ငါက မင်းဟမ်းဖုန်းနံပါတ် ပေးရလောက်တဲ့ အဆင့်မဝင်ဘူးပေါ့'

'လောလောဆယ်တော့ အဲဒီသဘောပါပဲ'

'ဒါဆိုရင် ကြိုးဖုန်းနဲ့ပဲ လိုအပ်တဲ့စကားကို မိုးလင်းခါနီးမှ ပြောမယ်'

ကောင်းကင် လိုက်ပိတ်လိုက်သောစကား ပန်းတော်ဝင်က မရရအောင် အသာအယာ ရှောင်တိမ်းသွားပုံမှာ...

'ဒါဆိုလည်း ရတယ်၊ လိုအပ်တဲ့စကားပြောမဲ့အချိန်ကျမှပဲ ဖုန်းပလပ်ကို ပြန်တပ်တော့မယ်'

www.burmeseclassic.com



'ကဲ… ဘယ်လိုကြံစည်သင့်တယ်ဆိုတာ မင်းတို့ဝိုင်းပြီး စဉ်းစားပေးကြပေတော့'

ကောင်းကင် အကြောင်းအရာကို မေးခွန်းဖို့၍ ချပေးပြီး နောက်ဆုံးပိတ်ပြောလိုက်သောစကားပင် ဖြစ်သည်။ သူရက ထုံးစံအတိုင်း မှတ်ဆိတ်ကို အသာသပ်နေ၏။ ဗလကလည်း ထုံးစံအတိုင်း ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်နေ၏။ ကောင်းကင်က ဘလက်ကော်ဖီခွက်ထဲ သံပုရာသီးစိတ်ကို ညှစ်ထည့်နေရင်း သူတို့နှစ်ယောက်ထံမှ ထွက်ပေါ်လာမည့်စကားသံကို နားစွင့်နေလိုက်၏။

'ပန်းတော်ဝင်နဲ့ စေ့စပ်ပေးမယ့်ကောင်ကို နှာခေါင်းကဆွဲပြီး ကိုင်ပေါက်ပစ်လိုက်ကွာ၊ ပန်းတော်ဝင် အနားကို မကပ်ဖို့ ဝမ်နင်ပေးလိုက်၊ ဒါမှလန့်ပြီး နောက်ဆုတ်သွားလိမ့်မယ်'

သူရ၏ အကြံ။ ထိုအဆိုကို ဗလက ခေါင်းခါငြင်းဆို၍ သူ့ အကြံကို ချပြသည်။

'ကောင်းကင် အရင်တစ်ခါလုပ်သလိုပဲ ပန်းတော်ဝင်ကို ရှူးချင်ယောင်ဆောင်ခိုင်းလိုက်ပေါ့ကွာ၊ လွယ်လွယ်လေးပဲ ဥစ္စာ'

'မင်းခေါင်းကတော့ ခုံဖိနပ်နဲ့ ခေါက်ပြီး ဆုချဖို့ကောင်းနေပြီ၊ အဲဒါမျိုးလုပ်ရင် ပန်းတော်ဝင်ကို အဲဒီပြစ်မှုပြန်ပတ်သွားမှာပေါ့'

သူရ၏ စကားကြောင့် ဗလ ငြိမ်သွား၏။ ကောင်းကင်က ကော်ဖီကို ခွန်းဖြင့် စိမ်ပြေနပြေ မွှေနေရာမှ…

'ငါကတော့ ပန်းတော်ဝင်ကို ပထုတ်လိုက်ချင်တယ်၊ ဒီလိုကွာ၊ လူကြီးတွေ ဇွတ်စီစဉ်တဲ့အတွက် ပန်းတော်ဝင်က စိတ်ညစ်လို့ အိမ်ကထွက်သွား၊ လူကြီးတွေက လိုက်ခေါ်၊ ပန်းတော်ဝင်က သမီးကို ဒီလိုအတင်းအကျပ်ပေးစားရင် နောက်ဆို ဒီလိုထွက်ပြေးရုံတင်မဟုတ်



ဘူး၊ ကိုယ့်ကိုယ်ကိုယ်ပါ ဘာညာသာရကာပေါ့ကွာ၊ ဟန်နဲ့ခြောက်လိုက်ရင် သူ့မိဘတွေ သူတို့ဘာသာသူတို့ ဆင်ခြင်သွားမယ်ထင်တာပဲ'

'အဲဒါလည်း ဘာထူးလဲ ငတိရဲ့၊ ပန်းတော်ဝင်အပေါ်ပဲ အပြစ်ပြန်ပုံကျမှာပေါ့'

'မင်းပြောတာလည်း ဟုတ်တာပဲ၊ ကဲပါကွာ၊ လုပ်စမ်းပါ သူရ၊ ငါတို့ထဲမှာ မင်းက ခေါင်းပိုကြီးတယ်၊ ဉာဏ်ပိုများမှာပေါ့၊ ကြံစမ်းပါဦး'

သူရနှင့်ဗလက စာမေးပွဲဝင်ဖြေသော ကျောင်းသားများလို စဉ်းစားခန်းဝင်နေကြ၏။ ခဏအကြာတွင် သူရက…

'မင်းနဲ့ ပန်းတော်ဝင် မပြတ်သေးတဲ့ပုံနဲ့ မင်း ပြန်ဝင်ကွာ၊ ပန်းတော်ဝင်နဲ့တော့ မင်း အရင်ညှိထားရမှာပေါ့၊ အဲဒီ ငတိစိတ်ပျက်တဲ့အထိ မင်း ဝင်လှုပ်ရှားလိုက်နိုင်ရင် အဆင်ပြေသွားနိုင်တယ်၊ ပန်းတော်ဝင်လည်း အပြစ်မကျနိုင်တော့ဘူး'

ကောင်းကင် စဉ်းစားသွားရ၏။ ပန်းတော်ဝင်နှင့် ကိစ္စ သူ့ကြောင့် ပျက်ပြားသွားရသဖြင့် သူ့အိမ်က သူ့ကို မကျေနပ်။ သူ့ကြောင့် လူကြီးတွေ မျက်နှာပျက်ရသည်ဟုဆိုကာ သူ့အဖေက အိမ်ပေါ်မှ ကန်ချမည်တကဲကဲဖြစ်နေ၏။ ပန်းတော်ဝင်ကို သူ အခုမှ ပြန်စိတ်ဝင်စားလာပါသည်ဟု အိမ်ကိုအကြောင်းပြလိုက်ပြီး ပန်းတော်ဝင်နှင့်သူ ပြန်ဖြစ်သွားလျှင် နောက်ပိုင်းအရေးကို နောက်ပိုင်း အတွေးဖြင့် ရှင်းထုတ်နိုင်ပေမည်။ ကောင်းကင်က လက်ဖျောက်တစ်ချက်တီး၍…

'အိုကေ မင်းပြောတာ မဆိုးဘူး သူရ၊ မင်းတို့ပါ ဝိုင်းပြီး မျက်နှာပြောင်ပေးရင် ပိုအဆင်ချောမယ်'

www.burmeseclassic.com

www.burmeseclassic.com



'မင်းကလည်း ငါတို့ဆို မျက်နှာရှုးထင်နေတယ်'

'အော်ရိုဂျင်နယ် မျက်နှာရှုးဆိုတော့ လိုအပ်တဲ့အချိန်မှာ နည်းနည်းလေးပဲ အားထည့်ပြီး အကြောပြောင်လိုက်တာနဲ့ လုံးဝကိုပီပြင်သွားမှာ၊ အဲလိုမျိုး ဆိုလိုတာပါကွ'

'အေး… ထပ်ပြောမှ ပိုဆိုးသွားပြီ၊ မင်းစကားကို မရုပ်သိမ်းရင် ငါ့အကြံဉာဏ်ကို ငါ ပြန်ရုပ်သိမ်းရလိမ့်မယ်'

ကလေးဆိုးကြီးလို စိတ်ကောက်ပြနေသည့် သူရကို ကောင်းကင်က…

'မင်းတို့ထက် ငါက ပိုကဲပြရမှာပါကွ'

ထိုအခါ ငွင်ချောင်းနေသည့် ဗလက ကြားဝင်၍…

'ငါတို့ ဝိုင်းပေးမယ် ကောင်းကင်၊ ဖြစ်လာသမျှကို မင်း တာဝန်ယူရမယ်'

'ယူတယ်'

'တို့ရဲ့ နေ့တွက်သုံးစရိတ်တွေအတွက်လည်း'

'ယူတယ်'

'ဒါဆိုရင် ဖြစ်တယ်ကွာ'

ကောင်းကင်နှင့် ဗလ ပြောနေသည်ကို သူရက ကြည့်ပြီး ခေါင်းကုတ်၏။ ပြီးလျှင်…

'မင်းတို့ပြောနေတဲ့အထဲမှာ ငါက ဘယ်အခန်းက ပါရမှာလဲ'

'မင်းက အဓိကပေါ့ကွာ၊ နောက်ပြီး မင်းက အကြံပေးတယ် မဟုတ်လား၊ အဲဒါကြောင့် ငါတို့စားကြတဲ့အခါ မင်းကို ငါတို့စားလို့ ကျန်တဲ့အကျန်တွေအကုန်လုံးပေးမယ်'

'ဟေ့ကောင် ဗလ၊ ငါက မင်းတို့ရဲ့ ကျော်ကီပါကွ၊ မင်း ဒီလိုပဲ ပြောရလား'



'မင်းကိုယ်မင်း ကျော်ကီဆိုပြုံး တို့ကိုတော့ စီးလို့မရဘူး၊ မင်း စီးချင်ရင် မြင်းနဲ့ဆင်ဆင်တူတဲ့ အကောင်ပုပုလေးရှိတယ်၊ အဲဒါ မင်းစီးရမယ် သူရ'

'ငါ့ကို လားစီးရမယ်လို့ ဆိုလိုတာလား'

'မင်းက ဘရိန်းကောင်းပြီးသားပဲကွာ၊ စဉ်းစားကြည့်ပေါ့'

နှစ်ယောက်သား စကားစစ်ထိုးပွဲက ထုံးစံအတိုင်း အရှိန်မြင့်လာ၏။ ကောင်းကင်က လက်ဖှေ့ကြိုးဝိုင်းဒိုင်လို လက်နှစ်ဘက်ကာပြီး ကြားဝင်ရတော့၏။

သူရက လက်ကာပြနေသော သူ့ကို…

'မင်းကရော ဘာလဲ၊ မော်တော်ပီကယ် လာလုပ်နေတာလား၊ ဒီမှာ ငါ့ကို ဗာလက ဖရီးကစ်တွေ ပေးနေတာကွ'

'မင်းတို့ သမီးယောက်ဖတွေ အခုကိုက်ပြီးရင် ခဏကြာ လည်ပင်းပြန်ဖက်ကြတာပဲ၊ ဒီမှာ စကားတွေ လမ်းချော်စလစ်ဖြစ် ကုန်လို့ တားနေရတာကွ'

'ငါတို့က သမီးယောက်ဖဆိုရင်တော့ အိုကေပြီ၊ ဟိုနေ့က မွေးနေ့ပွဲလုပ်တဲ့ အသည်းလေးက ငါ့ရဲ့ ဟီဟိ… ဒါဆို ဗလယောက်ဖ ယောက်ဖဗလ၊ အမယ်လေး ခေါ်ရတာ စည်းစည်းပိုင်ပိုင်ရှိလိုက်တာ ကွာ'

'အံမယ် နွားပြာကြီး အောက်သွားမရှိသလိုပဲ၊ မင်းတူမနဲ့ ငါနဲ့ရလို့ ယောက်ဖတော်တာကွ၊ ဦးလေးယောက်ဖရ၊ မင်းသိလား၊ ကောင်းကင် ဒီကောင် သူရနဲ့ သူ့တူမက တစ်နှစ်ပဲ ခြားတယ်၊ ဒီကောင့် အမေက ၁၄ ယောက်လောက် မွေးတာ၊ ဒီကောင်က အငယ်ဆုံး၊ သူ့တူမက ငါနဲ့ဆို မတိမ်းမယိမ်းဖြစ်နေပြီ'

'တော်ကွာ၊ တော်… မင်းတို့ဆွေမျိုးစပ်ချင်ရင် နောက်မှစပ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ကောင်းကင်၊ မောင်ရင်က လောကမှာ မောင်ရင့်အရေးပဲ တကယ့်အရေးကြီးတယ် ထင်နေလား'

'ဒါ ပန်းတော်ဝင်ရဲ့ အရေးလေ'

'ပန်းတော်ဝင်က မောင်ရင်နဲ့ပဲ ပတ်သက်တာ'

'ဩော်… မင်းတို့က ဒီလိုခွဲခြားတယ်ပေါ့'

'ခွဲခြားတာ မဟုတ်ပါဘူး၊ သဘောပြောပြတာ၊ မင်းဘယ်လို ဖြစ်နေတာလဲ ကောင်းကင်၊ ဒီကိစ္စကျမှ ဒီလောက်တောင် အဖြစ်သည်းနေတာ လွန်လွန်းတယ်၊ နေပါဦး ပန်းတော်ဝင်က မင်းရည်းစားလား'

'မဟုတ်ဘူး'

ကောင်းကင်က သံပြတ်ဖြင့် ဖြေလိုက်၏။ သူ့အဖြေကြောင့် သူရက စကားဆက်ထည့်ရန် နှုတ်ခမ်းလှုပ်ရှနေစဉ်မှာပင် သူက

'ဒါပေမဲ့'

သူရနှင့်ဗလ ငြိမ်ပြီး နားစွင့်နေ၏။

'ဟုတ်လည်း ဟုတ်တယ်'

'ဘာ… ဘာ'

သူရ ဘာတစ်လုံးမှလွဲ၍ ရှေ့စကားမဆက်နိုင်ဘဲ ဆွံ့အနေစဉ်…

'ဘာကြောင့်လဲဆိုတော့ ငါ့အတွက် မေးခွန်းတွေနဲ့ အချစ်ဟာ တစ်ထပ်တည်းကျနေတဲ့ အချိန်ကာလဖြစ်နေလို့ပဲ'

သူ့စကားအဆုံးတွင် ဗလက ထဟား၏။

သူရက ဒိုင်ကြောင်သွားပြီဟု မှတ်ချက်ပြု၏။

သူ့စကားကို သူသာ နားလည်သည်မို့ ချိတ်တဲ့သော ပင့်သက်ကိုသာ ရှိုက်ဖြစ်လိုက်တော့သည်။

## အခန်း(၇)

'ကိုယ့်နာမည် အုပ်စိုးလတ်ပါ'

'ဟုတ်ကဲ့၊ ကျွန်တော့်နာမည် ကောင်းကင်ပါ'

'ကဲပြော၊ ကိုယ့်မိတ်ဆွေ နိုင်မိုးဖုန်းနဲ့လှမ်းပြီး ငါ့ညီအကြောင်းပြောထားပုံအရဆို အလှမွေးငါးဝါသနာအိုးလေးပဲ၊ ဒီမှာ ငါ့ညီကြိုက်တဲ့ငါးတွေကြည့်ပေတော့၊ တချို့ငါးတွေ ရေနုတ်သမီးတွေ ဘာတွေဆိုရင်တော့ မှန်ပုံးထဲနိုက်ပြီး ကိုင်တွယ်မကြည့်နဲ့နော်၊ သူက အဆိပ်ပြင်းတယ်'

'ဟုတ်ကဲ့၊ သံပခြုပ်တွေလည်း ထို့နည်းတူပါပဲဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်'

'ကဲ… ဒါဆိုလည်း ငါ့ညီဘာသာ စိတ်တိုင်းကျကြည့်ပေတော့၊ ဩော်… ဒါနဲ့ ငါ့ညီက ဘယ်လိုငါးမျိုး မွေးချင်တာလဲ'

'ကျွန်တော် မွေးချင်တဲ့ငါးက ဝေလငါးနဲ့ ငါးမန်းပါ'

သူ့စကားကြောင့် အုပ်စိုးလတ် မျက်လုံးပြူးသွား၏။

ပန်းတော်ဝင်နှင့် လက်ထပ်ပေးရန် သူမ မိဘများ ထပ်မံစီစဉ်သော သတို့သားလောင်းဖြစ်သည့် အုပ်စိုးလတ်တွင် လုပ်ငန်းသုံးလေးခုရှိ၏။ မနက်ပိုင်း ယာယီလာထိုင်တတ်သော အလှမွေးငါးအရောင်းပြခန်းတွင် လေ့လာရေး သဘော သူဝင်တွေ့ချင်မှ၏။

www.burmeseclassic.com



ခက်သည်က အုပ်စိုးလတ်နှင့် သူ မသိ။ ထို့ကြောင့် အုပ်စိုးလတ်သူငယ်ချင်းဖြစ်သူ ကိုနိုင်မိုးကို တဆင့်မိတ်ဆက်ပေးရန် အကူအညီယူရပြန်၏။ ကိုနိုင်မိုးက ဖုန်းဆက်ပေးသဖြင့် သူ ယခုလို လာရောက်တွေ့ဆုံနိုင်ခြင်းဖြစ်၏။

'ကိုယ့်ညီက နောက်တတ်ပုံရတယ်'

ကောင်းကင်၏ အစွန်းထွက်စကားကို အုပ်စိုးလတ်က ပြန်ချေပေး၏။

'ကျွန်တော် ဖြစ်ချင်တာကို ပြောပြတာပါ၊ တကယ်တော့ ကျွန်တော်လည်း ရွှေငါးလေးတွေပဲ မွေးပါတယ်'

'ကောင်းတာပေါ့၊ ကိုယ့်ဆိုင်မှာ ရွှေငါးလေးတွေ အများကြီး ရှိပါတယ်၊ ငါ့ညီ စိတ်ကြိုက်လေ့လာ'

'လောလောဆယ် ကျွန်တော် ရွှေငါးမလေးတစ်ကောင်ကိုပဲ စိတ်ဝင်စားနေတာ'

'ဘယ်ရွှေငါးမလေးပါလိမ့်'

'ကိုအုပ်စိုးလတ်ဆိုင်ကိုတော့ ကျွန်တော့်ရွှေငါးမလေး မရောက်သေးဘူး ထင်ရတာပဲ'

'ငါ့ညီရွှေငါးမလေးက ဘယ်လိုက ဘယ်လို'

'ကျွန်တော်နဲ့ သက်ဆိုင်တဲ့ ရွှေငါးမလေး တစ်ကောင်ကို ကိုအုပ်စိုးလတ်က အပိုင်သိမ်းဖို့ ကြိုးစားနေတယ်လို့ ကျွန်တော် သိရတယ်၊ အဲဒီရွှေငါးမလေး ကိစ္စကြောင့် ကိုအုပ်စိုးလတ်နဲ့ အကျေအလည် ဆွေးနွေးချင်လို့ ကျွန်တော် ဒီကိုရောက်လာတာပါ'

'ငါ့ညီပြောသလို ကိုယ် ဘာမှလည်း မကြံစည်ခဲ့၊ မလုပ်ခဲ့ရပါလား'

'အဲဒီရွှေငါးမလေးနာမည်က ပန်းတော်ဝင်တဲ့'



သူ့စကားကြောင့် အုပ်စိုးလတ် တွေခနဲဖြစ်သွား၏။ ပြီးမှ နားလည်သဘောပေါက်လာဟန်ဖြင့်...

'ပန်းတော်ဝင်ကို ပြောတာလား၊ နေပါဦး ပန်းတော်ဝင်က ငါ့ညီနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ'

'ကျွန်တော်က နှစ်ဖက်မိဘတွေ အရင်သဘောတူခဲ့ရတဲ့ လူပါ'

'ပန်းတော်ဝင်ရဲ့ သဘောကရော'

သူကြိုတင်မစဉ်းစားထားခဲ့မိသော မေးခွန်း... ထို့ကြောင့်။

'ပန်းတော်ဝင်နဲ့ ကျွန်တော်တို့ ခံစားချက်ချင်း ညီကြပါတယ်'

'ဒါဆို ဘာကြောင့် ဒုတိယလူဖြစ်တဲ့ ကိုယ့်ကိုလာဆွေးနွေးနေရသေးလဲ'

'ပန်းတော်ဝင် မိဘတွေကြောင့်ပေါ့ဗျာ'

'ငါ့ညီစကားက ပတ်လည်ရိုက်နေပြီ၊ ခုနပြောတော့ နှစ်ဖက်မိဘသဘောတူထားတယ်ဆို'

'သဘောကွဲသွားအောင် ကျွန်တော် လုပ်ယူခဲ့လိုက်လို့ပါ၊ ဘယ်လိုပြောရမလဲ၊ အရင်က အိမ်ထောင်ရေးကို ကျွန်တော် စိတ်မဝင်စားဘူး၊ ဒါကြောင့် နောက်သလို ပြောင်သလိုနဲ့ ပွဲပျက်အောင် လုပ်လိုက်မိတယ်၊ အဲဒီအပေါ်မှာ ပန်းတော်ဝင် မိဘတွေက စိတ်ခုသွားတယ်'

'အဲဒီတော့ ကိုယ့်ဘက်က ဘာလုပ်ပေးရမှာလဲ'

'လက်ရှောင်နောက်ဆုတ်ပေးစေချင်တာပါ'

'ကိုယ်က မိဘစကားကို မြေဝယ်မကျ နားထောင်တဲ့ သားမြီးကျ၊ ပြီးတော့ ပန်းတော်ဝင်ကိုလည်း မြတ်နိုးတယ်၊ အိမ်ထောင်ရေးကိုလည်း ကြိုတွေးပြီး စိတ်ဝင်စားခဲ့လို့ တကယ်တမ်း အိမ်ထောင်ပြုဖြစ်

www.burmeseclassic.com



ခဲ့ရင် အားလုံးအဆင်သင့်ဖြစ်နေအောင် အခုလို ပြင်ဆင်ထားခဲ့တာပေါ့'

'ကိုအုပ်စိုးလတ်ရဲ့ သဘောအတိုချုပ်က ဘာလဲ'

'ကိုယ် လက်မရှောင် နောက်မဆုတ်နိုင်ဘူး ဆိုတာပါပဲ'

သံမဏိခေါင်းနှင့် တွေ့ပြီ။

ကောင်းကင်အတွက် သံမဏိထက် ပိုမာဖို့လိုလာ၏။

'ဒါဆို ခင်ဗျားဒုက္ခကို ခင်ဗျား စရှာလိုက်တာပဲပေါ့'

'ကိုယ့်ကို လေအေးအေးလေးနဲ့ ခြိမ်းခြောက်လိုက်တာလား'

'နောက်ပိုင်းအခြေအနေက အဖြေပေးပါလိမ့်မယ်'

'နိုင်မိုးမျက်နှာနဲ့မို့ ဒီတစ်ကြိမ်တော့ ကိုယ့်ဘက်က သည်းခံပေးလိုက်မယ်၊ နောက်ဆို ဒီလိုရှုပ်သည့်မျိုး ထပ်မလွှတ်မိစေဖို့ နိုင်မိုးကိုလည်း ပြောထားရဦးမယ်'

'ကျွန်တော့်ဘက်ကလည်း ကိုယ့်ပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခံရသလိုဖြစ်နေလို့ ပါးပါးလေး ဆွေးနွေးမိတာပါ၊ ခင်ဗျား သတိထားသင့်တာကို သတိပေးတာကနေ နောက်တစ်ဆင့်တက်သွားရတာတော့ စိတ်မကောင်းပါဘူး'

'ဒီလိုပြောရအောင် ပန်းတော်ဝင်က မင်းရဲ့သတို့သမီးမဟုတ်ဘူးလေ'

'ဒါဆို ခင်ဗျားရဲ့ သတို့သမီးလား'

'မကြာခင်မှာ လက်တွေ့မြင်ရမှာပေါ့'

ကောင်းကင်က မရယ်ချင်ဘဲ ညစ်ရယ်လိုက်၍ အုပ်စိုးလတ်မျက်နှာပိုပျက်သွား၏။

'ခင်ဗျားကို ပန်းတော်ဝင်က လက်ခံလိုက်ပြီလား'



'ကိုယ်က ကိုယ့်အခြေအနေနဲ့ အတွင်းရေးကို ကိုယ်ကြေညာနေလေ့မရှိဘူး'

ကောင်းကင် တင်းသွား၏။ ကိုယ်က ကိုယ့်အကြောင်းတွေ ပြောခဲ့မိပြီကိုး။

'ရှင်းရှင်းမပြောနိုင်တာက ရှုပ်ရှုပ်ထွေးထွေးအခြေအနေနဲ့ ခင်ဗျား ရင်ဆိုင်နေရလို့ မဟုတ်လား'

အုပ်စိုးလတ်က မခိုးမခန့် ရယ်လိုက်၍...

'မင်း ထင်ချင်သလို ထင်လိုက်ပါ၊ ကဲ... ဆွေးနွေးစရာကုန်လောက်ပြီထင်တယ်'

'မကုန်သေးဘူး၊ ခင်ဗျား ရသင့်တဲ့ ဒုက္ခတွေ တစ်ကနေစပြီး ကျွန်တော် စာရင်းတွက်ပေးမယ်'

အုပ်စိုးလတ်က ခနဲ့ပြုံး ပြုံးပြ၏။ ထို့ကြောင့် ကောင်းကင်က

'ကောင်းပြီ၊ ခင်ဗျားနဲ့ ကျွန်တော် ဒီနေ့ကစပြီး လက်မခြောက်စတမ်း တိုက်မယ်'

'စိန်ခေါ်နေတာလား ငါ့ညီ၊ လူမိုက် အလုပ်တွေ ကိုယ်က ဝါသနာမပါဘူးကွ၊ နောက်ပြီး မိန်းမတစ်ယောက်အတွက် ဒီနည်းမျိုးနဲ့ ယှဉ်ရမှာ ကိုယ့်လိုလူမျိုးအတွက် သိပ်အဆင်မပြေလှဘူး'

စကားကို တင်တင်စီးစီးနှင့် တော်တော်လှအောင် ပြောတတ်တဲ့လူ။

'ကျုပ်ကလည်း ပညာရှိနည်းကို ပြောတာပါဗျာ၊ လူလိမ်မှာအလုပ်ကို ခင်ဗျားကော ဘယ်လောက်ဝါသနာပါနိုင်လို့လဲ'

'ဒီလိုကြေးဆိုရင်တော့ မင်းသဘောပါ'

ခနဲ့ကြည့် ကြည့်ရင်း ပြောနေသော အုပ်စိုးလတ် မျက်နှာကို ကောင်းကင်က စေ့စေ့ကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ဒီအချိန်က စပြီ'

ပြောပြီး ကောင်းကင် ဆိုင်ထဲမှ ချာခနဲလှည့်ထွက်လာ၏။

ဆိုင်တံခါးဝသို့ ရောက်သောအခါ နောက်ဘက်တွင် ကျန်နေခဲ့သည့် အုပ်စိုးလတ်ကို အသာငဲ့ကြည့်သည်။ ထိုလူက သူ့ထံ လုံးဝ အာရုံမရှိတော့။ ဆိုင်အလုပ်သမားလေးတစ်ယောက်နှင့် စကားပြောနေသည်ကို သေချာမှ ဆိုင်တံခါးဘေးရှိ မှန်ချပ်တွင် သူကြိုတင်ယူလာသည့် စာရွက်ကို ကပ်လိုက်သည်။

အုပ်စိုးလတ်က သူ့ဆိုင်တွင် ဝယ်ယူရရှိနိုင်သည့် ငါးများ အမျိုးအမည်နှင့် ငါးစာစသည်တို့ကို တံခါးဝဘေးရှိ မှန်ချပ်တွင် စာရေးသားကြော်ငြာထား၏။

ကောင်းကင်က ထိုကြော်ငြာစာရင်းအောက်တွင် နောက်ဆက်တွဲစာရင်းအဖြစ် ကပ်လိုက်ခြင်းပင်။

အုပ်စိုးလတ်နှင့် တွေ့ရန်လာစဉ်က စတစ်ကာကော်ပါသော စာရွက်တစ်ခုတွင် သူရေးလိုရာကို ကွန်ပျူတာဖြင့် လှလှပပ စာစီပြီး ယူခဲ့၏။

စာရွက်ကပ်ပြီးသောအခါ ဆိုင်တွင်းမှ ကြည့်နေသူရှိမရှိ သေချာစေရန် တစ်ချက်ထပ်ကြည့်ပြီးမှ သူ ဘာမှမလုပ်ခဲ့သလိုပင် လေလေးချွန်လျက် ကောင်းကင် အုပ်စိုးလတ်ဆိုင်ရှေ့မှ ထွက်ခွာသွား၏။

ကောင်းကင် ကပ်ခဲ့သည့် စာရွက်ပေါ်ရှိ စာသားမှာ…

**'ဝေလငါးအဆီနှင့် ငါးမန်းတောင်ဟင်းချိုလည်း ရရှိနိုင်ပါသည်'**ကဲ့။



'အဖြစ်အပျက်အားလုံးကို ကိုယ်ပြန်ခင်းပြတာ၊ ကိုယ်လှုပ်ရှားနေသမျှကို မင်းလည်း သိထားသင့်တယ်ထင်လို့'

'ဘာအတွက်လဲ'

'လိုအပ်ရင် အလိုက်အထိုက် မီးစင်ကြည့်ကပေးရမယ်ဆို'

'ရှင်က အဲဒီလူနဲ့ ဘယ်လိုဆက်စခန်းသွားမှာလဲ'

'အခြေအနေအရပေါ့'

'ဖြစ်ပါ့မလား'

'သိပ်စိုးရိမ်စရာမလိုပါဘူး၊ ဒါနဲ့ ခုလိုညဘက်ဖုန်းဆက်ရတာ ရင်ခုန်စရာ မကောင်းဘူးလား'

'ဘာလို့ရင်ခုန်ရမှာလဲ၊ သူငယ်ချင်းတွေနဲ့လည်း ဒီလိုညဘက် ပြောနေကျပဲ'

'မတူဘူးလေ၊ ကိုယ်ကတော့ ရင်တွေတအားခုန်နေပြီ'

'ဒါဆို မပေါ့နဲ့၊ အရေးကြီးတယ်၊ နက်ဖြန်ပဲ နှလုံးအထူးကုနဲ့ သွားပြတော့၊ အသက်ရှူရကြပ်တာတို့၊ မောတာတို့၊ မူးနောက်နောက် ဖြစ်တာတို့ ဖြစ်သေးလား'

'နက်ဖြန်ထိစောင့်လို့ မဖြစ်တော့ဘူးနဲ့ တူတယ်၊ အခု ဆရာမပဲ စစ်ဆေးကုသပေးပါတော့ ဆရာမရယ်'

'မကြောင်ချင်လာနဲ့၊ ဖုန်းဆက်တဲ့အကြောင်း လိုရင်းကိုပဲ ပြော'

ကောင်းကင်က ရယ်သံပေးလိုက်သောအခါ တစ်ဘက်မှ ဖုန်းတော်ဝင်က ပြောင်ပြသံပြန်ပေး၏။ ခဏနေမှ ကောင်းကင်က ရယ်သံသိမ်းသပ်လိုက်ပြီး…

'မတော်ရတဲ့ ယောက္ခမကြီးတွေ ခလောကုန်ကြပြီလား'

'ဘာလုပ်မလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



သား မှားခဲ့ပါတယ်လို့ ဝန်ချတောင်းပန်ချင်လို့

ရလိမ့်မယ် အားကြီးကြီး၊ ခုမှ တားတားလုပ်ချင်မနေနဲ့

အဟီး… ဟီး

ဘာဖြစ်တဲ့အသံလဲ၊ အဲဒါက

မရတော့ဘူးဆိုတော့ ဝမ်းနည်းသွားသလို ငိုကြည့်တာပါ၊ မျက်ရည်က မထွက်လာဘူးဖြစ်နေတယ်

ရှင်ပြောချင်တဲ့ အရေးကြီးတဲ့စကားဆိုတာ ဒါပဲမဟုတ်လား

ကျန်သေးတယ်၊ ခုမှ အပိုင်းတစ်ပဲ ပြောရသေးတယ်

ဒါဆို ပြောလေ၊ ကျွန်မ အိပ်ချင်နေပြီ

ခါတိုင်း သူငယ်ချင်းတွေနဲ့ ပြောရင်လည်း အဲဒီလိုပဲလား

မတူဘူးလေ၊ သူတို့နဲ့က ပြောစရာအကြောင်းအရာ ပေါတယ်

ကိုယ့်မှာလည်း အကြောင်းအရာ အများကြီးရှိပါတယ်

အပိုင်းနှစ်ကို ပြောပါ

အခု အစပျိုးနေတာပဲ

သူ့ရဲ့အပျိုးကလည်း မိုးလင်းသွားနိုင်တယ်

ကိုအုပ်စိုးလတ်အပေါ် မင်း ဘယ်လိုသဘောထားလဲ

အစ်ကိုကြီးတစ်ယောက်လိုပဲ ခံစားလို့ရတယ်

သံယောဇဉ်ဆိုတာပြောလို့ရတာ မဟုတ်ဘူး၊ မင်းတို့က ဒီရွာ အနေနီးတော့မှာ

သဝန်တိုနေတာလား၊ သူနဲ့လည်း ဘာမှမဆိုင်ဘဲနဲ့

အပိုင်းနှစ်အရ မင်းနဲ့ကိုယ် ချစ်ခြင်းညီမျှနေတဲ့ ဟန်ဆောင်မှုမျိုးကို ပြသင့်ရင် ပြရမယ်

ကိုအုပ်စိုးလတ် စိတ်ပျက်သွားအောင်လို့လား



ဆိုပါတော့

အဲဒါဆို အိမ်ပြန်တိုင်လို့ ကျွန်မ အဆူခံရမှာပေ့ါ

ကောင်းကင်နဲ့မှန်းသိရင် မပြင်းထန်နိုင်ပါဘူး

အမယ်လေး အဲဒါမှ ပိုဆိုးမှာ၊ အဲဒီနာမည်ကို လေသံတောင် မသလပ်ရဲဘူး

ဒီလောက်တောင် မေတ္တာထားကြတယ်ပေ့ါ

လူကြီးတွေက အယူအစွဲ အတေးအမှတ်ကြီးတယ်

ဘယ်လိုပဲဖြစ်ဖြစ် မင်းပဲကြည့်ကောင်းအောင် ပြန်ပြောပြပေ့ါ၊ ကိုယ်ပြောသလိုသာ ဟန်ဆောင်ပြလိုက်ရင် အဲဒီလူပြန်ခေါက်သွားမှာ သေချာသလောက်ပဲ

အဖြစ်မှန်ကို စုံစမ်းလို့ ပေါ်သွားရင်ကော

မင်းက သူပိုင်တဲ့ ရွှေငါးမလေးမှ မဟုတ်တာ

အင်း… ခက်တော့ခက်သား၊ သူပြောသလိုသာ ဟန်ဆောင်လိုက်ရင် ဘာဖြစ်လာမလဲဆိုတော့ အင်း…

မင်းတို့ မိန်းကလေးတွေဟာလေ ခက်ကိုခက်တယ်၊ ရည်းစား ပြောတာကျတော့ မယုံဘူး၊ ဗေဒင်ဆရာပြောတာဆို အသေအလဲ မျက်စိမှိတ်ယုံတော့တာပဲ

ဘာမှလည်းမဆိုင်ဘူး၊ နေပါဦး၊ ရှင်က ဗေဒင်ဆရာလား၊ ပန်းတော်ဝင်ရဲ့ ရည်းစားလား

ခုလောလောဆယ် ဟန်ဆောင်ရည်းစားလေ

ဟန်ဆောင်တယ်ဆိုတာ ဘယ်လိုမျိုးအထိလဲ၊ အတိုင်းအတာရှိမှဖြစ်မှာနော်

လက်ကလေးကိုင်ခွင့် ရှိမယ်

နိုး

www.burmeseclassic.com

www.burmeseclassic.com



'စကားအဖြစ်ပြောတာပါ၊ မင်းရဲ့လက်ကလည်း နှာခေါင်းနှိက်လိုက် ရေအိမ်တက်လိုက်နဲ့ ရှေ့ရှည်စိမ်ထားတဲ့ လေသံမျိုးနဲ့ မပြောပါနဲ့ကွာ'

'ညစ်ညစ်ပတ်ပတ် စော်စော်ကားကား သိပ်မပြောနဲ့နော်၊ အကူအညီပေးမယ့်သူဆိုလို့ သည်းခံနေတာ၊ တခြားလူဆိုရင် ပြန်ပြောပစ်လိုက်ပြီးပြီ'

'ဆက်ပြောရမှာပဲ၊ ပခုံးလေးကို ဖွဖွလေး'

'မဖက်ရဘူး'

'ဒါဆို ဟိုလူက ဘယ်ယုံတော့မှာလဲ'

'ကျွန်မကို မိန်းကလေးသူငယ်ချင်းတွေကလွဲရင် ဘယ်သူမှ အဖက်မခံနိုင်ဘူး'

'စတီသဘောလောက် ဖွဖွလေးပါဆို'

'တခြားနည်းနဲ့ တဖက်လူယုံအောင် ရှင်လုပ်တတ်ပါတယ်၊ စကားနဲ့ပြောပေါ့'

'အချစ်ရေ အသက်ရေ ပူတူတူလေးရေလို့ ခေါ်ရမှာပေါ့'

ပန်းတော်ဝင်၏ ကျိတ်ရယ်သံကို ကြားရ၏။

'အသည်းလေးလို့ ခေါ်ရမှာလား'

'အသည်းယားတယ် မခေါ်နဲ့'

'အချစ်ဆုံးရေလို့ ဆိုရင်ကော'

'နားကြားပြင်းကပ်တယ် မခေါ်နဲ့'

'ပန်းလေးရေဆိုမှ ကြိုက်မှာလား'

'ချွဲပြစ်ပြစ်နဲ့ နားရှက်တယ်'

'ဒါဆိုလည်း နားထဲကို ဝွမ်းဆို့ထားတော့၊ ကိုယ်ခေါ်ချင်သလိုပဲ ခေါ်တော့မယ်'



'သဘော… သဘော'

'ဒါတောင် အခေါ်အဝေါ်တစ်ဆင့်ပဲ ရှိသေးတာ၊ ကျန်တဲ့ အဆင့်တွေဆို မင်းနဲ့ကိုယ် အာရုဏ်တက်အထိ ဆက်ညှိနေရမယ် ထင်တယ်'

'ဘာအဆင့်တွေများ ကျန်သေးလို့လဲရှင်'

'ဥပမာ ဥပမာပြောတာနော်၊ အကြင်နာလေး ဘာလေးပေး'

'သွား… ဝွပ်'

ပန်းတော်ဝင် မည်မျှအရှက်သည်းသွားသည်လည်း မသိ။ သွားဟု ပြောသော စကားနှင့် တယ်လီဖုန်းချသံဝွပ်မှာတစ်ဆက်တည်း။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

မျှော်လင့်မထားသော နေ့တစ်နေ့တွင် တွေးထင်မထားသော မြင်ကွင်းတစ်ခုကို ကောင်းကင် မြင်တွေ့လိုက်ရသည်။

အုပ်စိုးလတ်နှင့် ပန်းတော်ဝင်ကို မျက်နှာချင်းဆိုင် ထိုင်ပြီး ရယ်မောရွှင်ပျနေသည်ကို တွေ့လိုက်ရခြင်းဖြစ်၏။

လက်သုပ်စုံအမျိုးမျိုး၊ အပူနှင့် အအေးသောက်စရာတို့ကို တွဲစပ်ရောင်းချသော မြွေလိမ်မြွေကောက် လမ်းကလေးမှ တက်ရသည့် တောင်ကုန်းလေးပေါ်တွင် ဖွင့်လှစ်ထားသော စားသောက်ဖွယ်ရာ ဆိုင်ကလေးတွင်ဖြစ်၏။

ဆိုင်ဧရိယာအတွင်းသို့ သူနှင့်သူရတို့ ဝင်မိပြီဖြစ်၍ ပြန်ဆုတ်ရန်လည်း မသင့်တော်တော့။

ပန်းတော်ဝင်အကြောင်းသာ သူပြောပြသမျှ သိပြီး ပန်းတော်ဝင်ကို တစ်ခါမျှ မမြင်ဖူးသည့် သူရနှင့်ဗလက ပတ်ဝန်းကျင်ကို သတိမထား မြောက်တောက်ကားရား ပုံစံဖြင့် ပန်းတော်ဝင်တို့ထိုင်နေရာ ကုန်းမြင့်ပိုင်းဝိုင်း၏ အောက်ခြေနားတွင် ရှိသော ခုံဝိုင်းလွတ်တွင် သွားထိုင်ရန် တာစူနေကြ၏။

သူက အသာလက်တို့ပြီး ခပ်လှမ်းလှမ်းရှိ ဝိုင်းလွတ်တစ်ခုဆီသို့ ဦးဆောင်ခေါ်လာလိုက်၏။



'ချောင်ထဲမှာ ဘာသွားလုပ်မှာလဲ ကောင်းကင်ရာ၊ ဒီမှာပုလဲ နံပသင့်စရာ မျက်စိအေးစရာလေးတွေ ပတ်လည်စီနေတဲ့နေရာ တွေ့ထားတဲ့ဟာကို'

သူရစကားကို သူ ရှူးတိုးတိုး လုပ်လိုက်ရသည်။

အုပ်စိုးလပ်နှင့် ပန်းတော်ဝင်တို့က ဘာတွေအကြည်စိုက်နေကြသည်မသိ။ သူတို့ဘက်သို့ ငဲ့ကြည့်ဖော်ပင် မရ၍ ကံကောင်းလှ၏။

ဗလက နောက်စိချိတ်ထားသော နေကာမျက်မှန်ကို ရှေ့မှာ ပြန်တပ်ရင်း...

'ကောင်းကင်ကတော့ တီးပစ်လိုက်ဖို့ကောင်းနေပြီ၊ တစ်ခါတလေ အသုပ်လေးစားရအောင်လာပါတယ်၊ ရှူးတိုးတိုး ဇာတ်လမ်းက ပေါ်လာပြီ'

'ဟုတ်ပါ့ကွာ'

BURMESE CLASSIC .com

သူရက မကျေမချမ်း ထောက်ခံရင်း ဝင်ထိုင်၏။

ဗလက အသုပ်စုံရောင်းသော ကောင်မလေးကို လက်ဟန်ခြေဟန်ဖြင့် အသုပ်စုံသုံးပွဲ လှမ်းမှာပြီး ဝင်ထိုင်၏။

'မင်းတို့ လေ့လာထားသင့်တဲ့ ကောင်မလေးတစ်ယောက်၊ ဒီဆိုင်ထဲမှာ စားသောက်နေတယ်'

သူ့စကားကြောင့် နောက်ကျောပေးထိုင်နေသော ဗလခေါင်းမှာ ရေဒါကရိယာလို သုံးရာ့ခြောက်ဆယ် ဒီဂရီ လှည့်ပတ်သွား၏။ သူရက သူ့လောက် ဣန္ဒြေမပျက်သော်လည်း လက်နှစ်ဖက်ပေါ် မေးထောက်ပြီး ဝိုင်းရှိရှိသမျှ လူတွေကို ပိုက်စိပ်တိုက် လိုက်ရှာ၏။

'တွေ့ပြီ၊ ဟိုထောင့်ဝိုင်းက ကောင်မလေးမဟုတ်လား၊ ကုတ်အင်္ကျီဖက်ရှင်နဲ့လေ'

www.burmeseclassic.com

www.burmeseclassic.com



ဗလစကားကြောင့် သူရ မျက်လုံးတွေ ဒိုင်းခနဲရောက်သွား၏။

'ဗလပြောတာ ဟုတ်လား ကောင်းကင်၊ ကတုံးမလေး'

'ရှုးလို့ပြောတာ မှတ်ပါ မောင်သူရရာ၊ ဟိုးတောင်ပူစာလေးပေါ်က ဗိုင်းကို မသိမသာကြည့်လိုက်၊ ကြိုးသိုင်းလည်ပတ်ကဲ့ နဲ့ ဆေးဆိုးပန်းရိုက်မျက်နှာမလေးဟာ ပန်းတော်ဝင်ပဲ'

နှစ်ယောက်သား ဇက်ချိုးသလိုလို အသုပ်ပန်းကန်မလာသေး၍ လှမ်းကြည့်သလိုလိုနှင့် ပန်းတော်ဝင်ရှိရာဗိုင်းကို လှမ်းကြည့်ကြ၏။

ဗလ၏ ရေရွတ်သံ ဦးစွာပေါ်လာ၏။

'အဟား... ရှာမှရှားလေးပဲ'

မရှေးမနှောင်း သူရ၏ မှတ်ချက်ချသံမှာ...

'အားပါးပါး နည်းတာမဟုတ်ပါလား၊ ငါ့တူမကြီး ခြေသလုံးက'

သူရ မှတ်ချက်ကို ဗလက မသိမသာချေဖျက်၏။

'ဘောလုံးကန်လို့ နေမှာပေါ့ကွာ'

'သူ့ဘေးက နံပါတ်ပြားကြီးက ဘယ်သူလဲ'

ကောင်းကင်က...

'အဲဒါပေါ့၊ အုပ်စိုးလတ်ဆိုတာ'

'မင်းလူကလည်းကွာ၊ ရုပ်ပါတင်ထားလိုက်တာ၊ အခြောက်ကြီးကျနေတာပဲ၊ လည်ပင်းက ဆွဲပြားဗိုင်းကြီးက ဘီစကစ်လောက်ရှိတယ်၊ ဟော... ဟော... ဆံပင်သပ်တင်လိုက်တာ ငါ့မျက်စိတောင်ကျိန်းသွားသလိုပဲ၊ စိန်လက်စွပ်ကြီးက ပြူးလို့ဆိုတဲ့စကားထက် ပိုပြောင်မြောက်အောင် ဘယ်လိုပြောရပါ့၊ တော်တော့ကို ကြီးတဲ့ စိန်တုံးကြီးပါလားနော်၊ နဝရတ်ကိုးပါး လက်စွပ်ကပါသေး၊ အားလားမားသူ့ကိုယ်သူ မိန်းကလေးဆို တစ်ကိုယ်လုံးကို စိန်စီပြစ်လိုက်မလား



မသိဘူး၊ ဆံပင်ခဏခဏသပ်လို့လားမသိ။ ထိပ်နည်းနည်းပြောင်ချင်နေပြီ၊ ဆိုးတော့မဆိုးပါဘူး၊ ကောင်မလေးနဲ့ လိုက်ဖက်သလိုလိုပဲနော်'

သူရ၏ ရှည်ရှည်ဝေးဝေး သုံးသပ်ဝေဖန်ချက်စကား။

ဗလက ရောက်လာသော အသုပ်စုံတွေလောက် ကျန်တာအာရုံမထားတော့သော်လည်း ပလုပ်ပလောင်းဝါးရင်းဖြင့်...

'ငရုပ်သီးကလည်း စပ်လိုက်တာကွာ၊ သူရဆိုတဲ့ကောင်ကလည်း တစ်ချက်ရှူးလိုက်တာနဲ့ စီဒီတစ်ချပ်စာလောက် ဝေဖန်နိုင်ရှာပါတယ်၊ ဒီမှာ သူရ တစ်လက်စတည်း ငါ့အတွက် အအေးတစ်လုံးလောက် လှမ်းဟောင်ပြီး မှာလိုက်ပါကွာ'

'ဟေ့ကောင် ဗာလ၊ ဟောင်ပြီးမှာရအောင် ငါက မင်းပထွေးမှမဟုတ်တာ၊ ကောင်းကောင်းပြောရင် စေတနာနဲ့ မှာပေးချင်သေးတယ်'

'လုပ်ပါ နွားကြီးရယ်၊ ငါ ဒီမှာ ပါးစပ်မအားလို့ပါ၊ အသုပ်သုပ်တဲ့ မိန်းမကလည်း ငါ့ကို ဘယ်အချိန်ကတည်းက မျက်မှန်းကျိုးနေလဲ မသိဘူး၊ အကွက်ဝင်တာနဲ့ နှပ်ထည့်လိုက်တာ ဒီမှာ လျှာတစ်တောင်လောက်ထွက်နေပြီ'

'လျှာထွက်နေတဲ့အပြင် သွားရေပါတမြားမြားကျနေတော့ မင်းကမှ ဟောင်ကောင်နဲ့ ပိုတူတာကွ'

ကောင်းကင်ကပင် ကြားထဲမှ မှာပေးရန် ပြင်လိုက်၏။ သို့သော် သူ့အသံကို ပန်းတော်ဝင် ကြားသွားနိုင်သဖြင့် သူရကိုသာ အသာလက်တို့လိုက်ရသည်။

'ဒီမှာ ဝက်ပင်ကြီး မီးလောင်နေလို့ မီးငြိမ်းရအောင် အအေးတစ်လုံးလောက် ဒီဗိုင်းကိုပေးပါဗျို့'

သူရ၏ အအေးမှာပုံ အသံုးအနှုန်းနှင့် အသံပြကြီးကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်သာမကာ ဆိုင်အတွင်းမှ လူတော်တော်များများ လှည့်ကြည့်၏။ ထိုအထဲတွင် အုပ်စိုးလတ်နှင့် ပန်းတော်ဝင်တို့လည်း ပါကြသည်သာ။

သွားပြီ။

ကောင်းကင်ကို မြင်သောအခါ ပန်းတော်ဝင် မျက်နှာမှာ အံ့သြဟန်မှတစ်ဆင့် နီရဲသွား၏။

အုပ်စိုးလတ်က ကောင်းကင်ကို ပထမ ဇဝေဇဝါကြည့်နေရာမှ မှတ်မိသွားဟန်တူ၏။ ပန်းတော်ဝင်နှင့် စကားအနည်းငယ်ပြောပြီး ဆိုင်အကူကောင်မလေးကိုခေါ်ကာ ငွေရှင်းနေသည်ကို တွေ့ရ၏။

'လစ်ကြတော့မယ်၊ ငါဘာမှအကြံမထုတ်ရသေးခင် လစ်ကုန်ကြတော့မယ်၊ ဘာမှအလိုက်ကမ်းဆိုးမသိတဲ့ မင်းတို့နှစ်ကောင်ကြောင့် ငါ့ရင်တွေ ဒီညမီးတောင်လို ပေါက်ကွဲတော့မယ်'

'ဟ… အပြင်းစားပါလား၊ ဒီလောက်တောင် ဖြစ်နေရင် မင်း အသာနေ၊ မင်းခွင်ထဲဝင်အောင် ငါ ကျူးသွင်းပေးမယ်'

သူရက ခပ်တည်တည်ပြောပြီး အသာထသွား၏။

တောင်ပူစာဝိုင်းလေးပေါ်မှ ဆင်းလာသော အုပ်စိုးလတ်နှင့် ပန်းတော်ဝင်တို့အနားတွင် ရပ်လိုက်ပြီး…

'ခင်ဗျားတို့ရဲ့ မိတ်ဆွေက ခင်ဗျားတို့နဲ့တွေ့ချင်လို့ ခဏလောက် ကြွခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်၊ ဆယ်မိနစ်လောက် အချိန်ပေးပြီး ခေတ္တခဏ တွေ့စေချင်ပါတယ်'

ပန်းတော်ဝင်က ထွက်သွားရန် ပြင်နေသော အုပ်စိုးလတ်ကို

'ခဏ သွားတွေ့ရအောင်ပါ'

အုပ်စိုးလတ် အသာနှုတ်ဆိတ်ပြီး လိုက်လာ၏။ သူရက လေးယောက်သာထိုင်၍ရသော ဝိုင်းမှ ဝိုင်းကိုအလျင်ရောက်အောင် လာပြီး နေရာရှင်း၏။



'ဟေ့ကောင်… ဆင်းစမ်း၊ သွား… မင်းနေရာ မင်းဆင်းပြီးစား၊ ဟိုမှာ လူတွေလာနေတယ်၊ ဖယ်ပေးလိုက်'

အသုပ်တွေ ကုန်းနှိပ်နေသော ဗလကို လူရှေ့သူရှေ့မှာ တွယ်၏။ ဗလက သူရကို အသံမထွက်ဘဲ ပါးစပ်လှုပ်ရုံ ကျိန်ဆဲ၏။ ပြီးမှ လွတ်နေသော ဘေးဝိုင်းတွင် ထိုင်ကာ ဆက်စားနေ၏။

'ပန်းတော်ဝင်… လာ ထိုင်လေ'

ကောင်းကင်က ထိုင်ခုံတစ်ခုကို ညွှန်ပြရင်း ခေါ်လိုက်၏။

ဝိုင်းတွင် အတူဝင်ထိုင်ရန် ပြင်နေသော အုပ်စိုးလတ်ကို သူရက…

'ဒီမှာ ခဏလေး၊ ခင်ဗျားက ဟိုကောင်နဲ့ သွားထိုင်ပေးနော်၊ ကျွန်တော့်ရဲ့ဘော့စ်က အခြောက်တွေနဲ့ တစ်ဝိုင်းတည်းအတူမထိုင်ဘူး'

သူရနှိပ်ကွပ်မှုကြောင့် အုပ်စိုးလတ် ရှူးရှူးရှဲရှဲ ဖြစ်သွားသည်။ ဘေးဘီဝဲယာကိုလည်း လှေ့လာလိုက်သည်။ လက်ရှိအခြေအနေတွင် သုံးယောက်တစ်ယောက် ဖြစ်နေသည်ကို သတိထားမိမှ

'ပန်းတော်ဝင်… ကိုယ်ပြန်တော့မယ်၊ ညီမလေး တစ်ခါတည်း ပြန်လိုက်ခဲ့ပါလား'

'ဟင့်အင်း… ကျွန်မ မလိုက်တော့ဘူး၊ ကိုကောင်းကင် လိုက်ပို့လိမ့်မယ်၊ ကိုအုပ်စိုးလတ်ဘာသာ ပြန်လိုက်တော့နော်'

'ခက်ပါလားကွာ၊ ဒီလိုယောကျ်ားတွေကြားမှာ ညီမလေး နေခဲ့လို့ ဖြစ်မလား'

'ညီမလေး ပြန်မလိုက်ပါဘူး ဆို၊ ကိုယ်ပဲ ပြန်လိုက်တော့၊ ခေါင်းထားချင်ရင်တော့ ပြော၊ စီစဉ်ပေးမယ်'

သူရကလည်း တစ်ဆက်တည်း…

'ကျုပ်တို့နဲ့ ပန်းတော်ဝင် နေခဲ့လို့ ဖြစ်ပါတယ်ဗျ၊ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အခြောက်တစ်ယောက်မှ မပါဘူး၊ အားလုံးယောကျ်ားစစ်စစ် တွေချည်းပဲ'

'မင်း ဘယ်သူ့ကို အခြောက်လို့ ပြောနေတာလဲကွ'

'ကိုယ်တော်ကြီးကို ပြောနေတာကွ၊ အသားအလှဆီတွေလိမ်း မျက်နှာပေါင်းခဏခဏတင်၊ တစ်ကိုယ်လုံး စိန်ရွှေရတနာဆိုင်ကြီးလို ဆင်ယင်ထားတဲ့ ကိုယ်တော်ကြီးကို ပြော နေ တာ'

'ဘာ… ဘယ်ကကိုယ်တော်ကြီးလဲ'

'ခင်ဗျားကို ပြောတာ၊ ခင်ဗျားဆိုတဲ့ မမစိုးကို ပြောတာ'

'ငါ အခြောက်မဟုတ်ဘူးကွ၊ ဘဝပေးကုသိုလ်ကြောင့် ငါ့ မျက်နှာနုဖတ်နေတာ၊ ငါ့ရှိလို့ ငါဝတ်တာတွေကို မင်းတို့မနာလို မရှိနဲ့ ကွ'

အုပ်စိုးလတ်က ဒေါသဖြင့် တင်းမာစွာ ပြန်ပြော၏။

ဘေးဝိုင်းမှ ဗလက ဝင်ပြောပြန်၏။

'ဟော့… ကျော်သူရ၊ မင်း သူ့ကိုဘာလို့ မဟုတ်မဟပ်သွား ခေါ်ရတာလဲ၊ အမှန်အတိုင်းခေါ်ပါလားကွ၊ သူက အခြောက်မဟုတ် ဘူး၊ ဂန်ဒူး'

'တောက်'

အုပ်စိုးလတ် တက်ခေါက်သံပြင်းပြင်းပေးပြီး ဒေါသပေါက် ကွဲမျက်နှာဖြင့် ဆိုင်အတွင်းမှ လှည့်ထွက်သွားသည်။ ဒါတောင် သူရ က ပန်းတော်ဝင် အသံမျိုး နွဲ့နွဲ့လျလျ ဟန်လေးဖမ်းပြီး နောက်က လှမ်းအော်သေး၏။

'ကိုအုပ်စိုးလတ် ပြန်နှင့်တော့နော်၊ ညီမငေးနေခဲ့မယ်၊ ဘိုင့်ဘိုင် တာ့တာ၊ ချဲရီးယို'

အုပ်စိုးလတ် လုံးဝလှည့်မကြည့်တော့၊ ဆိုင်အပြင်အရောက်



ကားထဲဝင်၍ ကားတံခါးကိုဆောင့်ပိတ်ပြီး ကားစက်နှိုးကာ ခပ်ပြင်း ပြင်း မောင်းထွက်သွားသည်။ ဆိုင်းတွင်းရှိ ကျန်ဝိုင်းများမှ လူများက သူတို့ကို အသာအကဲခတ်ပြီး အချင်းချင်းပြောဆိုဝေဖန်နေကြ၏။

'ခုမှပဲ နေရာရတော့တယ်'

ဝိုင်းပြောင်း၍ လာထိုင်သော ဗလ၏အသံ။

သူရက မရယ်ချင်ဘဲ ဟက်ဟက်ပက်ပက် ရယ်လိုက်ရသော မျက်နှာမျိုးကြီးဖြင့် ခုံနေရာကို ဗလထံမှ လုရန် ချောင်းလိုက်သေး၏။ နောက်ကျသွား၍သာ လက်လျှော့သွား၏။

ကောင်းကင်က ပန်းတော်ဝင်အား အသာအချက်ပြပြီး တောင် ပူစာလေးပေါ်ရှိ ဝိုင်းသို့ ပြောင်းထိုင်လိုက်၏။ သူ မစားဖြစ်သော အသုပ်ကို ဗလက ဆက်စားနေ၏။ သူရကတော့ ရှောင်ထွက်သွား သော သူ့ကို အသံတိတ် လှမ်းကြိမ်းမောင်း၏။ သူက ပန်းတော်ဝင် ထံ အာရုံလွှဲလိုက်ပြီး…

'ဘယ်လိုဖြစ်ပြီး ကျားရဲ့နဲ့ ကစားပွဲကျင်းပနေရတာလဲ ပန်း တော်ဝင်'

'အိမ်ကအတင်းထည့်ပေးလိုက်လို့'

'အတင်းထည့်ပေးလို့ လိုက်လာရတဲ့ လူကလည်း နှစ်ယောက် သား မျက်နှာချင်းဆိုင်ပြီး တော်ကီလွှတ်နေလိုက်တာ၊ ရီလို့မောလို့၊ ပတ်ဝန်းကျင်တောင် သတိမထားမိဘူး၊ ငါဒီဆိုင်ထဲ ဝင်ဝင်ချင်း မြင်လိုက်ပါတယ်'

'နှစ်ယောက်တည်းထိုင်တော့လည်း နှစ်ယောက်တည်း စကား ပြောရတာပေါ့လို့'

'နေပါဦး၊ မင်းက ဘာလို့အလှတွေ ဒီလောက်ပြင်လာရတော လဲ'

www.burmeseclassic.com

www.burmeseclassic.com



‘မပြင်ပါဘူး၊ ဖြစ်ကတတ်ဆန်း လုပ်လာတာ၊ ဘယ်လိုဖြစ်လို့ အချိုးပြေသလို ဖြစ်သွားပြီး ပတ်ဝန်းကျင်အမြင်မှာ သတိထားမိချင်စရာ လုပ်ဆွဲဆောင်မှုရှိသွားရလဲ မသိဘူး’

‘လုပ်ပြီ၊ လုပ်လာပြီ၊ မင်းကို လှတယ်လို့လည်း မပြောမိသေးပါဘူး’

‘သူ သတိထားမိလို့ ဝေဖန်နေတာပေါ့’

‘အင်း… ပြီးတော့ နှုတ်ခမ်းနီဆိုးထားတာကလည်း အနုစိပ်ပုံဖော်ထားသလိုပဲ’

‘အဲဒါ ဒီရောက်မှ တစ်သျှူးနဲ့ညှိထားတာ’

‘ဘယ်သူညှိပေး ကြည့်ပေးတာလဲ’

‘ကိုယ့်ဘာသာ မှန်ထုတ်ကြည့် ညှိတာပေါ့’

‘ဖြစ်ကတတ်ဆန်း ပြင်လာပြီးမှ ဟိုလူနဲ့တွေ့ပြီးတဲ့နောက် ပြန်ညှိတာ ဘာသဘောလဲ’

‘ကိုအုပ်စိုးလတ်က ချော့မော့ပြောလို့ပါ’

‘ဒီလူချော့တိုင်း ပျော့စရာလား’

‘နေပါဦး၊ လူကို ယောက်လားဟာမ်းလားနဲ့၊ ဒီလိုမဆက်ဆံနဲ့၊ မကြိုက်ဘူး’

‘စိုးရိမ်စိတ်နဲ့ ပြောပြတာပါ’

‘စိုးရိမ်တာလည်း မဟုတ်ဘဲနဲ့၊ သဝန်တိုနေတာ အသိသာကြီး’

‘သဝန်တိုတာ ချစ်’

‘ဆက်မပြောနဲ့၊ အလကား ဟိုလူနဲ့တွေ့တော့ တစ်ခွန်းတောင် မဟတဲ့လူက’

‘မလိုဘူးလေ၊ တပည့်တွေ လုပ်ပေးသွားတာ တွေ့တယ် မဟုတ်လား’



သူ့စကားသာ သူရနှင့် ဗလ ကြားလျှင် ခုန်ပျံရောက်လာပြီး နားရင်းဝိုင်းအုပ်ကြမှာ သေချာ၏။ ခုတော့ ဘာမှမကြားရ၍ ကောင်းကင် လှမ်းကြည့်သည်ကိုပင် သူရက ဆက်လုပ်ဆိုသည့် အမူအရာလုပ်ပြ၏။

ဗလက လက်မ မသိမသာ ထောင်ပြ၏။

‘ရှင့်လူတွေလုပ်တာကလည်း ဘယ်လိုကြီးလဲ၊ ကလေးအထာနဲ့၊ ဒီလောက်နဲ့တော့ ကိုအုပ်စိုးလတ်လိုလူမျိုးအတွက် ဘာမှမထိရောက်ဘူး၊ ကျွန်မ အိမ်က ဆူခံထိတာပဲ အဖတ်တင်လိမ့်မယ်’

‘အမေဆူရင် ဘယ်သူ့ဆီပြေးရလဲ’

‘အဘွားဆီ’

‘မဟုတ်ဘူး၊ အမေဆူရင် ကိုယ့်ဆီပြေးခဲ့’

‘ဘာမှလည်း မဆိုင်ဘူး’

‘နောက်ကျရင် ဆိုင်လာမှာပါ၊ ခုတောင် နည်းနည်းဆိုင်လာပြီ’

‘ထင်လား’

‘မင်းနဲ့ကိုယ် ခုထိ ရည်းစားလို ဟန်မဆောင်ရသေးဘူးနော်’

‘ခုနက ကိုအုပ်စိုးလတ် ရှေ့မှာ ကျွန်မ တစ်ခွန်းပြောလိုက်ပြီးပြီလေ၊ အဲဒီလူ ထိသွားပုံပဲ’

‘နောက်နောင်ဆို ဒီထက်ပိုထိအောင် ပီပီပြင်ပြင် သရုပ်ဆောင်ရလိမ့်မယ်’

‘ဒီအကြောင်းပဲ ခဏခဏ ပြောချင်နေတယ်’

‘မေ့မှာစိုးလို့ပါ’

‘မမေ့ဘူး မှတ်မိတယ်’

‘မှတ်မိရင် ထပ်သိသွားအောင်လို့’

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ကောင်းကင်က ပန်းတော်ဝင် လက်ခုံကို နှုတ်ခမ်းနှင့်ပန်းပွင့်ပေးလိုက်၏။

'ဟယ်… အဲဒါဘာလုပ်တာလဲ'

'အစမ်းလေ့ကျင့်ရေး တံဆိပ်နှိပ်ပေးလိုက်တာ'

'မကျေနပ်ဘူးကွာ၊ ဒါတမင်လုပ်တာ'

ပန်းတော်ဝင်က မကျေမနပ်ဟန်ဖြင့် ဆိုသည်။ မျက်နှာက တော့ ပြုံးနေသလိုလို။

'ပြီးတာတွေလည်း ပြီးပါစေတော့ကွယ်'

ကောင်းကင် ပြန်ပြောလိုက်သော စကားကြောင့် ပန်းတော်ဝင် က သူ့ကို ထုထောင်းပါလေတော့သည်။

'ပန်း… ရှင်တို့က ဒီအဆင့်ထိတောင် ရောက်နေကြပြီလား'

သူတို့နှစ်ယောက်လုံး အသံထွက်ပေါ်လာရာသို့ ချာခနဲ လှည့် ကြည့်ကြသည်။ ပန်းတော်ဝင်တို့အရွယ် ကောင်မလေးချောချောနှစ် ယောက်။ တစ်ယောက်က ခါးထောက်လျက် ပန်းတော်ဝင်က မျက်လုံး လေးဝိုင်းလျက်နှင့်…

'ဟယ်… နွေဦး… ကြယ်စင်'

❧ ❧ ❧

## အခန်း(၉)

'မပြီးနိုင်ဘူးကွာ၊ မင်းပြီးနိုင်းတိုင်း ငါ မပြီးနိုင်ဘူး'

'ရှင်ကလည်း ပတ်ဝန်းကျင်ကြားလို့မတော်ပါဘူး'

'ပတ်ဝန်းကျင်ကြားရုံမကလို့ တစ်လောကလုံးကြားပါစေ၊ ဒီကောင် အသုံးမကျတာတွေကို ပျစ်ပျစ်နှစ်နှစ် ပြောရမှာပဲ'

ဖခင်ဖြစ်သူ ပေါက်ကွဲနေ၍ မိခင်ဖြစ်သူ အနားသို့ ကောင်းကင် တိုးကပ်ထိုင်နေလိုက်ရ၏။

'ဟော့ကောင်… ဆယ်တန်းတောင် မအောင်တဲ့ကောင်၊ အောင်မယ်… အောင်မယ်… မင်းကို ပြောနေတာကွ၊ သူ မဟုတ် သလိုလိုနဲ့ ရှုးကြောင် မူးကြောင်လုပ်ပြီး ဟိုကြည့် ဒီကြည့် လုပ်နေ သေးတယ်'

'ကိုဝင်းလွင်ဦး ရှင် ဘယ်လိုဖြစ်နေတာလဲ၊ အေးအေးပြော လည်း ဒီစကားပဲ၊ အော်ဟစ်ပြောလည်း ဒီစကားပဲ၊ ရှင်ဒေါသနဲ့ ပြောလို့ ရှင်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်လာမတဲ့လား၊ အရွယ်အသိရ လာတဲ့သူကို စကားကောင်းကောင်းပြောပြီး ဆုံးမလည်း ရပါတယ်ရှင့်'

'ချီမာ… မင်းသားက ဒေါသနဲ့မပြောရင် အချိုးတစ်စက်မှ ပြင်တဲ့ကောင် မဟုတ်ဘူး၊ ဒီကောင့်ကို ငါ ပုံစံအမျိုးမျိုးနဲ့ ဆုံးမခဲ့ပြီးပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့လောက်ဆုံးမတဲ့လူ ရှိမယ်မထင်ဘူး၊ ငါ့ပါးစပ်က အမြုပ်ထွက်တာပဲ အဖတ်တင်တယ်၊ ဟော့ကောင် ကောင်းကင်'

'ဗျာ'

'လတ်လျား လတ်လျားနဲ့ မိဘပိုက်ဆံထိုင်ဖြုန်းနေတဲ့ကောင်၊ အချိန်ပါ ဖြုန်းနေတဲ့ကောင်၊ မင်းဘဝရှေ့ရေးအတွက် မင်း ဘာတွေ ပြင်ဆင်ပြီးပြီလဲ'

'ပြင်ဆင်ဖို့ ကျွန်တော် ပြင်ဆင်နေပါတယ် ဖေဖေ'

'ငါ… တယ် ထလုပ်လိုက်ရ၊ တစ်စီဖြစ်တော့မယ်'

'ကိုဝင်း လွင် ဦး'

'မင်းအပေါက်ကို ပိတ်ထားစမ်း ချိုမာ၊ မင်း ကျောသပ်ရင်သပ် ဆုံးမခဲ့တာ ဘာဖြစ်လာလို့လဲ၊ အရင်ကထက် အခုပိုပြီးတော့တောင် ခြေရှည်နေသေးတယ်၊ ခြေငြိမ်သွားအောင် မိန်းမပေးစားတော့လည်း လူကြီးချင်းမျက်နှာပျက်စရာဖြစ်ရအောင် လုပ်လာခဲ့တယ်၊ အခု မင်းသား ဘာလုပ်နေတယ် ထင်လဲ၊ အရင်ကမယူချင်ပါဘူးဆိုတဲ့ ကိုအောင်မျိုးသမီး ပန်းတော်ဝင်ကို မရမက ပြန်ကြိုးစားနေတယ်၊ ကိုအောင်မျိုးက ခင်ဗျားသား ရူးနေပြီလားလို့ ဖုန်းလမ်းဆက်ပြီး ရိတယ် လေ၊ ငါရှက်တယ်ကွ၊ အစကတည်းက လက်ထပ်ချင်ရင်လည်း လက်ထပ်လိုက်၊ လက်မထပ်ချင်ရင်လည်း ထပ်နွှယ်မနေနဲ့တော့ပေါ့၊ ခုတော့ ကလေးကစားသလိုပဲ၊ မင်းလုပ်လို့ ငါက အရှက်နှစ်ခါပြန်ကွဲရတယ်ကွ ကောင်းကင်ရ'

'သားက ဖေဖေတို့ စိတ်ချမ်းသာစေချင်လို့ ပြန်ကြိုးစားပေးတာပါ'

'ဘာကွ၊ လေသံကိုက ပတ်ချွဲနှပ်ချွဲလုပ်လာပြန်ပြီ၊ ဒီလေသံနောက်မှာ ပြဿနာပေါင်း သောင်းခြောက်ထောင် ပါလာတော့မယ် မဟုတ်လား'



'အဲဒါဆို ကျွန်တော်က ဘာဆက်လုပ်ရမှာလဲ'

'အဲဒီ ပန်းတော်ဝင်ဆိုတဲ့ ကောင်မလေးကို မင်း ပြန်ချဉ်းကပ်နေတာတွေ ရပ်တန်းကရပ်၊ အေး… မင်း မရပ်ရင်တော့ မင်း ဒီအိမ်မှာ နေရမဲ့အချိန်တွေ ရပ်သွားအောင် ငါ ကျပ်ပေးရလိမ့်မယ်၊ နားလည်လား'

ခေါင်းမညိတ်ချင် ညိတ်ချင်ဖြင့် ကောင်းကင် ခေါင်းညိတ်ပြလိုက်၏။

အုပ်စိုးလတ်၏ အရှိန်က သူ့ဆီ ရိုက်ခတ်လာလေပြီ။

ဆုံးမစကားတွေ ကိုရီးယားကားလို အပိုင်းရာကျော်လာနေမည်စိုးသောကြောင့် ရေသောက်မလိုလိုနှင့် ကောင်းကင် အိမ်နောက်ဘက်မှ လစ်ထွက်လိုက်သည်။

သူ့အလှည့်တော့ ပြီးသွားပြီ။ သူ့လိုပင် ပန်းတော်ဝင်လည်း မိဘတွေ ဆူပူတာ ခံနေရရှာတော့မည်။ ပန်းတော်ဝင်မှာ အားကိုးစရာ သူငယ်ပြန်နေသည့်အဘွားရှိ၏။ သူ့မှာတော့ အဘိုးအဘွားတွေ တစ်ယောက်မှ မရှိတော့။

ကူကယ်ရာမဲ့သော ဘဝတွင် နားခိုစရာ ငြိမ်းအေးနေရာတစ်ခုလောက်တော့ လိုချင်တောင့်တမိ၏။ ခဏတာစိတ်ဖြေစရာ သူ့ရှေ့ ဗလတို့နှင့် ဆုံဆည်းတတ်သော တီးရှော့ပ်တစ်ခုသာရှိ၏။

ပန်းတော်ဝင်နှင့်အတူ ရှေ့ဆက်ရမည့် ခရီးအတွက် သူ ရင်ဖိုပြီး လေးနက်စွာ စိတ်ဝင်စားလာမိသည်။

'မငိုပါနဲ့ ပန်းတော်ဝင်၊ မင်းဘဝကို ကယ်တင်မယ့်သူဟာ ကိုယ်ပဲဖြစ်ရမှာပါ၊ အချိန်တွေကို နောက်ပြန်လှည့်လို့ရရင် ကောင်းမယ်၊ ရခဲ့ရင်တော့ မင်းနဲ့ကိုယ် ဒီအချိန်ဆို လက်ထပ်ပြီးစီးရော့ပေါ့၊ အချိန်တွေကို နောက်ပြန်လှည့်လိုက်လို့ ပါလာမယ့်အခန်းတွေမှာ မင်း

www.burmeseclassic.com



လက်ဖဝါးတွေ ကိုယ့်ပါးပေါ် အော်ပရေးရှင်းဆင်သွားတဲ့အခန်းတွေကိုတော့ ဖြုတ်ပြစ်လိုက်မယ်၊ ကတ်ကြေးစာပေါ့'

❧ ❧ ❧

စိမ်းစိုလတ်ဆတ်သော သစ်ရွက်အခက်များ လေပြည်သိမ်းရာ ယိမ်းနွဲ့နေ၏။ နေခြည်ဖြာကျနေသည့် မြေကမ္ဘာမှာ အရောင်အသွေး စုံလင်တောက်ပချင်လျက်။ အပြာရောင်ထင်းသည့် ကောင်းကင်တွင် မိုးသားတိမ်လိပ်များ ကင်းစင်လျက်။

မြစိမ်းရောင် ကန်ရေပြင်ပေါ် ညွှင်းသွဲ့ဖြတ်သန်းလာသည့် လေပြည်နုနုအေး၏ အထိအတွေ့ကြောင့် လန်းဆန်းတောက်ပလာသော မျက်ဝန်းများနှင့် ကောင်းကင်က ပန်းတော်ဝင်ကို ကြည့်လိုက်၏။

'မင်း မငိုရဘူးဆိုတာ သိရလို့၊ ကိုယ် စိတ်အေးသွားပါပြီ'

'ငိုရတာထက် ဆိုးတာတွေ ရောက်လာမှာ ကျွန်မကြောက်တယ်'

'ဘာလဲ၊ အခု မင်းအိမ်က မင်းကို ဝိုပြီးတင်းကြပ်လိုက်ပြီလား'

'လူကိုတော့ မတင်းကြပ်ပါဘူး၊ စေ့စပ်ပွဲကို အတင်းအကြပ်စီစဉ်ကြလိမ့်မယ်၊ခုတောင် နွေဦးနဲ့ ကြယ်စင်တို့ ကျေးဇူးကြောင့် အပြင်ထွက်ခွင့်ပြုလိုက်တာ'

'ဒါထက် ဟိုနေ့က အသုပ်စုံဆိုင်မှာ မင်းတို့သုံးယောက် အကြာကြီး ဆက်ထိုင်နေသေးလား၊ ကိုယ့်ကိုတော့ အတင်းပြန်လွှတ်နေပြီးတော့'

'မထိုင်ပါဘူး၊ နွေဦးတို့ ရောက်လာတော့ အိမ်ပြန်အဝင်လွယ်သွားတာပေါ့၊ သူငယ်ချင်းတွေနဲ့ တွေ့နေလို့ ကိုအုပ်စိုးလတ်နဲ့ အတူ



ပြန်မလိုက်ခဲ့တာလို့ ပြောလိုက်တာ၊ အိမ်က ယုံသွားတယ်၊ သူ့ကိုပြန်လွှတ်တာကလည်း သူနဲ့ကျွန်မက ဘာမှမဟုတ်သေးဘဲနဲ့ ဟိုကောင်မနှစ်ယောက်က စွတ်ထင်နေလို့'

ပန်းတော်ဝင်၏ စကားအဆုံးတွင် သူမ သူငယ်ချင်းနှစ်ယောက် နွေဦးမေနှင့် ကြယ်စင်ဦးတို့ ထိုင်စောင့်နေရာ အကြော်ဆိုင်ဘက်သို့ လှမ်းကြည့်သည်။

သိပ်လျင်သည့် သူရနှင့်ဗလ။

သူမတို့နှစ်ယောက် ထိုင်နေရာဝိုင်းတွင် လေးယောက်သားတစ်ဝိုင်းတည်း ပေါင်းမိနေပြီ။

'မင်းသူငယ်ချင်းနှစ်ယောက်တော့ သူရရဲ့ တော်ကီကြောမှာ မျောနေပြီ'

'အဲဒီ ကိုသူရက တော်တော်ပွားနိုင်တယ်နော်'

'ထားပါဦး၊ အခု မင်း ဘာတွေဆက်လုပ်ချင်လဲ'

'ရှင်က အကူအညီပေးမဲ့သူပါ၊ ကျွန်မ ဆန္ဒကို ရှင်သိလျက်သားနဲ့ ထပ်မေးနေရသေးလား'

'ကိုယ်ပြောသလိုမှ မင်းက လိုက်မလုပ်နိုင်တာ'

'ကျွန်မကြောင့် ကျွန်မ မိဘတွေ စိတ်သောကရောက်ရမှာလည်း စိုးရိမ်ရသေးတယ်'

'အပြတ်ငြင်းလိုက်ရင်လည်း ဒီလိုစကားပဲ ထပ်ထွက်လာမှာမဟုတ်လား'

'ရန်းထွက်ချင်လျက်နဲ့ ရန်းမထွက်နိုင်တဲ့ ဘဝကို ကျွန်မလည်း မုန်းတယ်၊ ခါးလည်းခါးသီးတယ်၊ ပြီးတော့ မပြောချင်တော့ပါဘူးရှင်'

'ကိုယ်က မင်းကို ပစ်မှတ်ရှာပေးရုံပဲ ကူညီနိုင်မှာ၊ ပစ်ရမှာ

www.burmeseclassic.com

www.burmeseclassic.com



က မင်းကိုယ်တိုင်။ မင်းမပစ်ရင် မင်းကိုယ်တိုင် ပစ်မှတ်ဖြစ်ပြီး ရန်သူက မင်းကို ပစ်သွားလိမ့်မယ်'

'ရှင့်မှာ တခြားနည်းလမ်းတွေ ဘာတွေ မရှိတော့ဘူးလား'

'ကိုထပ်ပြောတဲ့နည်းကို မင်းလိုက်မလုပ်နိုင်ပါဘူး'

'ပြောကြည့်လေ၊ ကျွန်မ ရွေးချယ်လို့ရတာပေါ့'

'မင်းနဲ့ကိုယ် ဟန်ဆောင်ပြီး…'

ကောင်းကင် စကားမဆုံးခင်မှာ ပန်းတော်ဝင် ခေါင်းရမ်းခါပြနေ၍ သူ့စကားတစ်ဝက်တစ်ပျက်နှင့် ရပ်ထားလိုက်ရ၏။

'ဟန်ဆောင် သမီးရည်းစားအဖြစ်ပဲ ကောင်းပါတယ်၊ ဟန်ဆောင်လက်ထပ်တဲ့ အဆင့်မျိုးကတော့ ရှင့်အတွက်ရော ကျွန်မအတွက်ပါ လုံးဝမကောင်းနိုင်ပါဘူး'

ပန်းတော်ဝင်၏ စကားက သူ့ရင်ကို တစ်လှာချင်း ခွာထုတ်သွား၏။ နောက်ဆုံးအလွှာအရောက်တွင် သူ့ရင်ထဲမှ လျှို့ဝှက်ရင်ခုန်သံ အမှန်ကို သူ့ဘာသာသူ အလန့်တကြား ဖြစ်ကာ ကြားလိုက်ရ၏။

လန်းဆန်းနေရာမှ ညှိုးရော်ရိပ်သန်းလာသော ပန်းတော်ဝင် မျက်နှာလေးကို သူ ရင်ခုန်သံဖြင့် မြတ်နိုးစုံမက်စွာ စိုက်ကြည့်ဖြစ်လိုက်၏။

'ကိုယ် မင်းကို တကယ်လက်ထပ်ချင်တယ် ပန်းတော်ဝင်'

ပန်းတော်ဝင်က ကန်ရေပြင်ကို ငေးနေရာမှ ကောင်းကင်ထံ အကြည့်ပို့လွှတ်၏။

'ကိုယ် ဒီလိုပြောလို့ မင်း အခုလို အလန့်တကြား ကြည့်မယ်ဆိုတာ ကိုယ် ကြိုသိနေတယ်၊ ကိုယ် မင်းကို ဟန်မဆောင်ချင်တော့ဘူး၊ ရင်ထဲရှိရှိသမျှ ချစ်ခြင်းတွေနဲ့ မင်းနှလုံးသားကို နားလည်မှုများစွာနဲ့ ထွေးပိုက်ယုယချင်လာတယ်၊ အဲဒီစိတ်တွေ ဖွားဖွားနဲ့ ရင်ထဲမှာ



ထိန်းချုပ်နိုင်စွမ်းအင်အား မရှိတော့လို့ ခုလိုဖွင့်ဟဝန်ခံလိုက်တာပါ'

ပန်းတော်ဝင် စက္ကန့်ဝက်မျှ တွေဝေသွား၏။ သူ့ကိုပြန်ကြည့်သော ပန်းတော်ဝင် အကြည့်တွင် အဓိပ္ပာယ်များစွာ စွန်းထင်းနေ၏။

'ကူညီသူရဲ့ အားကိုးဖွယ်ရာ စကားတွေပေါ့နော်'

'မင်း မကြိုက်ရင် စကားတွေကို ပြန်ရုပ်သိမ်းပေးပါ့မယ်၊ မင်းကိုချစ်တဲ့အချစ်နဲ့ မင်းကို ရင်ခုန်တဲ့ရင်ခုန်သံကိုတော့ ကိုယ်ဘယ်လိုမှ ပြန်မဖျက်တတ်တော့ဘူး'

'ကျွန်မလေ အချစ်ကို နားလည်သင့်နေပေမယ့် နားမလည်ချင်သေးဘူး၊ အိမ်ထောင်ရေးကိုလည်း ဒီအတိုင်းပဲ၊ လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းစင်တဲ့ လက်ရှိဘဝလေးကိုပဲ မြတ်နိုးတယ်၊ အချစ်တွေ၊ အိမ်ထောင်ရေးတွေနဲ့ ကျွန်မဘဝကို တုပ်နှောင်မခံချင်ဘူး၊ အဲဒီချစ်သူဘဝ၊ အိမ်ထောင်သည်ဘဝတွေဟာ ပျော်ရွှင်ကြည်နူးရမယ်လို့ ခုချိန်ထိ မထင်ဘူး၊ မယုံကြည်ဘူး၊ လက်မခံချင်ဘူး'

'အိမ်ထောင်သည်ဘဝဆိုတာတော့ ကိုယ်လည်း တိတိကျကျ ရှင်းမပြတတ်ပါဘူး၊ သီးချိန်သီး ပွင့်ချိန်တန်ပွင့်ဆိုတဲ့ စကားကလွဲလို့ပေါ့၊ ချစ်ခြင်းမေတ္တာ၊ ချစ်တယ်ဆိုတဲ့အရာ သန့်သန့်ကတော့ ပြုပြင်ဖန်တီးမွေးမြူလို့ မရတဲ့အရာပါပဲ၊ အကြည့်လေးတစ်ချက် အတွေးလေးတစ်စက်နဲ့တင် ဖြစ်တည်သွားတတ်တဲ့ အရာမျိုးပါ၊ ကိုယ် မင်းကို တကယ်လက်ထပ်ချင်တယ်ဆိုတာကလည်း ကိုယ့်ရင်ထဲမှာဖြစ်တည်လာတဲ့ အချစ်ကြောင့် မင်းရဲ့လက်ရှိ အကြပ်အတည်းကနေ ထွက်ပေါက်တစ်ခုအဖြစ် စဉ်းစားမိတဲ့ကိစ္စပါ'

'ရှင့်ကို သဘောကျစေချင်လို့ ဒီစကားတွေ ပြောနေတာလား'

'မင်းကို ရှင်းလင်းကွဲပြားစေချင်တဲ့ ဆန္ဒပါ'

'ကျွန်မ အမှန်အတိုင်း ဝန်ခံရရင် ရှင့်ကို နည်းနည်းသဘော

www.burmeseclassic.com

www.burmeseclassic.com



ကျပါတယ်၊ အဲ… ကိုအုပ်စိုးလတ်အပေါ်လည်း ဒီလိုမတိမ်းမယိမ်းပါပဲ၊ ဒါပေမဲ့ ခုလို လွတ်လပ်တဲ့ဘဝမှာ အချိန်ကြာကြာနေချင်သေးတယ်'

'မင်းဆန္ဒကို မင်းမိဘတွေက နားမလည်ကြဘူးလား၊ မင်းက ဖွင့်မပြောဘူးလား'

'ပြောပြခဲ့ဖူးပါတယ်၊ သူတို့နားလည်မှု မပေးနိုင်ကြဘူး'

'ဒီထက်ပိုပြီး ဖြစ်နိုင်ချေရှိတဲ့ နည်းတစ်ခုခုကို စဉ်းစားကြသေးတာပေါ့'

'ကျွန်မကြောင့် စိတ်ညစ်သွားပြီ မဟုတ်လား'

'ဟန်မဆောင်စတမ်း ပြောရရင် ဟုတ်တယ်၊ အဓိကလူက ဆုံးဖြတ်ချက်ချပြီး လုပ်စရာရှိတာကို ဘာမှမလုပ်သရွေ့ ဒီလိုပဲ ဓာတ်မျောကြီးဖြစ်နေမှာပဲ၊ ဒီလိုနဲ့ အချိန်တန်ရင် အုပ်စိုးလတ်ရင်ခွင်ထဲကို မင်း ဝင်သွားရမှာပဲ'

'ရှင်ပြောသလိုပေါ့၊ ဖြစ်နိုင်ချေရှိတဲ့ နည်းကိုမှ ရှာမတွေ့ကြသေးဘဲဟာ၊ ပိုပြီးဆိုးတာက ကျွန်မက မိန်းကလေး၊ ခြေတစ်လှမ်းမှားတာနဲ့ ပိုဆိုးတဲ့ဒုက္ခနဲ့ တိုးနိုင်တယ်'

'မရေရာမှုတွေနဲ့ ဒီနေ့ရဲ့ တွေ့ဆုံမှုကို အဆုံးသတ်လိုက်တော့မယ်ဆိုပါတော့'

ကောင်းကင်၏ စိတ်ပျက်လက်ပျက် ပြောလိုက်သော်စကား။ ပန်းတော်ဝင်က နားဆွဲလေးများ လှုပ်ယမ်းသွားသည်အထိ နွဲ့လျစောင်းငဲ့ကြည့်ရင်း…

'ဒီအချိန်မှာ ကျွန်မတို့အတွက် ဒီစကားမျိုးပြောနိုင်ရုံသက်သက်ပဲ ရှိတော့တာပေါ့'



ပတ်ဝန်းကျင်တစ်ခုလုံး အစိမ်းရောင်လေဟာနယ်ထဲ ရောက်ရှိသွား၏။

နောက်ဆုံးအကြိမ်မြောက် ငွမ်ခနဲ သောက်ပြီးနောက် အကြမ်းပန်းကန်ကို စားပွဲပေါ် အသံပြင်းပြင်း မြည်အောင် ဆောင့်ချလိုက်သူမှာ ဗလ။ သူရကာ တို့နှံ့နဲ့ မုတ်ဆိတ်မွေးများကို အသာပွတ်သပ်ရင်း…

'အဟမ်း… အဟမ်း… ဒီအတိုင်းဆို ငါမှမကယ်ရင် မလွယ်တဲ့ကိန်း ဆိုက်နေပါလား ဟရို့'

ကောင်းကင်က အအေးပုလင်းကို ကောက်မော့ရင်း…

'ဒီလိုအရေးဆို မင်းခေါင်းပြေးတာ ငါသိတယ် သူရ၊ အကြံသစ်ဉာဏ်သစ်တွေ ထုတ်စမ်းပါဦးကွာ'

'မင်းကောင် ခေါင်းပြေးလို့ သူ့အဖေဆီ လာပေါင်ထားတဲ့ ကားစုတ်ကြီးတစ်စီးဖိုး ဆုံးပြီးပြီ၊ အဲဒါ မင်းသိလား'

'ဟင့်အင်း'

'အဲဒီကားကြီးက တစ်စစီဖြုတ်ရောင်းရင်တောင် အပေါင်ခံတဲ့ ငွေကို မမီဘူးလေ၊ အဲဒါကို သူရက ကားပွဲစားစကားလုံးတွေ အလွတ်ရွတ်ပြပြီး သူ့အဖေကို အတင်းအပေါင်ခံနိုင်းတယ်၊ မိတ်ကပ်လိမ်းပြီး ဆေးဆိုးပန်းရိုက် လုပ်ပေးလိုက်ရင် အပေါင်ခံတဲ့ ငွေနှစ်ဆနဲ့ ပြန်ရောင်းလို့ရမှာ ပြန်ရွေးမှာတောင် စိုးနေရတယ်၊ ဘာညာကွိကွပေါ့ကွာ၊ သူ့အဖေက သူ့သားလူလည်ခေါင်းပြေးတယ် အထင်နဲ့ (အခုမင်းလိုပေါ့) အုပ်ထည့်လိုက်တာ အခု အဲဒီကားကြီး အမှည့်လွန်ပြီး ပုပ်သိုးနေပြီ၊ အခုတလော ကားဈေးတွေကလည်း ပက်ပက်စက်စက် ကျနေယ်မဟုတ်လား၊ ပေါင်တဲ့ကားရှင်ကလည်း ပေါင်ပြီးတဲ့နေ့ကစပြီး ဖင်ဖျား

www.burmeseclassic.com

www.burmeseclassic.com



တောင် မမြင်ရတော့ဘူး၊ ခုချိန်ဆို လမ်းတွေ့ရင်တောင် အတင်းရှောင်ကွင်းပြေးမှာ၊ အစကတည်းက သူက အဆုံးခံဖို့ စဉ်းစားပြီးသားဖြစ်မှာပေါ့၊ ခုတော့ ဒီကားစုတ်ကြီးကို ဂိုဒေါင်ထဲမှာ မြင်တိုင်း သူ့ရ မင်းကို ငါ ရင်နာတယ်၊ ရင်နာတယ် ဖြစ်နေရပြီ၊ မင်းလည်းကြည့်လုပ်နော် ကောင်းကင်'

'ဗလ... ငါ့ကိုတွယ်ဖို့ စီဒီတစ်ချပ်စာ ဟစ်ပောာ့သီချင်းလိုနန်းစတော့ပြောတတ်တယ်၊ ဟုတ်လား၊ မင်းခေါင်းကရော ဘယ်လောက်ကောင်းနေလို့လဲ'

'မင်းတို့နှစ်ယောက်တွေ့ရင် ကိုက်ဖို့ပဲ စဉ်းစားနေ၊ ဟုတ်တော့ဟုတ်တယ် ဗလ၊ အရေးအကြောင်းဆို မင်းခေါင်းက ဘာမှထွက်မလာတာ များတယ်'

'မင်းက ဆရာကြီး သူရပဲ ပစားပေးတာကိုးကွ'

'ငါ့ထက် မင်းကို ပစားပေးစေချင်လို့လား ဗလ'

'ဟုတ်ပါဘူးကွာ၊ ရိုးရိုးသားသား အစွမ်းအစလေးတွေ ပြချင်တာ'

'ဒါဆို မင်းညီမနဲ့ ကောင်းကင်ကို စေ့စပ်ပေးလိုက်ပါလား'

'မင်းတူမပါပေးရင် ငါလည်းပေးမယ်ကွာ'

ကောင်းကင်က ဝင်၍...

'ဟော့ကောင်တွေ ငါ ဘဝရှင်မင်းတရားကြီး မဟုတ်ဘူး၊ တောင်နန်းစံ မြောက်နန်းစံတွေနဲ့ ဦးနှောက်အစားမခံနိုင်ဘူး၊ ဒီတစ်ယောက်တည်းအတွက်တောင် ညစ်နေတာ'

'ဒီလိုအသားယူရမဲ့နေရာကျတော့ မင်း ဝင်ပါတယ်ဟုတ်လား ကောင်းကင်'

'မင်းတို့ကြောင့် အကြောင်းတိုက်ဆိုင်သွားလို့ပါကွာ'



သူရနှင့်ဗလ သူ့ကိုဝိုင်းတီးရန် ခုံမှထရပ်လိုက်ကြသည်။

'ဟိုးထား... ဟိုးထား... ကိုကိုနဲ့လေးလေး အဲဟုတ်ပေါင် သူရနဲ့ ဗလ စိတ်လျှော့လိုက်ကြတော့၊ တော်ပြီ၊ ငါလည်း မင်းတို့ကို အားမကိုးတော့ဘူး၊ ငါ့ဘာသာအိမ်ပြန်ပြီး တစ်ယောက်တည်းစဉ်းစားတာ ကောင်းမယ်'

'အောင်မယ် အဆုံးသတ်လေးတောင် နည်းနည်းခတ်လိုက်ချင်သေးတယ်၊ ခု ပန်းတော်ဝင် ကိစ္စရှိသေးလို့နော်၊ နို့မို့ မင်းကို ရေဆုံးရေဖျားဗျင်းမှာ'

ထရန် ဖြစ်နေသည့် ကောင်းကင်လက်ကို ပြန်ဆွဲရင်း ဗလစကားကို ဖြတ်၍ သူရက ဝင်ပြောသည်။

'ချက်ချင်းကြီး ထပြန်မယ်၊ ဘယ်လိုဖြစ်ရတာလဲ ငါ့ကောင်ရ၊ အချိန်တိုင်း မင်းခေါင်းထဲမှာ ပန်းတော်ဝင်ပဲ ထည့်ထားလို့ဖြစ်မလား၊ ဒီအတိုင်းဆို မင်း ပန်းတော်ဝင်ကို စွဲလမ်းနေပြီ၊ တို့ဘေးကလူတွေတောင် မြင်နေရတယ်'

'မင်းတို့အမြင်မှာ အဲလိုဖြစ်နေပြီလား'

'အသေအချာပဲ'

'ကဲ... ဒါဆို ငါ့ကိုခန့်မှန်းနိုင်ရင် ပန်းတော်ဝင်ကိုလည်း မင်းတို့ ခန့်မှန်းနိုင်ရမှာပေါ့၊ ကဲ... ပြော၊ ပန်းတော်ဝင်လည်း ငါ့လိုပဲလား'

'ပန်းတော်ဝင်က သူ့ဘာသာသူ ပြီးပြတ်အောင် အတင်းဖြတ်နိုင်လျက်သားနဲ့ မင်းကို အကူအညီတောင်းသလို အပျော့ဆွဲဆွဲနေတာ၊ အဓိက စဉ်းစားစရာအချက်ပဲ'

သူရ၏ မှတ်ချက်။ ဗလကလည်း လက်ဖျောက်တစ်ချက်တီးပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ဒါ… မှန်တယ်၊ မင်းအပေါ်မှာ ကြွေသင့်သလောက် ကြွေနေရမယ်၊ သူ့မှာလည်း နွေဦးမေတို့ ကြွယ်စင်ဦးတို့လို ဘော်ဒါတွေရှိတာပဲ၊ မင်းကိုပဲ အကူအညီတောင်းသလိုမျိုး ပတ်သက်လမ်းဖွင့်ပေးထားတာ၊ အဲဒါထူးခြားချက်ပေါ့'

'ငါ့အနေနဲ့ ပန်းတော်ဝင်နေရာကနေ စဉ်းစားပြီး ချေပကြည့်မယ်ကွာ၊ ကျန်တဲ့ဘော်ဒါအသိုင်းအဝိုင်းထဲမှာ စိတ်ချရလောက်တဲ့လူ ဒါမှမဟုတ် အားကိုးရလောက်တဲ့လူ ဒါမှမဟုတ် ကိုယ့်အရေးမဟုတ်ပေမဲ့ သူများအရေးကို စိတ်ပါလက်ပါ ကူညီတတ်တဲ့လူ၊ အဲဒီလိုလူမျိုး ရွေးစရာမရှိလို့၊ ခရီးသွားဟန်လွဲ ပတ်သက်လာတဲ့ အရင်ကလည်း ထဲထဲဝင်ဝင်နီးပါး ပတ်သက်ခွင့်ရခဲ့ဖူးတဲ့ ငါ့လိုလူကို လွယ်လင့်တကူ ဒါမှမဟုတ် တမင်တကာ ဒါမှမဟုတ် အမှတ်မထင် အကြောင်းတိုက်ဆိုင်လာလို့ အကူအညီတောင်းခံတာမျိုးကော မဖြစ်နိုင်ဘူးလား'

သူ့စကားကို ညာဏ်ကြီးရှင် သူရက စဉ်းစဉ်းစားစားဟန်ဖြင့်

'ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် မဖြစ်နိုင်တယ်၊ ဒါမှမဟုတ် နှစ်ခုလုံးဖြစ်နိုင်တယ်၊ ဒါမှမဟုတ် နှစ်ခုလုံးမဖြစ်နိုင်ဘူး၊ ဒါမှမဟုတ် အားလုံးဖြစ်လိုက်မဖြစ်လိုက်ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် အားလုံး…'

သူရစကားမဆုံးခင်မှာ ကောင်းကင်နှင့် ဗလ ညှပ်ပြီး နားရင်းထတီးကြ၏။ ဒါတောင် မလျော့သေး။ သူရထံမှ အသံထွက်လာ၏။

'ဒါမှမဟုတ် အောင်မလေး နာ… နာတယ်ကွ'

## အခန်း(၁၀)

ညဘက် ပန်းတော်ဝင်တို့ အိမ်သားများ အိပ်ယာဝင်ချိန်လောက်မှာ ကောင်းကင်က သူ့ဟမ်းဖုန်းဖြင့် ပန်းတော်ဝင်ထံ ဆက်သွယ်လိုက်သည်။ ဝေတီမ ခုချိန်ထိ သူမ ဟမ်းဖုန်းနံပါတ်ကို မပေးသေးသဖြင့် ဒုက္ခခံအချိန်စောင့်ပြီးမှ ဆက်ရ၏။ ဖုန်းကောလ်ဝင်သည်နှင့် ကောက်ကိုင်သံ ကြားလိုက်ရ၍ ပန်းတော်ဝင် သူ့ဖုန်းကို စောင့်နေသည်မှာ သေချာသလောက်ပင်။

'ပန်းတော်ဝင်လား'

'ဟုတ်ပါတယ်'

'ကိုယ် ဘယ်ကစပြောရင်ကောင်းမလဲ'

'ရှင် မပြောခင် ကျွန်မ ပြောမယ်၊ ကျွန်မ တစ်နေကုန် ငိုလိုက်ရတာလေ'

'ဘာဖြစ်လို့'

'ဝမ်းနည်းစရာကောင်းတဲ့ အကြောင်းတစ်ခုကို မမျှော်လင့်ဘဲ သိလိုက်ရလို့'

'ဘာအကြောင်းလဲ'

'ဒီအကြောင်းတွေ ရှင့်ကို ပြောသင့်မပြောသင့် ချိန်ဆမ်သေး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရှင်က ကူညီမယ့်သူဆိုတော့ ပိုသဘောပေါက်သွားအောင် သိထားသင့်တယ်ထင်လို့ ခုလိုပြောပြတာ'

'ပြောပါဦး'

'တကယ်တော့ ကျွန်မဟာ လက်ရှိ ဖေဖေနဲ့မေမေရဲ့ သမီးအရင်းမဟုတ်ဘူး'

'အင်'

'ရှင် အံ့သြသွားသလား၊ အံ့သြမှာပါ၊ ကျွန်မကိုယ်တိုင်တောင် ကြားကာစခက မယုံနိုင်ဘူး ဖြစ်သွားသေးတာ'

'ဒါဆို မင်းရဲ့မိဘအရင်းတွေက'

'ဖခင်က နိုင်ငံခြားသင်္ဘောလိုက်ရင်း ပြန်မလာတော့ဘူး၊ မိခင်ကတော့ ကျွန်မ ရှစ်လသမီးလောက်မှာ ဆုံးသွားတယ်၊ အခု မွေးစားဖေဖေရဲ့ တူမတော်တာပေါ့၊ အခု မွေးစားမိဘတွေက သားသမီးမရတော့ ကျွန်မကို တရားဝင်မွေးစားလိုက်တာလေ'

'မိဘရင်းတွေက မရှိတော့ဘူး၊ မွေးစားမိဘတွေကလည်း'

'သူတို့က သမီးအရင်းလိုပဲ ကျွန်မအပေါ် ကောင်းပါတယ်၊ သူတို့ စီးပွားရေးက အရင်က အရမ်းကောင်းခဲ့ပါတယ်၊ ခုတော့ စီးပွားရေးက အနုတ်လက္ခဏာပြနေတဲ့အပြင် ကြောက်ခမန်းလိလိထိုးဆင်းလာတယ်၊ ကျွန်မကို ချမ်းသာကြွယ်ဝတဲ့ သတို့သားလောင်းနဲ့ မြန်မြန်သွက်သွက် စီစဉ်ချင်တာလည်း ဘာကြောင့်ဆိုတာ ရှင် စဉ်းစားမိမှာပေါ့၊ သူတို့ခမျာလည်း မဖြစ်သာလို့သာ ဒီလိုမျှော်လင့်ချက်ထားရရှာတာပါ'

'အဲဒါ နည်းနည်းတော့ ဆိုးသလိုပဲ၊ သမီးကို ရောင်းစားသလို ဖြစ်မနေဘူးလား'

'ကျွန်မ အဲဒီလိုမထင်ရက်ရဲပါဘူး'



'သူတို့ကတော့ ဖြစ်လာအောင် စီစဉ်ရက်ရဲနေကြပြီလေ'

'အဲဒီ လျှို့ဝှက်ချက်ကို ကျွန်မ သိသွားတာ မွေးစားမိဘတွေ မရိပ်မိကြသေးဘူး၊ ကျွန်မအပြင်က ပြန်လာတော့ ဖေဖေနဲ့မေမေ စာဖတ်ခန်းထဲမှာ တိုင်ပင်ပြောဆိုနေကြတာကို ကျွန်မ အပြင်က ကြားလိုက်ရတာ၊ ကျွန်မ မရှိဘူးထင်လို့ ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးနေကြတာလေ၊ တစ်ဘက်က မိဘနှစ်ပါးရဲ့ ကျေးဇူးနဲ့ သူတို့ရဲ့ ရပ်တည်မှုအတွက် စီးပွားရေးအခြေအနေ တခြားတစ်ဘက်က ကျွန်မရဲ့ ရပိုင်ခွင့်ရှိတဲ့ လွတ်လပ်မှုနဲ့ မလိုလားမှုကနေ လွတ်မြောက်ခွင့်'

'ကဲ... ကိုယ် ရှင်းရှင်းပဲ မေးချင်တယ်၊ အခုလို အားလုံးသိနားလည်ပြီးတဲ့နောက်မှာ ပန်းတော်ဝင် ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ၊ ကျုပ် ဘာကူညီပေးရမှာလဲ'

ပန်းတော်ဝင်ထံမှ ခဏတာ အသံငြိမ်သွား၏။ ပြီးမှ...

'ကျွန်မ ဘာပြောရမှန်းတောင် မသိတော့ဘူး'

'ဖြစ်လာမဲ့ အကျိုးဆက်ကို မင်းတွက်ချက်တတ်ပါတယ်'

'ပြီးတော့ ပြောစရာရှိသေးတယ်၊ ကိုအုပ်စိုးလတ်နဲ့ စေ့စပ်ဖို့ သုံးရက်ပဲ လိုတော့တယ်'

'ဘာ... ဘယ်လို ဒီစကားကို ခုမှဖွင့်ပြောရလားကွာ'

'ကျွန်မလည်း မိဘတွေ တိုင်ပင်နေဘာကို ဒီနေ့မှ သိရတာ၊ ကျွန်မက အချိန်ဆွဲလွန်းတော့ စိတ်မရှည်ကြတော့ဘူးနဲ့ တူပါတယ်'

'အချိန်ဒီလောက်ကပ်နေပြီ၊ ဘယ်လိုလုပ်ကြမှာလဲ'

'အချိန်မရွေး ဖျက်သိမ်းလို့ရတဲ့ စေ့စပ်ပွဲပဲ လုပ်မှာပါ'

'စေ့စပ်ပွဲကို လုပ်ပြီးမှ ပြန်ဖျက်သိမ်းရင် မင်းရဲ့မွေးစားမိဘတွေ အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး ပိုအထိနာသွားကြမှာပေါ့'

'အင်း... ဒါလည်း ဟုတ်နေတာပဲနော်'

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်က ဖုန်းကို တင်းတင်းဆုပ်ကိုင်လိုက်ပြီး…

'ပန်းတော်ဝင်… မင်း အိမ်ပေါ်က ခဏဆင်းနေလိုက်ပါ၊ သူငယ်ချင်းအိမ်ဖြစ်ဖြစ် အမျိုးတွေအိမ်ဖြစ်ဖြစ် မင်းမိဘတွေ ပြန်လိုက်ခေါ်ရင် မင်းဖြစ်စေချင်တာတွေ ပြောပြ၊ သူတို့သဘောတူမှ အိမ်ပြန်လိုက်သွား၊ အဲဒီနည်းဟာ အဆိုးနည်းတွေထဲက အကောင်းဆုံးနည်းတစ်ခုပဲ'

ပန်းတော်ဝင် ငြိမ်နေ၏။ သူ စဉ်းစားချိန် ထပ်မပေးချင်တော့။ စဉ်းစားလွန်းလျှင် တွေဝေပြီး မပြတ်မသားဖြစ်ကာ အမှန်နှင့်အတူ အမှားများပါ ရောထွေးလုပ်ဆောင်မိသွားနိုင်၏။ ထို့ကြောင့်…

'ပန်းတော်ဝင်'

တွန်းအားပေးရန် ပြင်သည့် ကောင်းကင်အား ပန်းတော်ဝင် ထံမှ ပြန်ထူးသံအစား စကားပါးပါးလေးသာ တိုးညှင်းစွာ တုန့်ပြန်လာ၏။

'ကျွန်မ ကြိုးစားကြည့်လိုက်ပါ့မယ်'

ပန်းတော်ဝင်၏ မွေးစားဖခင်ဖြစ်သူကို ရိပ်ခနဲ တွေ့လိုက်ရ၍ ကောင်းကင် ဆိုင်ထဲသို့ ဝင်လိုက်သွား၏။ နိုင်ငံခြားအရက်မျိုးစုံရောင်းသော ကောင်တာတွင် ထိုလူကြီး ရပ်၏။ ကောင်တာစာရေးမလေးနှင့် စကားတချို့ပြောပြီး ထုတ်ပေးလာသည့် အရက်ပုလင်းကို ထိုလူကြီး သေချာစွာ စစ်ဆေးကြည့်ရှု၏။

ကျသင့်ငွေကို ရှင်းပေးပြီး ပစ္စည်းယူကာ ထွက်မသွားသေးဘဲ အရောင်းစာရေးမလေးနှင့် စကားလက်ဆုံကျနေပြန်၏။ ရယ်မောရွှင်ပျ



သံ တီးတိုးညံ့လျက်။ သူတို့မျက်ဝန်းနှစ်စုံမှာလည်း ကြည်နူးရိပ်အပြည့်။ အရောင်းစာရေးမလေးက စကားသုံးလေးခွန်း ဆက်တိုက်ပြောလိုက်ရာ ထိုလူကြီးက စာရွက်လွှတ်တစ်ခုတောင်းပြီး တစ်စုံတစ်ရာ ရေးခြစ်ပေး၏။

ကောင်းကင်က ထိုလူကြီးနောက်ပါး အသာကပ်သွားလိုက်ပြီး စာရွက်ပေါ်က စာသားကို အမိအရဖတ်လိုက်၏။ လိပ်စာတစ်ခု၊ ရက်စွဲနှင့် တွေ့ဆုံမည့် အချိန်။ တစ်ခုခုတော့ သေချာနေ၏။ အရောင်းစာရေးမလေးက သူ့ကိုတွေ့သွားသောအခါ လူကြီးကို အသာလက်ကုတ်ပြီး မျက်စပစ်ပြလိုက်၏။

ထိုလူကြီး သူ့ကို လှည့်ကြည့်ပြီး မျက်မှောင်ကြုတ်သွား၏။

'အန်ကယ်… ပစ္စည်းလာဝယ်တာလား'

'မင်း… မင်းက'

'ကျွန်တော် ကောင်းကင်ပါ၊ ဦးဝင်းလွင်ဦး သားလေ၊ အန်ကယ် အကူအညီများ လိုနေသလားလို့'

'ဟေ… ဘာအကူအညီမှ မလိုဘူးကွ၊ မင်းက ဘာလဲ၊ ဒီမှာ ဝယ်စရာရှိရင် ဝယ်လေ၊ ဝယ်ပြီး ပြန်'

'အန်ကယ့်လက်ထဲက ပုလင်းက အကောင်းစားပဲ၊ အန်ကယ် လည်း…'

'ဒါ မင်း အလုပ်မဟုတ်ပါဘူး၊ မီး… ဦး ပြန်မယ်၊ ဒီကောင်နဲ့ မဖြစ်ဘူး'

ပန်းတော်ဝင် မွေးစားဖခင်က ပုလင်းထည့်ထားသည့် အိတ်ကို ဆွဲယူပြီး စာရေးမလေးလက်ထဲ ရေးထားသည့် စာရွက်ပိုင်းလေး ကိုတ်ပေးကာ ရှုံ့ရှုံ့ရားရားဖြင့် ပြန်လှည့်ထွက်သွား၏။ လှည့်ထွက်စဉ် ကောင်းကင်အား ဘုကြည့်ကြည့်သွားသေး၏။

www.burmeseclassic.com



အရောင်းကောင်တာဘက် သူလှည့်လိုက်သောအခါ အရောင်းစာရေးမလေးက မျက်နှာရှစ်ခေါက်ချိုးဖြင့်…

'ဘာဝယ်မလို့လဲ'

'ထွေးညိုတစ်လုံးလောက်'

'ဘာရှင့်၊ ဒီဆိုင်မှာ လာနောက်လို့မရဘူး'

'ခုနက ဦးကို ပြောတဲ့ မျက်နှာနဲ့ အခု ကျွန်တော့်ကိုပြောတဲ့ မျက်နှာက တော်တော်ကွာခြားနေပါလား၊ အရောင်းကောင်တာ စာရေးမရဲ့ ဆက်ဆံရေးက ဒီလိုပဲလား'

ငွေသိမ်းကောင်တာမှ မသိမသာလှမ်းအကဲခတ်နေသော အမျိုးသမီးဘက်သို့လှည့်ကြည့်ရင်း ကောင်းကင် မေးလိုက်ခြင်းကြောင့် မီး မျက်နှာ ချက်ချင်းပြောင်းသွား၏။

'ကဲပါရှင် ရှင်ကြည့်ချင်တာ ကြည့်ပါ၊ ဝယ်ချင်တာ ဝယ်ပါ'

'ကျွန်တော်က ပြည်တွင်းဖြစ်ကို အားပေးနေလို့ မဝယ်သေးပါဘူးဗျာ၊ ဒါနဲ့ ခုန အန်ကယ်ကြီး ကျိတ်ပေးသွားတာ ဘာစာပါလိမ့်'

အရောင်းစာရေးမ မီးကမူ ဟန်ဆောင်လုပ်ယူထားသော အပြုံးဖြင့်…

'လူကြီးမင်းမေးတဲ့ပစ္စည်း ကျွန်မဆိုင်မှာ မရှိပါဘူးရှင်၊ ခုလို လာအားပေးတာ ကျေးဇူးတင်ပါတယ်'

ကောင်းကင် ဆိုင်ထဲမှ လစ်ထွက်လာလိုက်၏။ စာရွက်ပေါ်တွင် ရှိသမျှ သူ အကုန်အလွတ်ရလိုက်ပြီဖြစ်၏။ ဆိုင်ထဲတွင် ကြာကြာနေ၍ မသင့်တော့။

ဦးနဲ့မီး တွေ့ကြမည့်နေ့ကိုသာ စောင့်ရန်ရှိတော့၏။



'မင်း… ငါ့အိမ်ပေါ်က ဆင်းသွား၊ မင်းကို အိမ်မှာလက်သင့် မခံထားနိုင်တော့ဘူး ကောင်းကင်'

'ဘာဖြစ်လို့လဲ ဖေဖေ'

'အရှက်ခွဲပြီးရင်း ဆက်ခွဲနေလို့ပေါ့ကွ၊ မင်း ဒီနေ့ ဘာလုပ်ခဲ့တယ်ဆိုတာ မှတ်မိတယ် မဟုတ်လား၊ ကိုအောင်မျိုး ငါ့ကို ဖုန်းဆက်ပြီး လှမ်းတိုင်တယ်၊ သူ့မိတ်ဆွေအမျိုးသမီးတစ်ယောက်ကို တိုက်ခန်းအရောင်းအဝယ်အတွက် လိုက်ပြတာကို မင်းတို့ဝင်စော်ကားပြီး ပြဿနာ ရှာသွားတယ်ဆို'

'ဟို… အဲဒါက နည်းနည်း နားလည်မှုလွဲသွားတာ ဖေဖေ'

'နောက်ပြီး ဟိုရက်တုန်းကလည်း စတိုးဆိုင်မှာ ပစ္စည်းဝယ်နေတုန်း မင်းရောက်လာပြီး သူ့ကိုစော်ကားခဲ့သေးတယ်တဲ့၊ အကျယ်အကျယ်မဖြစ်ချင်လို့ မတိုင်တာကို မင်းက ပိုဆိုးလာပြီး ခွေးဇာတ်တွေ လိုက်ခင်းပြနေတာပေါ့လေ၊ ဒါကြောင့် မင်းကို အပြစ်ပေးတယ်၊ အိမ်ပေါ်က ဆင်းတော့'

'ဖေဖေက မေမေ တရားစခန်းဝင်နေတဲ့ အချိန်မှာမှ ကျွန်တော့်ကို အိမ်ပေါ်က နှင်ချတာပေါ့'

'အေး… အဲဒါ ဘာဖြစ်လဲ'

(ဘာမှမဖြစ်ပါဘူး၊ မေမေ ပြန်လာရင် အိမ်ပေါ်ပြန်တက်လာမှာပဲဟာ)

ကောင်းကင် စိတ်ထဲမှသာ ပြောသည်။ လက်တွေ့မှာတော့

'ဘာမှမဖြစ်ပါဘူး၊ ငွေတစ်သိန်းလောက်နဲ့ အဝတ်အစားအဆို များများပေးလိုက်ပါ၊ ကျွန်တော် ဆင်းပေးမယ်'

'ဟေ့ကောင် တစ်ပြားမှမပေးနိုင်ဘူး'

'မြန်မာငွေမပေးနိုင်ရင် ဒေါ်လာဖြစ်ဖြစ် ယူရိုငွေဖြစ်ဖြစ် ပေးလိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'လက်သီးပဲရမယ်'

'ဒါဆို ကျွန်တော် ဒီအတိုင်းဆင်းရမှာလား'

'အေး'

'တည်းခိုခန်းခလောက်မှ မပါရင် ဘယ်လိုအိပ်မလဲ၊ နောက်ပြီးဘယ်လိုစားမလဲ'

'မဟုတ်က ဟုတ်က လုပ်ဖို့တော့ မင်းရဲ့မဟာခေါင်းကြီးက ဉာဏ်နီဉာဏ်နက်တွေ ထွက်တယ်မဟုတ်လား၊ ခုလည်း မင်းနေဖို့ စားဖို့ မင်းရဲ့ရွှေဉာဏ်တော်စူးရောက်တဲ့ ဦးနှောက်ကို သုံးပေါ့'

'ရက်စက်တယ်'

'မြန်မြန်သွားကွာ၊ ကြာရင် ငါလုပ်မိလိမ့်မယ်'

ဖခင်ဖြစ်သူ ကြက်မွေးသွားဆွဲနေ၍ ကောင်းကင် အိမ်အပြင်သို့ အမြန်ထွက်လာလိုက်ရ၏။ အမေ တရားစခန်းမှ မထွက်မီစပ်ကြား သောင်ပြင်လွတ်သည့် ဟောင်ကောင်ဖြစ်ပြီ။

သို့သော် အကောင်းစားသူငယ်ချင်းနှစ်ယောက်ရှိသည့် ခဏ တာ ပူစရာမလို။ ယခုအချိန်တွင် ပူစရာလိုသည်မှာ ရင်ခုန်နေသော နှလုံးသားအတွက်သာ။

မနက်ဖြန်တွင် ဆိုက်ရောက်လာမည့် ပန်းတော်ဝင် အမှုကို သူ ဘယ်လိုနည်းနှင့် ပြုပြင်ပြောင်းလဲရပါ့မလဲ။

၃၁ ၃၁ ၃၁

## အခန်း(၁၁)

'အန့်တီ နေကောင်းတယ်နော်'

'ဟော့… သမီးသူငယ်ချင်းတွေပါလား၊ လာကြ၊ လာကြ၊ သမီးကတော့ အပေါ်ထပ် သူ့အခန်းထဲမှာကွဲ့'

ပန်းတော်ဝင်၏ သူငယ်ချင်း နွေဦးမေနှင့် ကြယ်စင်ဦးတို့ ရောက်လာကြသဖြင့် ဒေါ်မိုးမိုးသင်းက ဧည့်ခန်းထဲမှ ကြိုဆိုလိုက်ခြင်း ဖြစ်သည်။ မျက်နှာတော့ သိပ်သာသာယာယာ မရှိလှ။

'ပန်းတော်ဝင်ဆီ ဖုန်းဆက်တာ မရလို့၊ နောက်ပြီးနေမှ ကောင်းရဲ့လားလို့ စိတ်ပူပြီး သမီးတို့ ရောက်လာတာ'

'နေတော့ကောင်းပါတယ်ကွယ်၊ သမီးတို့ သူငယ်ချင်းက ဒီတ်ကောက်ပြီး သူ့အခန်းထဲက မထွက်ဘူးကွဲ့'

'ဟုတ်လား၊ အဲဒါဆို သမီးတို့ သူ့အခန်းတက်သွားလိုက်မယ်နော်'

'တက်သွားပါကွယ်၊ ဒါပေမဲ့ သမီးတို့ကို တစ်ခုတော့ ပြောရဦးမယ်၊ သမီးတို့ သူငယ်ချင်းကို သမီးတို့ချစ်ကြတယ် မဟုတ်လား၊ အဲဒီတော့ သူ့ဘဝကောင်းစားဖို့အတွက်ကိုပဲ သမီးတို့က ဝိုင်းဝန်း ဖျောင်းဖျပေးကြပေါ့'

သွက်သွက်လက်လက်ရှိသည့် နွေဦးမေက…

www.burmeseclassic.com

www.burmeseclassic.com



'သမီးတို့လည်း ပန်းတော်ဝင်ကို စိတ်ချမ်းသာစေချင်ပါတယ် အန်တီ'

ထိုစကားကြောင့် ဒေါ်မိုးမိုးသင်း မျက်နှာ အရောင်အနည်းငယ် ပြောင်းသွားသည်။ နှစ်ယောက်လုံး၏ မျက်နှာကိုလည်း စေ့စေ့စပ်စပ် အကဲခတ်၏။ နွေဦးမေမှာ မျက်လွှာချသွားသော်လည်း ကြယ်စင်ဦးမှာ ကြောက်လန့်နေဟန်ဖြင့် မျက်စိပြူးလျက် ပြန်ကြည့်နေ၏။ ဒေါ်မိုးမိုးသင်း သဘောပေါက်လိုက်သည်။ ကြယ်စင်ဦးကို သတိထားရန်မလို။ သို့သော်…

'သမီးတို့ စကားပြောချင်ရင် အပေါ်တက်သွားကြလေ၊ အရင်လို အပြင်ထွက်ခွင့်တော့ သမီးကို သူ့အဖေက ခဏပိတ်ထားတယ်ကွဲ့'

'ဟုတ်… ဟုတ်ကဲ့ပါ အန်တီ'

ပြောပြီးသည်နှင့် သူမတို့နှစ်ယောက် ပန်းတော်ဝင် အခန်းရှိရာ အပေါ်ထပ်သို့ အမြန်ပြေးတက်ကြသည်။ အပေါ်ထပ်ရောက်ခါနီး လှေခါးပေါ်တွင်ပင် ကြယ်စင်ဦးက ညည့်ခန်းသို့ တစ်ချက် ငဲ့ကြည့်ရင်း စိတ်မထိန်းနိုင်စွာဖြင့်…

'ဟဲ့… နွေဦး၊ နင် အရင်ဘစ်ခါ မိပန်းကို အပြင်ခေါ်ထုတ်ပြီး ကိုကောင်းကင်နဲ့ ပေးတွေ့တာ ရိပ်မိသွားပြီလား မသိဘူး'

'မိကြယ်စင်… လောလောဆယ် နင့်ပါးစပ် ပိတ်ထားစမ်းပါဟယ်'

ပန်းတော်ဝင် အခန်းရှေ့ရောက်တော့ တံခါးကို ဖွင့်မရ။ အတွင်းမှ လော့ခ်ချထား၏။

'ပန်းတော်ဝင်… သူငယ်ချင်း… ငါတို့ပါဟဲ့၊ တံခါးဖွင့်ပါဦး'

တံခါးဖွင့်ဖွင့်ချင်း သူမတို့နှစ်ယောက် အခန်းထဲဝင်ပြီးသည်



နှင့် တံခါးပြန်ပိတ်ကာ ပန်းတော်ဝင်က နွေဦးမေကို ဖက်၍ငိုလေသည်။ နဂိုက ကြောက်တတ် စိတ်အားငယ်တတ်သော ကြယ်စင်ဦးကပါ ရောယောင်ငိုသဖြင့် စိတ်ရှုပ်သွားသော နွေဦးမှာ…

'ဟဲ့… နေကြပါဦးဟယ်၊ မျက်ရည်နောက်မှကျ၊ ဘာဖြစ်တယ်ဆိုတာ အရင်ပြောဦး'

'ပန်းတော်ဝင်ထံမှ စကားသံထွက်မလာ၊ ငိုနေဆဲ၊ ခဏကြာမှ…'

'ငါ့ဟမ်းဖုန်းကို သိမ်းလိုက်ပြီ၊ အခန်းထဲက ကြိုးဖုန်းကိုလည်း ဖြုတ်လိုက်ပြီ၊ အပြင်ထွက်ခွင့်လည်း မပေးတော့ဘူး၊ နောက်ပြီး…'

'ဒါကြောင့် နင့်ဆီ ဖုန်းဆက်လို့မရတာကိုး၊ နောက်ပြီး ဘာဖြစ်လဲ ပြော'

'ငါ့ကို နက်ဖြန် ကိုအုပ်စိုးလတ်နဲ့ စေ့စပ်ပေးတော့မှာ'

'အရှုးမ… အရေးကြီးတာကို နောက်မှပြောတယ်၊ ဘာလဲ၊ အဲဒါကို နင်က သာယာနေလို့လား'

'သာယာစရာလားဟဲ့၊ ကူညီမယ်ဆိုတဲ့ ဟို အစုတ်ပလုပ်ကောင် ကောင်းကင်ကလည်း အဆက်အသွယ်မလုပ်ဘူး'

ပန်းတော်ဝင်စကားကို အခုမှ အဝိုတိတ်သွားသည့် ကြယ်စင်က…

'ဘယ်လိုဆက်သွယ်မလဲဟဲ့၊ ငါတို့တောင် ဆက်သွယ်လို့မရတာ'

'ဒါမျိုးကတော့ တွေးတတ်တယ်၊ နေပါဦး ခုနက ဘာလို့ နင်ကပါ ရွှေမျက်ရည်ခရတာလဲ'

'မသိဘူး၊ ပန်းတော်ဝင်ငိုတော့ ငါ့မျက်ရည်တွေက သူ့အလိုလိုကျလာတာ'

www.burmeseclassic.com

www.burmeseclassic.com



ပန်းတော်ဝင်က ဘာစိတ်ကူးပေါက်သည်မသိ။ ကြယ်စင်ဦးပါးကို ရွှတ်ခနဲနမ်းလိုက်သည်။

'ကဲ… မမတို့ အချစ်နလံထမနေကြနဲ့၊ နက်ဖြန် ကိစ္စ ဘယ်လိုလုပ်မှာလဲ'

'ငါလည်း ဘာမှစဉ်းစားလို့ မရတော့ဘူးဟယ်၊ ဒါကြောင့် တံခါးပိတ်ပြီး ဘယ်သူမှ အတွေ့မခံဘဲ ဆန္ဒပြနေတာ'

'ငါတို့ပြန်ရင် ကိုကောင်းကင်ဆီ ဖုန်းဆက်ပြီး တိုင်ပင်လိုက်ပါ့မယ်'

'တကယ်တော့ ဘာလုပ်သင့်တယ်ဆိုတာ သူက ငါ့ကို အကြံပေးပြီးသားဟဲ့၊ ငါက တွေဝေနေတာ'

'ဒါဆို ငါတို့ပြန်မယ်။ ကြာနေလို့ နင့်မားသားကြီး သံသယတွေ များလာဦးမယ်၊ အချိန်ရှိတုန်း နင့်မောင်တော်ဆီ ဖုန်းဆက်ရဦးမယ်'

'အောင်မယ် ကျုပ်မောင်တော် မဟုတ်သေးပါဘူးနော်'

'လုပ်မနေနဲ့၊ မကြာဘူး ဟုတ်သွားမှာပဲ'

ထိုစကားကို နွေဦးနှင့် ကြယ်စင်ထံမှ သံပြိုင်ထွက်လာ၏။

ပန်းတော်ဝင်၏ ဟမ်းဖုန်းကို ကောင်းကင် ဆက်သွယ်ကြည့်သည်။ လုံးဝပြောခွင့်မရ။ လူကြီးမင်းနှင့်သာ တိုးနေ၏။ ကြိုးဖုန်းဆက်တော့လည်း ပန်းတော်ဝင် ဖုန်းမကိုင်။ ချောအိမကိုင်လျှင် တော်သေး၏။ ယောက်ျားတစ်ယောက်သာ ဖုန်းကို ဒိုင်ခံကိုင်နေသဖြင့် ကောင်းကင် ထပ်မဆက်သာ။



သူရနှင့် ဗလကိုခေါ်ပြီး ပန်းတော်ဝင်တို့အိမ် အနီးအပါးတွင် သွားစောင့်ကြည့်မိ၏။ လူဝင်လူထွက်များနေတာ တွေ့ရ၏။ နက်ဖြန် စေ့စပ်ပွဲအတွက် လှုပ်ရှားနေကြဟန်တူ၏။ ထိုအချိန်မှာပင် အပြင် ထွက်လာသော ချောအိမကို တွေ့ရ၏။ သူတို့အနားသို့ ရောက်လာသောအခါ…

'ချောအိမ… ပန်းတော်ဝင် အိမ်ထဲမှာလား'

'ဟုတ်ကဲ့၊ အိမ်ပေါ်ကနေ လှမ်းကြည့်ရင်း အစ်ကိုတို့ကို မြင်လို့ မမက ချောအိကို လွှတ်လိုက်တာ'

'သူ ဘာပြောလိုက်သေးလဲ'

'ပြောစရာရှိတာ မမနွေဦးနဲ့ မှာလိုက်တယ်တဲ့၊ မမနွေဦး အစ်ကို့ဆီ ဖုန်းမဆက်ဘူးလား'

'အစ်ကို့ဟမ်းဖုန်း အိမ်က သိမ်းလိုက်ပြီ၊ အစ်ကို့ဆီ ဆက်သွယ်ဖို့ မလွယ်တော့ဘူး၊ အစ်ကို ပန်းတော်ဝင်ဆီ ဆက်သွယ်တာလည်း မရဘူး'

'ဟုတ်တယ်၊ မမရဲ့ ဟမ်းဖုန်းလည်း သိမ်းခံလိုက်ရပြီ၊ ဖုန်းနားမှာ မမရဲ့ဦးလေးက အချိန်ပြည့်စောင့်နေတာ၊ နိုင်ငံခြားက ပြန်လာတာ မကြာသေးဘူး၊ ကိုအုပ်စိုးလတ်နဲ့ သိပ်တည့်တာ၊ အလုပ်တောင် စပ်တူလုပ်ကြမလို့တဲ့၊ ချောအိတို့တော့ အမြင်ကပ်တယ်'

'ဘယ်သူ့ဘက်ကတော်တာလဲ'

'ဘဘရဲ့ ညီလေ၊ အန်တီက မမပန်းဆိုးတဲ့အကြောင်း အစ်ကိုနဲ့ လျှောက်ပတ်သက်တယ်ဆိုတဲ့အကြောင်းတွေ ပြောပြထားလို့ အစ်ကိုတို့ လာမနှောင့်ယှက်နိုင်အောင် သူက လုံခြုံရေးမှူးကြီး လုပ်နေတာလေ'

ကောင်းကင်က ရေးစာရွက်လေးတွင် အတိုလေးကောက်ရေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



*ယုန်းတော်ဝင်*

*မင်းဖြစ်ချင်တာကို ကိုယ့်ဘဝနဲ့ရင်းပြီး လိုက်လျှောပေးနိုင်တယ်။ မင်းကိုယ်မင်း ကျဆုံးမခံနဲ့။ နောက်ဆုံးအချိန်မှာ ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကို ရဲရဲကြီးချလိုက်ပါ။*

*ကိုယ် ဒီနေ့ည တစ်ညလုံး စောင့်နေမယ်။*

*ဘာမှကြောက်စရာ မလိုဘူး။*

*မင်းကို အန္တရာယ်ကင်းကင်းနဲ့ နားခိုစရာနေရာကို ပို့ပေးမယ်လို့ အာမခံတယ်။ လောလောဆယ် ကိုယ့်ကို ဖုန်းဆက်ဖို့ မလွယ်သေးဘူး။ လိုလိုမယ်မယ် သူ့ရဲအိမ်ဖုန်းနံပါတ်ရေးပေးလိုက်တယ်။*

*(××××××)*

*ရင်နှင့်ရင်းသော ချစ်ခြင်းများစွာဖြင့်*
*ကောင်းကင်*

စာရွက်ခေါက်လေးကို ချောအိမ လက်ထဲထည့်လိုက်၏။

'အိမ်ထဲမှာ အုပ်စိုးလတ်တို့ ရှိလား'

'ပြန်သွားတယ်၊ ညဉ့်ဦးပိုင်းလောက်မှ တစ်ခေါက်လာမယ် ပြောတယ်'

'အုပ်စိုးလတ် လာရင် ဒီလမ်းက လာလား'

'မဟုတ်ဘူး၊ ဟိုဘက်လမ်းက လာပြီး ဟိုဘက်လမ်းက ပြန်တယ်'

'ဒါဆို ဒီကင်းတဲအဟောင်းလေးမှာ အစ်ကိုတို့ စောင့်နေမယ်၊ ချောအိ ကိုယ်တိုင် မင်းမမကို လိုက်ပို့ပေးလိုက်'

'ရှင် မမက ခိုးရာလိုက်တော့မှာလား'



'ဟာ… ဒီကလေးမ မဟုတ်က ဟုတ်က၊ စာပေးစရာရှိတာ သာ သွားပေးလိုက်'

ချောအိမ မျက်လုံးပေကလပ်ပေကလပ်ကြည့်ပြီး ချာခနဲ လှည့်ထွက်သွား၏။ ကင်းတဲတိုင်ကိုမှီလိုင်နေသော သူ့ရက…

'စာထဲမှာ မင်း ဘာတွေရေးပေးလိုက်တာလဲ'

'ဒီည စောင့်ကြည့်ရင် အဖြေသိမှာပေါ့'

ဗလက စုပ်သပ်ပြီး

'တစ်ညလုံး စောင့်ရမှာလား'

'သူထွက်လာတဲ့အထိ'

ဒီည ရင်ခုန်ရတဲ့ည။ ရင်မောရတဲ့ည။ ရင်ပူရတဲ့ည။ ကောင်းကင် နှလုံးသားတွင် ရာဇဝင်တွင်တဲ့ည။

ကားမီးရောင်တွေ ဝင်လိုက်ထွက်လိုက် ပြီးဆုံးသွားချိန်။ ထိန်ညီးနေသော မီးတွေ မှိန်ဖျော့သွားချန်။ ကင်းတဲတိုင်ကြီးဖက်ပြီး သရေစီးကြောင်းထအောင် ဟောက်နေသော သူ့ရဲဇက်ကျိုးချိန်။ တိုးရင်းဖွေ့ရင်း သူ့ရပေါင်နှစ်လုံးကြားထဲ ခေါင်းရောက်နေသော ဗလ ခလောချိန်။ ကင်းတဲဘေးတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပြီး ကောင်းကင် စောင့်နေမိသည်။

သူ လာမှာလား။ လာမှာပါ။ သူ မလာတော့ဘူးလား။ မလာတော့ဘူးနဲ့ တူပါတယ်။ လာမယ်မလာဘူး။ မလာဘူး လာမယ်နှင့် အတွေးနှယ်ယှက်ရင်း စောင့်ခဲ့သည်မှာ ညတစ်နာရီတိတိ ရောက်လာ၏။ လူကြီးမိဘတွေ မအိပ်သေး မလစ်သေး၍ အချိန်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အခါကောင်းကို စောင့်နေတာ ဖြစ်မှာပါဟု စိတ်ဖြေရင်း ဆက်၍ လမ်းလျှောက်၏။

နှစ်နာရီ… သုံးနာရီ… စိတ်ပန်းလူနွမ်းနှင့် ခြေကုန်လက်ပန်း ကျချင်လာ၏။

လေးနာရီ… ငါးနာရီ… မျှော်လင့်ခြင်းတွေ ပူဆွေးခြင်းသို့ ပြောင်းလဲကုန်၏။

ခြောက်နာရီ… စိတ်ဓာတ်တွေ ဘုံးဘုံးလဲကျ…

သူရနှင့်ဗလကို အတင်းလှုပ်နှိုး…

'ဟာ… မိုးလင်းနေပြီ၊ မလာသေးဘူးလား၊ မလာတော့ တာလား'

ကောင်းကင် ခေါင်းယမ်းပြလိုက်၏။

'ဘယ်လိုဖြစ်တာလဲကွာ၊ သူ့အပေါ် ကိုယ်ချင်းမစာတဲ့လူတွေ အပေါ် သူက ဒီလောက်တောင် ပြန်ငဲ့နေရသေးသတဲ့လား'

သူရနှင့်ဗလ စကားက နွမ်းနေသည့် သူ့ရင်ကို ကျွမ်းသွား စေ၏။ လောလောဆယ်တွင်မူ…

'ငါတို့ ပြန်ကြရအောင်'

ခြေလှမ်းသုံးလေးလှမ်းလောက် လှမ်းပြီးမှ သူ သတိရ၏။

သူ့မှာ ပြန်စရာ အိမ်မရှိ။

သူရ ကောင်းမှုကြောင့် သူရတို့ ကားဂိုဒေါင်အပေါ်ထပ် ကလေးတွင် ခိုအောင်းစရာ တစ်နေရာရရှိခဲ့သည်။

သူရ မိဘများက ဘာမှမပြောကြ။ လူကြီးတွေ စားပြီးမှ



အိမ်နောက်က အသာပတ်ပြီး ကျိတ်ပိုင်းဆွဲရတာ တစ်ခုသာဆိုးပါ သည်။

လူကြီးတွေက သူတို့အကြောင်းကို သိသာသိစေ မမြင်စေနဲ့ သဘောထား၏။

သူတို့က လူကြီးတွေကို မြင်သာမြင်စေ မသိစေနဲ့ သဘော ထား၏။

ဒီနေ့ ပန်းတော်ဝင် စေ့စပ်သည့်နေ့။

ဆွေမျိုး မိတ်သင်္ဂဟ အသိုင်းအဝိုင်းများကြားတွင် နွမ်းလျ မျက်နှာလေးနှင့် ထိုင်နေရှာမည့် ပန်းတော်ဝင်ကို တွေးမြင်မိ၏။

အုပ်စိုးလတ်၏ မျက်နှာကို တွေးမိသောအခါ နံရိုးကို လက်သီးဖြင့် ပိတ်ထိုးချင်စိတ် ပေါက်လာ၏။

ပန်းတော်ဝင်ကို စေ့စပ်နေကြချိန်။ စေ့စပ်နေကြပြီ။

ကောင်းကင်ရင်ထဲ ဗလောင်ဆူဝေလာ၍ မခံစားနိုင်။ သူရ ခေါ်၍ လက်ဖက်ရည်ဆိုင်ဘက် ထွက်လာကြသည်။

'ဖြစ်ချင်တာဖြစ် အိမ်ထဲစွတ်ဝင်ပြီး ပန်းတော်ဝင်လက်ကို ဆွဲခေါ်လာပစ်ချင်တယ်ကွာ'

'အချိန်ရှိပါသေးတယ်ကွာ၊ ခုဟာက စေ့စပ်တာပါ၊ လက် ထပ်တာမှ မဟုတ်တာ'

'ဒီလောက်နဲ့တင် ငါ့ရင်တွေ မခံနိုင်တော့ဘူး'

'အဲဒါ မင်း ပန်းတော်ဝင်ကို အသည်းအသန်ချစ်နေလို့ပေါ့'

'ငါ ဝန်ခံပြီ'

လက်ဖက်ရည်ဆိုင်တွင် ထိုင်မိကြစဉ်မှာပင် ဆိုင်ရှေ့သို့ ကား နှစ်စီး ထိုးဆိုက်လာ၏။ ကားပေါ်မှ ဦးအောင်မျိုးနှင့်အတူ ဗလတောင် တောင် ဦးအောင်မျိုးနှင့် ရုပ်ချင်းဆင်သူ အမျိုးသားကြီးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် အုပ်စိုးလတ်တို့ ဆင်းလာ၏။ နောက်ကားပေါ်မှ သူတို့၏ တပည့်လက်သားထင်ရသူ လူသုံးယောက် ဆင်းလာ၏။

သူနှင့်သူရ ဘာလဲဟူသော အကြည့်ဖြင့် အပြန်အလှန်ကြည့်နေမိစဉ် အုပ်စိုးလတ်နှင့် ပန်းတော်ဝင် ဦးလေးဟု ထင်ရသူ အမျိုးသားကြီး သူတို့အနားသို့ ရောက်လာသည်။ အုပ်စိုးယတ်က…

'ကောင်းကင်ဆိုတာ သူပဲ'

'ငါ့တူမ ပန်းတော်ဝင် ဘယ်မှာလဲ ကောင်းကင်'

အမျိုးသားကြီးက ဗလအားကိုး လူအင်အားအားကိုးဖြင့် .မောက်မာသံပြတ်နှင့် မေးလာ၏။

'ပန်းတော်ဝင်'

ကောင်းကင်မှာ ကြားရသော စကားအပေါ် အံ့ဩလွန်းနေသဖြင့် ဘာဆက်ပြောရမှန်းမသိ ဖြစ်နေ၏။ ထိုစဉ်မှာ ဦးအောင်မျိုးက ရှူးရှူးရှဲရှဲဖြင့် လက်ညှိုးငေါက်ငေါက်ထိုး၍…

'ဒီဂြိုလ်ကောင်ပဲ၊ ငါ့သမီးကို သွေးဆောင်ဖြားယောင်နေတာ၊ သူပဲ ခေါ်ထုတ်သွားပြီး ဒီမှာ သူမဟုတ်သလို လာဟန်ဆောင်နေတာဖြစ်မှာ၊ ဟေ့ကောင်… ဘယ်မှာလဲ ငါ့သမီး၊ မပြောရင်တော့ မင်းကို တစ်စစီဖြစ်အောင် လုပ်ပြမယ်'

'ခင်ဗျားတို့ ဘာတွေပြောနေကြတာလဲ၊ ဘာတွေလာကြိမ်းဝါးနေကြတာလဲ၊ ဒီမှာ အန်ကယ်၊ အန်ကယ်ပဲ သူ့အဖေကို ချုန်တွန်းလုပ်လိုက်လို့၊ သူ့အဖေ အိမ်ပေါ်ကနှင်ချတာနဲ့ ကျွန်တော့်အိမ်မှာ အခုလာနေရတာဗျ၊ ဘယ်မှမသွားဘူး၊ ဘယ်သူ့ကိုမှလည်း မဖြားယောင်း၊ မသွေးဆောင်ဘူး၊ ဘယ်သူ့ကိုမှလည်း မခေါ်ထုတ်ဘူး ရှင်းလား'

သူရ ဒေါနှင့်မောနှင့် ထလှန်လိုက်၍ သူတို့အားလုံး ဇဝေဇဝါ ဖြစ်သွားပုံရ၏။ ကောင်းကင်ကဝင်၍…



'ဒီမှာ ခင်ဗျားတို့အားလုံးကို ကျွန်တော် မေးချင်တယ်၊ အခု ပန်းတော်ဝင် ဘာဖြစ်နေလို့လဲ'

အုပ်စိုးလတ်က…

'ပျောက်သွားလို့ကွ၊ ဒီလောက်ပြောနေတာတောင် သဘောမပေါက်ဘူးလား'

'ခင်ဗျား ဝင်မပြောနဲ့ လဒ၊ သူ့အဖေ ပြောပါစေ၊ ပန်းတော်ဝင်ရဲ့ မွေးစားအဖေကိုယ်တိုင် ပြောပါစေ'

'ဘာကွ'

အုပ်စိုးလတ်နှင့် ဦးအောင်မျိုးတို့၏ ဘာကွနှစ်သံ ထပ်သွား၏။

'မင်း… မင်း… ဘာမဟုတ်တာတွေ ပြောနေတာလဲ'

'အန်ကယ်က မွေးစားအဖေဆိုတာကို ပြောတာပါ၊ ပန်းတော်ဝင်ကို ခွေမျိုးနီးစပ်ထဲက ကောက်ယူမွေးစားထားတာလေ၊ ဒီထက်တိကျအောင် ထပ်ပြောရဦးမလား'

သူ့စကားကြောင့် ဦးအောင်မျိုး နှုတ်ပိတ်ပြီး ကြောင်ကြည့်နေ၏။ ပန်းတော်ဝင်၏ ဦးလေးဆိုသူက…

'ဒါ မင်းအလုပ်မဟုတ်ဘူး၊ အခု ငါတို့မေးနေတာက ပန်းတော်ဝင်ကို မင်း ဘယ်မှာဝှက်ထားလဲ၊ ဒါမှမဟုတ် ပန်းတော်ဝင်ကို ဆင်ပေးထားတဲ့ လက်ဝတ်ရတနာတွေ ယူပြီး လူကို ဘယ်နားမှာ ဖြောင်ထားခဲ့လဲ'

'ခင်ဗျား ရုပ်နဲ့လိုက်အောင် တစ်လုံးချိုင့်စကားတော့ တော်တော် ပြောတတ်တဲ့လူ၊ ခင်ဗျားတို့ အနံ့ကြီးကွင်းကျယ်တွေသာ အထည်ကြီးပျက်တော့ မွေးစားသမီးရဲ့ဘဝကို ငွေကြေးဥစ္စာနဲ့ လဲဖို့ကြိုးစားကြတာ မဟုတ်လား၊ အဲဒါတွေကို သိလို့ ပန်းတော်ဝင်က သူ့လွတ်လမ်း သူရှာသွားတာ နေမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ပန်းတော်ဝင် ဦးလေးမျက်နှာ နီရဲတင်းမာလာ၏။ အုပ်စိုးလတ်က အားလုံးအသာနေရန် အချက်ပြပြီး…

'မင်းနဲ့ ဘာအဆက်အသွယ်မှ မရှိဘူးလား ကောင်းကင်'

'ခင်ဗျား မြင်တဲ့အတိုင်းပဲ'

'အဆက်အသွယ်ရှိကြောင်း သက်သေပြနိုင်ရင်တော့ မင်း မလွယ်ဘူးမှတ်'

'အဲဒီအခါမှလာပြော၊ မင်းတို့ကြိမ်းဝါးချင်တိုင်း ငြိမ်ခံမယ့် ကောင်တွေ မဟုတ်ဘူးနော်၊ အဲဒါတော့ သဘောပေါက်'

'ရှင်းတယ် ကောင်းကင်၊ အဲဒီစကားကို မင်းမှတ်ထား၊ အန်ကယ် ဒီကောင့်ကိစ္စ နောက်မှရှင်းမယ်၊ လောလောဆယ် ပန်းတော်ဝင်ကို လူခွဲပြီး ရှာဖို့က ပိုအရေးကြီးတယ်'

သူရနှင့် ကောင်းကင်ကို ဘုကြည့်ကြည့်ပြီး အားလုံးကားပေါ် တက်မောင်းထွက်သွားကြသည်။

'တောက်'

သူရ တက်ခေါက်သံနှင့် မရှေးမနှောင်းမှာပင် ဗလ ရောက်လာ၏။ အကြောင်းစုံမေး၍ သိရသောအခါ…

'ငါမရှိတာ နာတယ်ကွာ၊ ဘာမဆိုင် ညာမဆိုင် လာဖြဲနေတာ၊ မင်းတို့ဗျင်းပစ်လိုက်ရမှာကွ'

ကောင်းကင်ကတော့ ခေါင်းအသာယမ်းရင်း…

'အဲဒါ အရေးမကြီးဘူးကွ၊ အရေးကြီးတာက ပန်းတော်ဝင်၊ ငါ တစ်ညလုံး စောင့်နေတဲ့ကြားက ဘယ်လိုကဘယ်လို လစ်ထွက်သွားလဲ မသိဘူး'

'အခွင့်အရေးမရလို့ ငါတို့ပြန်လာပြီးမှ လစ်သွားတာနေမှာပေါ့'



'မင်း စောင့်နေတယ်ဆိုပြီး မင်းကို မတွေ့တော့'

သူရစကားကြောင့် သူ ရင်တွေထူပူသွား၏။

'ပန်းတော်ဝင်က မိန်းကလေး၊ ငါ့ကို လိုက်ရှာနေမလား မသိဘူး၊ ငါကလည်း အိမ်မှာနေခွင့်မရတော့ အဆက်အသွယ်ပြတ်ပြီ၊ ငါ့ကို မတွေ့ဘဲ မတော်တရော်တွေနဲ့ တွေ့သွားမှ'

'ဒါဆို မင်း ဘာထိုင်လုပ်နေတာလဲ ကောင်းကင်'

'အေး… ငါ အမြန်ဆုံး လိုက်ရှာရမယ်'

'ကဲ… ထ၊ ငွေရှင်း၊ မင်းနဲ့ပန်းကော်ဝင် ဆုံတွေ့တတ်တဲ့ နေရာတွေကို အရင်လိုက်ရှာမယ်'

ရင်မောရပါလား ပန်းတော်ဝင်ရယ်…။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

နေရာစုံကို လိုက်ရှာသော်လည်း ပန်းတော်ဝင် အရိပ်အယောင်ကိုမျှ မမြင်ရ။ သတင်းအစအနပင် မကြားရ။ တစ်နေကုန်သည့်တိုင် အကြောင်းမထူး။

'ပန်းတော်ဝင် သူငယ်ချင်း နွေဦးမေနဲ့ ကြယ်စင်ဦးတို့ လိပ်စာ မင်းတို့သိလား'

'နိုး'

'ဖုန်းနံပါတ်ရော'

'နိုး'

'အဲဒီအိမ်တွေတော့ သွားနေမှာ မဟုတ်ပါဘူးကွာ၊ အဲဒီ အိမ်တွေရောက်နေရင် အခုလောက်ဆို သူ့အဖေ ကွဲခနဲ့ မိပြီပေါ့'

'မဟုတ်ဘူးကွ၊ သတင်းအစအနလေးဖြစ်ဖြစ် သိချင်တာ'

'မထူးဘူး ချောအိမကို တွေ့လို့ရအောင် ကြိုးစားကွာ၊ သူ့မေးရင်တော့ တစ်ခုခုသိနိုင်တယ်'

'မဖြစ်ဘူးကွ၊ ချောအိမကို တွေ့ချင်ရင် အပြင်ထွက်လာလို့ ထွက်လာပြား တစ်နေကုန်သူတို့အိမ်များမှာ သွားစောင့်နေရမှာ၊ ဟိုလဒ တွေနဲ့ တိုးရင် သွားပြီ'



'ချောအိမကို အချိန်မီ နှုတ်လုံနိုင်းစရာ ရှိသေးတ...၊ မင်း ပန်းတော်ဝင်ကို ရေးပေးလိုက်တဲ့စာကို ပန်းတော်ဝင် ဘယ်မှာထားလဲလို့ သူ့အိမ်က မိသွား.ရင် မင်း တရားခံဖြစ်ပြီ'

ငြိမ်စဉ်းစားနေရာမှ ကောင်းကင် ထထွက်သွားသည်။

'ဘယ်လဲ'

'ချောအိမဆီ ဖုန်းဆက်မလို့'

'တခြားလူလာကိုင်ရင် ဘယ်လိုလုပ်မလဲ'

'မီးစင်ကြည့် ကမယ်၊ ဒီအခြေခြံဆိုက်မှတော့ ဒီလောက်လေး တွေ ဂရုစိုက်မနေနိုင်ဘူး'

စတိုးဆိုင်ထဲဝင်ပြီး ဖုန်းခေါ်လိုက်သောအခါ တစ်ဘက်မှ ဖုန်းကိုင်သူမှာ ကံကောင်းထောက်မစွာ···

'ချောအိလား'

'ဟယ်··· ဟုတ်တယ် အစ်ကို၊ တော်သေးတာပေါ့၊ အိမ်မှာ ချောအိနဲ့ အန်တီပဲ ကျန်ခဲ့တာ'

'ပန်းတော်ဝင် ဘယ်လိုထွက်သွားတာလဲ'

'အစ်ကိုနဲ့ မတိုးလိုက်ဘူးဆိုလို့ အံ့သြနေတာ၊ ဆယ်နာရီ လောက်ကတည်းက အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်သွားတာ'

'မဖြစ်နိုင်တာ၊ အစ်ကို တစ်ချိန်လုံး စောင့်ကြည့်နေတာပဲ'

'အဲဒါတော့ ချောအိလည်း မသိဘူး၊ မမ ထွက်သွားတာတော့ သေချာတယ်၊ အစ်ကိုနဲ့ မတိုးဘူးဆိုရင် မမတော့ ဒုက္ခပါပဲ'

'အစ်ကိုလည်း အဲဒါကို စိတ်ပူနေတာ၊ စာရတော့ မင်းမမ ဘာပြောသေးလဲ'

'ဘာမှမပြောဘူး၊ တစ်ချိန်လုံး အခန်းထဲဝင်နေတာ၊ လူကြီး တွေကလည်း စောင့်ကြည့်နေတယ်၊ ညဆယ်နာရီလောက်ကျမှ ချောအိ

www.burmeseclassic.com

www.burmeseclassic.com



ကိုခေါ်ပြီး သွားတော့မယ်၊ ဘယ်သူမှ မသိစေနဲ့လို့မှာတယ်၊ ပြီးတော့ နောက်ဖေးဘက်က ပတ်ပြီး ထွက်သွားတာ၊ နောက်ဆုံးတွေ့လိုက်တာပဲ’

‘အစ်ကိုပေးတဲ့စာကို သူ ယူသွားလား’

‘အဲဒါ ချောအိ မသိလိုက်ဘူး’

‘ဘယ်တွေသွားမယ်လို့ မမှာဘူးလား’

‘မမှာဘူး၊ ချောအိက အစ်ကိုစောင့်နေတဲ့ နေရာကို သေသေချာချာ ပြောပြလိုက်တာပဲ’

‘ဘယ်အချိန်လောက်မှာမှ သူပျောက်သွားမှန်း လူကြီးတွေ သိကြတာလဲ’

‘မနက်မှ သိတာ၊ သိသိချင်း သူတို့ပတ်ရှာကြတာပဲ၊ ဘူတာ၊ သင်္ဘောဆိပ်၊ ကားဂိတ်တွေ အကုန်ရှာပြီးပြီတဲ့၊ အစ်ကို့ဆီလည်း ရောက်ခဲ့တဲ့အကြောင်း သူတို့ပြောနေတာကြားတယ်’

‘အစ်ကို့အကြောင်း သူတို့ဘာတွေပြောကြသေးလဲ’

‘အစ်ကို့ကို မျက်ခြေပြတ်မခံဘဲ စောင့်ကြည့်ရမယ်လို့ ပြောတယ်၊ နောက်ပြီး မမသူငယ်ချင်း မမနွေဦးတို့အိမ်လည်း သူတို့စောင့်ကြည့်နေတယ်၊ မမ ကြယ်စင်ကတော့ ကြောက်တတ်တဲ့သူမို့ စောင့်ကြည့်ဖို့ မလိုဘူးတဲ့’

‘နွေဦးနဲ့ ကြယ်စင်တို့အိမ်တွေ ချောအိသလား’

‘သိတော့ သိတယ်၊ နေရာကို ချောအိမပြောပြတတ်ဘူး၊ ပြီးတော့…’

စကားမဆုံးမီ ဖုန်းပြတ်သွား၏။ ချောအိ ဖုန်းပြောနေတာကို အိမ်သားတစ်ဦးဦး သိသွားတာဖြစ်မည်။

သူ ဖုန်းကို သက်ပြင်းနှင့်ရောနှောချလိုက်၏။



သတင်းတချို့ သိရသော်လည်း ရေရေရာရာ မရှိလှ။

ရေလှိုင်းတွေကတော့ ကမ်းခြေကို ပြင်းထန်စွာ ရိုက်ခတ်နေလေပြီ။

မုန်တိုင်းကိုမူ မမြင်ရသေး။

၆

မြို့ပြည်ထဲတွင် သုံးယောက်သား လမ်းလျှောက်ရင်း ပန်းတော်ဝင်ကို တွေ့လို့တွေ့ငြား လိုက်ရှာကြည့်ကြ၏။ မြောက်မြားစွာသော လူများကို တွေ့ရ၏။ သို့သော် ပန်းတော်ဝင်တော့ မပါ။

‘အား… ရူးချင်လာပြီကွာ၊ ပန်းတော်ဝင်သာ တစ်ခုခုဖြစ်သွားရင် ငါ သေလိမ့်မယ် ထင်တယ်၊ ငါ့ကိုက ညံ့လွန်းပါတယ်၊ ဘာလို့ ပန်းတော်ဝင် အိမ်ထဲက ထွက်သွားတာကို မသိလိုက် မမြင်လိုက်ရတာလဲ’

သူ ဆယ်နာရီဝန်းကျင်မှ ပုံရိပ်များကို ပြန်စဉ်းစားကြည့်၏။ ကားတစ်စီး နှစ်စီး ဝင်ထွက်သွားလာသည်မှအပ လူရိပ်လူခြေ ထွက်သွားသည် လုံးဝမတွေ့ခဲ့ရတာ ပြန်အမှတ်ရမိ၏။

‘မရူးချင်ပါနဲ့ဦး ကောင်းကင်ရာ၊ ခုနေ ပန်းတော်ဝင်ရောက်လာရင် မင်းက ရူးနေတော့ ငါတို့ဘာဆက်လုပ်ရမှာလဲ’

‘ငါ ဒီတစ်ညလုံး လိုက်ပတ်ရှာမယ်ကွာ၊ ကားငှားမယ်’

‘ဟေ့ကောင် ကောင်းကင်၊ မနေ့ညကလည်း မင်း အိပ်ရေးပျက်ပြီးပြီ၊ ဒီနေ့ည ထပ်ပျက်ရင် မင်းဒေါင်းသွားလိမ့်မယ်’

‘ဒေါင်းဒေါင်းကွာ၊ မင်းတို့ပြန်အိပ်တော့၊ ငါတစ်ယောက်တည်း မတွေ့တွေ့အောင် လိုက်ရှာမယ်’

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုလည်း ဘယ်ဟုတ်မလဲကွာ၊ ငါတို့ပါ ရှာမှာပေါ့၊ ငါတို့ လူခွဲပြီးရှာမယ်'

'ဒါဆိုရင် ဒီမှာတင် လမ်းခွဲမယ်'

'ဟော့ကောင် ဗလ၊ အိမ်ပြန်ပြီး နပ်နေလို့တော့ မင်းနဲ့ငါ အတွေ့ပဲ'

'အေးပါ သူရရာ၊ မင်းလည်း တွေ့ရာ ဂုံးတံတားအောက်မှာ ပုဆိုးခြုံပြီး ဝင်ကွေးမနေနဲ့'

သူတို့သုံးယောက် သုံးပွင့်ဆိုင် လမ်းခွဲလိုက်၏။

အရပ်သုံးမျက်နှာတွင် ပန်းတော်ဝင် ရှိနိုင်၏။ သို့မဟုတ် မရှိနိုင်...။

မိုးစင်စင်လင်းခဲ့လေပြီ။ နားလိုက်၊ ရှာလိုက်၊ ထိုင်လိုက်၊ ငိုက်လိုက်၊ လျှောက်လိုက်ဖြင့် မြို့တွင်းမြို့ပတ်လမ်းတွေ နှံ့ခဲ့ပြီ။ မတွေ့။

အဓိပ္ပာယ်မဲ့သော ရှာဖွေမှု...။

သွေးလေ ချောက်ချားပြီး ကယောင်ကတမ်းဖြစ်နေသော ရှာဖွေမှုကို ဘာသာစိတ်အေးလက်အေး စဉ်းစားပြီးသောအခါမှ သူရတို့နှင့် ထိုင်နေကျ လက်ဖက်ရည်ဆိုင်သို့ ပြန်လာခဲ့လိုက်၏။

လက်ဖက်ရည်ဆိုင်တွင် မလိုင်နှင့်နံပြားတွေ တစ်ဝတစ်ပြဲ စားပြီး ငိုက်နေကြသော သူရနှင့်ဗလကို မြင်တွေ့လိုက်ရ၏။

'ဟော့ကောင်တွေ အခြေအနေ'

ဗလက မျက်စိမဖွင့်၊ ခေါင်းယမ်းပြ၏၊ သူရက...

'မတွေ့ဘူး၊ ငါတို့လည်း အရမ်းပင်ပန်းနေပြီ၊ အိမ်ကို ည



ပြန်မအိပ်မှုအတွက် လျှောက်လဲချက်ပေးရဦးမယ်၊ မင်းလိုပဲ နှင်ချခံရရင်တော့ သုံးယောက်လုံး ခိုကိုးရာမဲ့ဘဝ ရောက်တော့မယ်'

'ဟုတ်တယ် ကောင်းကင်၊ အခုလှဲချလိုက်တာနဲ့ ငါ တုံးခနဲ အိပ်ပျော်သွားလိမ့်မယ်၊ မင်းဟာမလေးကလည်း ကမ္ဘာပတ်နေလား မသိဘူး၊ အရိပ်အငွေ့လေးတောင် မမြင်ရဘူး'

'အေးပါကွာ၊ မင်းတို့ ပြန်အနားယူပါတော့'

'မင်းက ငါနဲ့ ပြန်မလိုက်ဘူးလား'

'ငါ ဆက်ရှာချင်သေးတယ်'

'တရေးတမော နားပြီးမှ ဘာဆက်လုပ်သင့်တယ်ဆိုတာ ငါတို့ ဝိုင်းစဉ်းစားတာပေါ့ကွာ'

'ငါ မအိပ်ချင်ဘူး၊ အိပ်လည်းပျော်မှာ မဟုတ်ဘူး၊ ငါ အိပ်နေတဲ့ အချိန်မှာ သူ့ဘဝ အကြောင်းတစ်ခုခုကြောင့် နစ်မွန်းသွားမှာ ငါ စိုးရိမ်တယ်'

'ကဲ... မင်း ဘယ်နေရာတွေ လိုက်ရှာမှာလဲ၊ သူ့သူငယ်ချင်းတွေ အိမ်လည်း မင်း မသိဘူး၊ အမျိုးတွေ အိမ်လည်း မသိဘူး၊ ဒါပေမဲ့ အဲဒီနေရာတွေကို ဟိုလူတွေက ရှာပြီးလောက်ပြီ၊ ခုလောက်ဆို ပြန်တွေ့ချင်တွေ့နေမှာကွ'

သူရ စကားကြောင့် ပန်းတော်ဝင် အိမ်သို့ ဖုန်းဆက်မေးချင်လာ၏။ လက်ဖက်ရည်ဆိုင်မှ ဖုန်းဖြင့် ဆက်လိုက်ရာ ကိုင်သူမှာ အုပ်စိုးလက်ဖြစ်နေ၏။

'ပန်းတော်ဝင်ကို ပြန်တွေ့ပြီလား'

'မင်း ဟန်ဆောင်မေးနေတာလား ကောင်းကင်'

'ကျုပ်က ခင်ဗျားထက် အဆတစ်ရာလောက် ပိုပြီး ရင်ပူနေလို့ မေးတာဗျ'

www.burmeseclassic.com

www.burmeseclassic.com



'မတွေ့သေးဘူး၊ တွေ့ရင်လည်း မင်းနဲ့မဆိုင်ဘူး၊ နေပါဦး၊ မင်း တကယ်မခေါ်သွားဘူးဆိုတာ သေချာတယ်နော်'

'ခင်ဗျား ကြိုက်သလို စုံစမ်းကြည့်ပေါ့'

'အေး… မင်းနောက်မှာ တို့လူတွေရှိနေတယ်၊ မနေ့ညက မင်းတို့လိုက်ပတ်ရှာနေတာကို ငါ့လူတွေက ကားနဲ့လိုက်စောင့်ကြည့်နေတာ၊ ငါတို့စောင့်ကြည့်နေမှန်းသိလို့ မင်းတို့ ဟန်ဆောင်ရှာပြနေသလား ဆိုတာပဲ ငါ စဉ်းစားနေတာ'

'အဲဒီလောက် အပင်ပန်းခံပြီး ဘယ်သူက ဟန်ဆောင်မလဲဗျ'

'အေးလေ ဘာပဲပြောပြော မင်းတို့ကို ငါ့လူတွေ အချိန်ပြည့် စောင့်ကြည့်နေတယ်ဆိုတာ မမေ့နဲ့ပေါ့'

'လေကျယ်မနေနဲ့ဗျာ… ကိုယ်ကိုတိုင်လည်း အစွမ်းမရှိဘဲ နဲ့'

'ဘာ… ဘာပြောတယ်ကွ'

'ခင်ဗျားသာ အစွမ်းရှိတဲ့လူဆို ပန်းတော်ဝင် ခင်ဗျား မျက်စိ အောက်က ပျောက်သွားစရာလားဗျ'

သူရနှင့် ဗလကို အိမ်ပြန်လွှတ်လိုက်ပြီး ကောင်းကင် တစ်နေကုန် မြို့ထဲတွင် လှည့်ပတ်ရှာပြန်သည်။

ညနေစောင်းမှ တရေးတမောအိပ်စက်ပြီးစီး၍ လက်ဖက်ရည် လာသောက်ကြမည့် သူရနှင့်ဗလကို့ထိုင်ရာ ဆိုင်သို့ပြန်လာခဲ့၏။

မုန့်တစ်ခုဝါးရင်း ဝမ်းထဲက ဆာလောင်မှုကို ဖြေဖျောက်နေသည့် သူ့ကို ဗလက…



'မင်းတစ်ကိုယ်လုံး ချွေးတွေနဲ့ ညစ်ပတ်စုတ်ပြတ်နေပြီ၊ သူရနဲ့ လိုက်သွားပြီး ကိုယ်လက်သန့်စင် အနားယူလိုက်ပါလားကွာ'

'ပန်းတော်ဝင် ဘယ်မှာလဲကွာ၊ ငါ ရူးတော့မယ်'

'မင်း မကြာခင် တွေ့ရမှာပေါ့ကွာ၊ မင်းအမေ အိမ်ပြန်ရောက် နေပြီ၊ မင်းကို သူရတို့အိမ်မှာရှိမှန်းသိလို့ စိတ်အေးလက်အေးဖြစ်ပြီး သူရမိဘတွေကို အကူအညီတောင်း ပံ့ပိုးမှုတွေပေးထားပြီးပြီ၊ ဒီပုံကြီး နဲ့သာ မင်းမိဘတွေမြင်ရင် ရင်ကျိုးမှာ'

'အခု ငါ ဘာဖြစ်နေလို့လဲ'

'ဟ… မျက်တွင်းလက်တစ်နှိုက်နဲ့ ဆေးပြတ်နေတဲ့ ဘစပုံ ပေါက်နေပြီ'

'ငါ အိပ်ရမဲ့ အချိန်တွေကို နှမြောတယ်၊ ငါ အိပ်နေတုန်း မင်းတို့ ရှာပေးမလား'

သူ့စကားကြောင့် သူရက ဗလကို မျက်လုံးနှင့် လှမ်းစကားပြော၏။ ဗလက ခေါင်းတညိတ်ညိတ်ဖြင့်…

'အေးပါကွာ၊ သူရလည်း မင်းကို အိမ်ပြန်ပို့ပြီးတာနဲ့ ပြန် ထွက်လာမှာပါ၊ ငါတို့နှစ်ယောက် တစ်လှည့်စီ လိုက်ရှာမယ်'

သူ ငိုက်ခနဲ ငိုက်ခနဲ ဖြစ်ဖြစ်သွား၏။ နှစ်ရက်နှင့် နှစ်ညလုံး လုံး အိပ်ရေးပျက်သည့်အပြင် စိတ်ပန်းလူပန်း ဒဏ်ကို ခန္ဓာကိုယ်က လက်မခံချင်။ သိစိတ်ဖြင့် ထိန်းချုပ်၍ မရချင်တော့…။

'ဒါဆို ငါ အိပ်တော့မယ်၊ အိပ်ချင်ပြီ၊ အိပ်ချလိုက်တော့ မယ်၊ ငါ့စိတ်ကို မနည်းတင်းထားခဲ့ရတာ၊ အရမ်းအိပ်ချင်နေပြီ'

'နေဦး အိမ်ရောက်အောင်စောင့်ပါဦးဟ၊ မင်းခန္ဓာကိုယ်ကြီး ငါ မသယ်နိုင်ဘူး'

'ဒါဆို တက်စီငှားလိုက်၊ ငါ လမ်းမလျှောက်နိုင်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



သူရက တက်စီငှားပြီး သူ့ကို အိမ်ပြန်ပို့၏။ သူရတို့ကားကို ဒေါင်အပေါ်ရောက်သည်နှင့် သူ့သတိတွေ လောကကြီးနှင့် ကင်းလွတ်သွားတော့၏။

❧ ❧ ❧

## အခန်း(၁၃)

ကောင်းကင် တရေးနိုးလာသောအခါ သူ့အနားတွင် စာထိုင်ဖတ်နေသော သူရကို တွေ့ရ၏။

မျက်လုံးဖွင့်ဖွင့်ချင်း သတိရလိုက်သည်က ပန်းတော်ဝင်။ သူ ချက်ချင်း ထထိုင်ပြီး အငမ်းမရမေးမိသည်မှာ...

'သူရ ပန်းတော်ဝင်ကို ရှာတွေ့ပြီလား'

သူရက ခေါင်းညိတ်ပြ၏။

'မင်း... မင်း တကယ်ပြောတာလား သူရ'

'အေးပါ'

'ဒါဆို ဘယ်မှာလဲ၊ အခု ပန်းတော်ဝင် ဘယ်မှာလဲ'

'လုံခြုံတဲ့ တစ်နေရာမှာ ရှိပါတယ်'

'လာ... အဲဒီကို အခု သွားမယ်'

'နာရီကိုလည်း ကြည့်ဦး၊ ည ၁၂ နာရီရှိနေပြီ'

'ငါ ဘယ်လောက် အိပ်ပျော်နေခဲ့လို့လဲ'

'မင်းတစ်ည တစ်နေ့နဲ့ ခုညအထိ ဆက်တိုက်အိပ်နေခဲ့တာ'

'ငါ ဒီလောက်အကြာကြီး အိပ်နေတာ၊ မင်း နိုးရောပေါ့ကွာ'

'ငါ တစ်ချက်တော့ နှိုးကြည့်သေးတယ်၊ နှိုးလို့မှမရတော့'

ပန်းတော်ဝင်ကို ဘယ်မှာတွေ့တာလဲ။

www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ မနက်မှာ ဖုန်းဆက်လို့ စကားပြောခဲ့ရတာ၊ မင်း စအိပ်တဲ့ညဦးကလည်း ဆက်သေးတယ်တဲ့၊ မင်းက အိပ်ပျော်နေတယ်၊ ငါကလည်း အိမ်မှာမှ မရှိဘဲ၊ ငါ ပြန်လာမှ အိမ်က ပြောပြလို့ သိရတာ၊ သူ့ဖုန်းနံပါတ် မပေးခဲ့လို့ ငါ ပြန်ဆက်လို့ မရဘူး၊ နောက် တစ်ခါ သူထပ်ဆက်မှ စကားပြောရတာ'

'မင်းကို သူ ဘာတွေပြောလဲ၊ ပြောစမ်းပါကွာ၊ မြန်မြန်'

'မင်းနဲ့တွေ့ချင်တယ်ပေါ့'

'မင်းကွာ ဒီကို သွားခေါ်လာခဲ့ပါလား'

'မလောနဲ့လေ၊ မဖြစ်ဘူး၊ ဒီမှာလာကြည့်'

သူရက ထပ်ခိုးပြတင်းပေါက်အနားကို ခေါ်ပြ၏။

'ဟိုမှာ ရဲစောင်းအနီလေးတွေ့လား၊ အဲဒီကားပေါ်က နှစ် ယောက်က ဒီနေရာကို အချိန်ပြည့် စောင့်ကြည့်နေတာ၊ ပန်းတော်ဝင် ကို ခေါ်လာခဲ့ရင် ကွိခနဲပေါ့'

'ပန်းတော်ဝင် မင်းကို ဘာတွေရှင်းပြသေးလဲ'

'ရှင်းပြတာမှ အများကြီးပဲ၊ အဲဒီညက ဆယ်နာရီလောက်မှာ သူ အပြင်ထွက်ပြီး မင်းဆီကိုလာမလို့တဲ့၊ ကားတွေစီတန်းရပ်ထားတဲ့ ပေါ်တီကိုပတ်ပြီး အထွက်မှာ အိမ်ထဲကထွက်လာတဲ့ လူတွေနဲ့ ပက် ပင်းတိုးမလို့ဖြစ်သွားတယ်၊ အဲဒါနဲ့ နီးစပ်ရာ ပရာဒိုတစ်စီးနောက်ခန်းထဲ အသာဝင်ခွေနေလိုက်ရော၊ ဒီလူတွေရှင်းတာနဲ့ မင်းဆီလာမယ်ပေါ့၊ ဖြစ်ချင်တော့ သူဝင်ခိုမိတဲ့ကားပိုင်ရှင် လင်မယားက သူ့အဖေကို ဝင်နှုတ်ဆက်ပြီးတာနဲ့ မန္တလေးကို တန်းသွားကြမှာ၊ ကားထွက်ခါနီး ကားဘေးမှာ ဝိုင်းနှုတ်ဆက်နေတာနဲ့ သူ မထွက်သာခဲ့ဘူး၊ ကားပိုင် ရှင်ကလည်း တစ်လမ်းလုံးကားကို မရပ်ဘဲ မောင်းသွားတော့ ဆင်းလို့ မရတော့ဘူး၊ ရပ်နိုင်းပြန်ရင်လည်း သူ့မွေးစားအဖေကို ပြန်ပြောမှာစိုး



လို့တဲ့၊ ဒါနဲ့အဝေးပြေးကားတွေ ထမင်းစားရပ်တဲ့နေရာရောက်မှ သူ စီးသွားတဲ့ကားက ရပ်လို့ ဆင်းရတော့တယ်၊ နောက် ရန်ကုန်ဘက် ပြန်မဲ့ အဝေးပြေးကားတစ်စီးနဲ့မှ ပြန်လိုက်ခဲ့ရတော့ မြို့ထဲပြန်အရောက် မှာ တော်တော်ညဉ့်နက်နေပြီ၊ မင်းရှိတဲ့နေရာကို ပြန်လာရင် သူ့အိမ်က ပြန်မိသွားမှာစိုးလို့ သူနဲ့အရမ်းခင်တဲ့ ကျူရှင်ဆရာမ အပျိုကြီးအိမ်ကို သွားပြီး အကျိုးအကြောင်းပြောပြရတယ်တဲ့၊ ဆရာမကလည်း ကိုယ် ချင်းစာစိတ်နဲ့ လိုလေသေးမရှိအောင် ကူညီပေးပါတယ်တဲ့'

'တော်သေးတာပေါ့ကွာ၊ အဲဒါဘယ်မှာလဲ'

'အလှုံဘက်မှာ ငါ့ကိုလိပ်စာလည်း ပြောထားတယ်၊ ဖုန်း နံပါတ်လည်း ပေးထားတယ်'

'နောက်နေ့ကျတော့ မင်းကို ဖုန်းနဲ့လှမ်းဆက်သွယ်တယ်၊ အဲဒီမှာ သူ့မွေးစားအဖေရဲ့ ပယောဂနဲ့ မင်းကို အိမ်ပေါ်က ထန်ချလိုက် တာ သိသွားတာ၊ နောက်မှ သတိရပြီး မင်းပေးခဲ့တဲ့ စာထဲက ဖုန်း နံပါတ်အတိုင်း ငါ့အိမ်ကို ဆက်သွယ်တာ၊ ငါတို့ထိုင်နေကျ လက်ဖက် ရည်ဆိုင်ရှေ့ကို လာသေးတယ်တဲ့၊ ကားတစ်စီးဘေးမှာ အုပ်စိုးလတ် တို့ အုပ်စုကိုတွေ့လို့ တက်စီပေါ်က မဆင်းတော့ဘဲ ပြေးခဲ့ရတာတဲ့၊ ဒါကြောင့် သူလည်း ထွက်မလာရဲတော့ဘူး၊ နောက်ပြီး သူ့သူငယ် ချင်းနွေဦးမေနဲ့လည်း အဆက်အသွယ်ရပြီတဲ့၊ နွေဦးမေ အိမ်ရှေ့မှာ လည်း ဒီလိုပဲ ကားတစ်စီးနဲ့ လူနှစ်ယောက် စောင့်ကြည့်နေတယ် ပြောတယ်'

'ဒီလိုဆို ငါ ဘယ်လိုလုပ်ပြီး ပန်းတော်ဝင်နဲ့ တွေ့ရမှာလဲ'

'တစ်ရက် နှစ်ရက်လောက် ငြိမ်နေပါဦး၊ ငါတို့လှုပ်ရှားရင် သူတို့ သဲလွန်စ ရသွားလိမ့်မယ်၊ ငါ ကြံပေးပါ့မယ်ကွာ၊ စိတ်အေး အေးထား'

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင် အိပ်ရာပေါ် ပက်လက်လန် ကျသွား၏။

'ငါ သူနဲ့တွေ့ချင်တယ်ကွာ'

'မနက်ကျရင် ပန်းတော်ဝင်နဲ့ စကားပြောရစေမယ်ကွာ၊ တွေ့လို့တော့ မဖြစ်သေးဘူး'

'ဘယ်နေရာက ဆက်ရမှာလဲ'

'လက်ဖက်ရည်ဆိုင်ရှင်ဖုန်းနဲ့ အတွင်းခန်းထဲကနေ ပြောမှဖြစ်မှာ၊ အပြင်က အများသုံးဖုန်းဆိုရင် ဟိုကောင်တွေ ခြေရာကောက်လို့ ရသွားနိုင်တယ်'

မိုးမြန်မြန်လင်းမည့်အရေးသာ သူ မျှော်ကိုးမိ၏။

နောက်တစ်နေ့ မနက်လင်းသည်နှင့် ကောင်းကင်နှင့် သူရတို့ လမ်းထိပ်လျှောက်ခဲ့ကြ၏။ သူတို့ကို စောင့်ကြည့်နေသူများအား မမြင်ရ။

'ဟိုငတိတွေ ဘယ်ရောက်ကုန်ပြီလဲ'

'လူပြောင်းပြီး တစ်နေရာရာက စောင့်ကြည့်နေမှာပေါ့'

လက်ဖက်ရည်ဆိုင် ရောက်သည်နှင့် ရင်းနှီးနေသော ဆိုင်ရှင်ဖုန်းဖြင့် အတွင်းခန်းမှနေ၍ ပန်းတော်ဝင်ထံ လှမ်းဆက်လိုက်၏။

'သူလားဟင်'

ရင်ထဲ စိမ်းမြလန်းဆန်းသွားစေသောအသံ။

'ပန်းတော်ဝင် မင်း ဘာမှမဖြစ်ဘူးနော်၊ ဘာအန္တရာယ်မှ မဖြစ်ခဲ့ပါဘူးနော်'

'အင်း… ဘာမှမဖြစ်ခဲ့ပါဘူး၊ မထင်မှတ်ဘဲ တစ်ယောက်



တည်း စွန့်စားလိုက်ရတော့ ကြောက်တာလန့်တာလောက်တော့ ဖြစ်မိတာပေါ့'

'ပန်းတော်ဝင် ကိုယ့်နောက်ကိုလိုက်ရဲလား'

'သူက ဘယ်ကိုခေါ်သွားမှာလဲ'

'မင်းဆန္ဒရှိတဲ့ နေရာကိုပေါ့'

'ကိုယ်ဆန္ဒရှိတာ ကိုယ်ပြန်မေ့နေပြီ၊ ပြန်ပြောပြပါလား'

'ပန်းတော်ဝင် အပျိုစင်ဘဝနဲ့ လွတ်လွတ်လပ်လပ် နေချင်တယ်ဆို'

'သူနဲ့နှစ်ယောက်တည်း ထွက်ပြေးရင် လူတွေက ဘယ်လိုထင်ကြမလဲ'

'ကိုယ် မကောင်းဆိုရက်ပါဘူး၊ ဒါပေမဲ့ ပန်းတော်ဝင် လိုက်လျှောနိုင်မယ်ဆိုရင် တစ်သက်လုံး မြတ်မြတ်နိုးနိုးနဲ့ စောင့်ရှောက်နိုင်ဖို့ မင်းကို ကိုယ် လက်ထပ်ပါရစေ'

'အို… နှစ်ယောက်လုံး ဘာအလုပ်မှ မရှိတာ၊ ခက်ကုန်မှာပေါ့၊ စဉ်းစဉ်းစားစား ပြောပါဦး'

'ကိုယ် ယောကျ်ားပါ၊ ဘာမှမတတ်နိုင်ရင်တောင် လက်ရုံးအားကိုးနဲ့ ရှာကျွေးနိုင်ပါတယ်၊ မယုံရင် လက်တွေ့စမ်းသပ်ကြည့်ပါ'

'စမ်းသပ်ရမှာကလည်း ကြောက်စရာကြီး'

'ကိုယ် မင်းကို အသေအလဲ ချစ်နေမိပြီ ပန်းတော်ဝင်၊ မင်းအတွက်နဲ့ ကြာရင် ကိုယ် သွေးပျက်သွားနိုင်တယ်'

'ယုံပါတယ်၊ ကိုသူရ ပြောပြလို့ အရှုးတစ်ပိုင်းဖြစ်မတတ် လိုက်ရှာနေတယ်ဆိုတာ သိပြီးပါပြီ'

'မင်း အချစ်တစ်ခုတည်းအတွက် အရာရာကို စွန့်ရဲတယ်၊ ရင်ဆိုင်ရဲတယ်'

www.burmeseclassic.com

www.burmeseclassic.com



'သီချင်းဆိုနေတာလား၊ သိပ်မပွားပါနဲ့၊ သိပြီးသား'

'ကိုယ့်အချစ်ကို လက်ခံပါကွာ'

'လက်ခံပေးပြီးပါပြီ၊ ဘာလုပ်ပေးရဦးမှာလဲ'

'ကိုယ့်ကို ပြန်ချစ်ပါ၊ ဒါဆို ပြည့်စုံပြီ'

ပန်းတော်ဝင်ဘက်မှ အသာငြိမ်သွား၏။

'မင်း ကိုယ့်ကိုချစ်တယ် မဟုတ်လား'

'ထင်ရတာပဲ'

'တိတိကျကျ သေသေချာချာ ပြောပါကွာ'

'သူ့နောက်ကို လိုက်မယ်လို့ ရည်ရွယ်ထားတာ ဘာကြောင့်လဲ'

'ချစ်လို့ပေါ့နော်'

'မဟုတ်ပါဘူး၊ လွတ်မြောက်ချင်လို့'

'လွတ်မြောက်မယ့် အခွင့်အရေးကို ကိုယ်ကစောင့်ရှောက်ကာကွယ်ပေးချင်တယ်၊ ဒါကို ပန်းတော်ဝင်က လက်ခံတယ်၊ ကိုယ့်အချစ်ကိုလည်း လက်ခံတယ်၊ ဒါဆို ကိုယ့်ကိုချစ်လို့ပေါ့'

'မဟုတ်ပါဘူး၊ သိထားချင်လို့ပါ'

'သိထားတော့ ဘာလုပ်မှာလဲ'

'ဝေဖန်ဆန်းစစ်ရတာပေါ့'

'ဘာအတွက် ဆန်းစစ်ဝေဖန်ရတာလဲ'

'သိထားရအောင်ပေါ့'

'ဟာကွာ'

ပန်းတော်ဝင်ထံမှ ကျိတ်ရယ်သံကို ကြားလိုက်၏။

ဆည်းလည်းသံများကြား လေပြေလေညှင်းတို့ တိုက်ခတ်သွားလေသလား။



'ကိုယ် မင်းကို အခုပဲ လာခေါ်ပြီး ဒီကနေ အဝေးဆုံးကို ထွက်ပြေးမယ်'

'ဖြစ်မလား၊ ကိုသူရ ပြောပြီးပြီ၊ သူ့နောက်မှာ ရှဲဒိုးတွေ အများကြီးဆို'

'အဲဒီရှဲဒိုးတွေကို အရင်ပထုတ်မှာ'

'သေချာမှ လုပ်နော်'

'အခု မင်းနေတဲ့ ဆရာမအိမ်ကို ကြာရင် သူတို့သိသွားနိုင်တယ်၊ ခုတော့ အိမ်ဟွင်းပုန်းပြီး လျှို့ဝှက်နေလိုက်ဦး၊ ကိုယ့်ဖုန်းဆက်ပြီး လုပ်ရမဲ့ အစီအစဉ်ကို ပြောပြမယ်၊ ဆရာမကို ကိုယ်နဲ့မင်း ဘယ်လိုပတ်သက်မှုရှိတယ်လို့ ပြောထားလဲ'

'နားလည်တဲ့လူ နားလည်နေပြီပဲ၊ ဘာလို့ထပ်သိချင်နေရတာလဲ'

'ကိုယ် သိချင်လို့ပါကွာ'

'ကျွန်မရဲ့လူလို့ ပြောထားတာပေါ့'

'ပန်းတော်ဝင်ရဲ့ ချစ်သူပေါ့'

'ရှက်တယ်ကွာ၊ ထပ်မပြောနဲ့တော့'

'အိုကေ… အိုကေ… ကျန်းမာရေးကို ဂရုစိုက်၊ စိတ်ညစ်စရာ စိတ်ဆင်းရဲစရာတွေ မတွေးနဲ့၊ အချိန်တန်ရင် အားလုံးပြေလည်သွားလိမ့်မယ်၊ ဘာမှမကြောက်နဲ့၊ မလန့်နဲ့၊ မစိုးရိမ်နဲ့နော်'

'အင်းပါ၊ အင်းပါ၊ အင်းပါ'

'ဒါဆို ကိုယ်ဖုန်းချလိုက်တော့မယ်၊ ဆိုင်ထဲကို မြင်နေကျမဟုတ်တဲ့ လူစိမ်းတွေ ဝင်လာနေလို့'

'သတိ ဝီရိယနဲ့ လုပ်နော်'

'အင်းပါ'

www.burmeseclassic.com

www.burmeseclassic.com



'အချိန်သိပ်မဆွဲနဲ့'

'အင်းပါ၊ အင်းပါ၊ အင်းပါ'

ပန်းတော်ဝင် ရယ်သံဖြင့် ဖုန်းချသွား၏။ ကောင်းကင် ရင်ပီတိ အပျော်ဖြင့် ပိုခုန်နေ၏။

၄၈

သူတို့ဝိုင်းသို့ ဗလ ရောက်လာသောအခါ သုံးယောက်သား အပူတပြင်း ခေါင်းချင်းဆိုင်ကြသည်။ ဆိုင်ရှေ့ မလှမ်းမကမ်းတွင် ရှဲစောင်းအနီရောင်က ကိုယ်ရံတော်တာဝန် ကျေပြွန်စွာ။

'သူတို့မှာ လူအင်အား ဘယ်လောက်ရှိမယ် မင်းတို့မှန်းလဲ'

'ငါ့အိမ်ရှေ့မှာ ရှဲစောင်းအနီနဲ့ လူနှစ်ယောက်၊ ဗလအိမ်ရှေ့ကို ဆန်နီပစ်ကပ်နဲ့ လူတစ်ယောက်၊ နွေဦးမေ အိမ်ရှေ့မှာ ပပ်ဘလေကာနဲ့ နှစ်ယောက်၊ ဦးအောင်မျိုးမှာ ပရာဒို၊ အုပ်စိုးလတ်က မတ်တူးသူတို့မှာ လူသုံးယောက် ကား နှစ်စီး၊ အားလုံးဆို လူ ၈ ယောက်နဲ့ ကား ငါးစီး'

'ဒါဆို တစ်ဖွဲ့ကို ပထုတ်လိုက်တာနဲ့ နောက်တစ်ဖွဲ့က ချက်ချင်းရောက်လာမှာနော်'

ကောင်းကင်၏ တွေးတွေးဆဆ စကားကို သူရက…

'ဒီမှာ ငါ အစီအစဉ်ဆွဲထားတာ ရှိတယ်၊ လိုအပ်ရင် မင်းတို့ ဝိုင်းအကြံပေးပေါ့၊ နွေဦးမေနဲ့ ပန်းတော်ဝင်က ကိုယ်လုံးကိုယ်ပေါက် တော်တော်တူတယ်၊ ဆံပင်တိုတာနဲ့ ရှည်တာ၊ အသားဖြူတာနဲ့ ညိုတာပဲ ကွာတယ်၊ နွေဦးမေ ဆံပင်တိုတာကို ဆံပင်တုအရှည်စွပ်ပေးလိုက်မယ်၊ အသားညိုတာကတော့ ကိစ္စသိပ်မရှိဘူး၊ ငါတို့လုပ်ရှားမဲ့ အချိန်က ညနေ ၆ နာရီကျော်ဆိုတော့ အမြင်စုတ်ပြီး အင်ဂျင်ကောင်းတဲ့



တက်စီနှစ်စီး ငါ ရှာထားတယ်၊ တစ်စီးက ဗလကို အိမ်မှာဝင်ခေါ်ပြီး နောက်ကလိုက်လာမဲ့ ရှဲဒိုးဆန်နီကို မြွေလိမ်မြွေကောက် မောင်းမျက်ခြေဖြတ်ပြီးမှ နွေဦးမေ အိမ်ရှေ့ကို သွား၊ ကျန်တဲ့ကားတစ်စီးက နွေဦးမေ အိမ်ရှေ့က ပတ်ပလေကာ ရှေ့မှာ ကိုရိုကားယားဖြစ်ပြီး ဟန်ဆောင်ပျက်ရမယ်၊ ကားသမားက အောက်ဆင်းပြီး ပတ်ပလေကာပေါ်က ရှဲဒိုးနှစ်ယောက်ကို ကားတွန်းပေးဖို့ အကူအညီတောင်းရမယ်၊ အဲဒီကောင်တွေကားတွန်းနေတုန်း ~လပါတဲ့ကားက ဝင်လာရမှာ၊ ပန်းတော်ဝင် သူငယ်ချင်း ကြယ်စင်ဦးက နွေဦးမေ အိမ်ကို ကြိုဝင်ရမယ်၊ အဲဒါကို ရှဲဒိုးနှစ်ယောက်က သူတို့ဘော့စ်ကို သတင်းပို့လိမ့်မယ်၊ ဘော့စ်တွေ စိတ်လှုပ်ရှားနေလိမ့်မယ်၊ ရှဲဒိုးတွေ ကားတွန်းနေတုန်း ဗလက ပန်းတော်ဝင် အဝတ်အစားတွေဝတ်ပြီး ပန်းတော်ဝင်ယောင် ဆောင်ထားတဲ့ နွေဦးမေရယ် ကြယ်စင်ဦးရယ်ကို ကားပေါ်တင်ပြီး သန်လျင်ကျောက်တန်းဘက်ကို ဒိုးပေတော့၊ ရှဲဒိုးကားက မီလုမီခင်ဖြစ်အောင် မောင်းရမယ်၊ အတင်းလွတ်အောင် မပြေးနဲ့၊ ကျောက်တန်းနားရောက်မှ ကားရပ်ပေးပြီး အမိခံရမယ်၊ အဲဒါ ဗလရဲ့ အချိန်ကိုက် လှုပ်ရှားနိုင်မှုအပိုင်း။

'အဟီး… ဒါဆို ငါက မှောင်ရီပျိုးဖျမှာ မချောနှစ်ယောက်ကိုယ်တစ်ယောက်ပေါ့'

'ငါတီးလိုက်ရ၊ အရေးထဲ ပိုးကထချင်သေးတယ်၊ ဆက်ပြောမယ်၊ ငါနဲ့ကောင်းကင်က မြို့ထဲက ရုပ်ရှင်ရုံမှာ ညနေ ၆ နာရီခွဲပွဲကြည့်ဖို့ လက်မှတ်ဝယ်ရမယ်၊ ရှဲဒိုးတွေငါတို့ကို စောင့်ကြည့်တာသေချာမှ ရုံထဲဝင်မယ်၊ ပတ်ပလေကာက ဗလ ကားကိုမိမှာမဟုတ်ဘူး၊ ငါတို့ရဲ့ ရှဲဒိုးကို အကူအညီတောင်းလိမ့်မယ်၊ ငါတို့ရှဲဒိုးတွေထွက်သွားတာနဲ့ ငါတို့က အလုံကိုလစ်မယ်၊ စောစောက နွေဦးမေ

www.burmeseclassic.com



အိမ်ရှေ့မှာ ပျက်ချင်ယောင်ဆောင်တဲ့ တက်စီက အားလုံးထွက်သွားရင် သူ့တာဝန်ပြီးပြီ၊ သူက ပန်းတော်ဝင်တည်းနေတဲ့အိမ်ရဲ့ လမ်းထိပ် လမ်းမကြီးပေါ်မှာ လာရပ်စောင့်နေရမှာ၊ ငါတို့နှစ်ယောက်က ပန်းတော်ဝင်ကို အိမ်ပေါ်တက်ခေါ်၊ ပြီးတာနဲ့ အဲဒီတက်စီပေါ်တက်ပြီး အင်းစိန်ကို အမြန်လစ်ရမယ်၊ အင်းစိန်မှာ စစ်တွေကို အဲဒီညထွက်မဲ့ ကုန်တင်ကားက ကုန်တင်ရင်း စောင့်နေလိမ့်မယ်၊ ယာဉ်မောင်းက ဝိတ်တာ၊ သူက မင်းတို့ကို စောင့်ရှောက်ခေါ်သွားလိမ့်မယ်၊ အဲဒီကား နဲ့ စစ်တွေကိုရောက်ရင် အဲဒီကားဂိတ်ထိုးတဲ့နေရာနဲ့ သိပ်မဝေးဘူး၊ အိုးတန်းရပ်ကွက်ထဲမှာ ငါ့ဦးလေးလင်မယားရှိတယ်၊ သူတို့က သားသမီး မရှိဘူး၊ ပျော်ပျော်နေတတ်တယ်၊ ငါရေးပေးလိုက်မယ့်စာ ကိုသာ ပြလိုက်'

'မင်းကို ရဲခေါ်ပြီး ဖမ်းချုပ်လိုက်မှာပဲ'

'ဟဲ့အကောင်… လူဗာလ… တိတ်တိတ်နေ၊ လူကြီးတွေ အလုပ်ရှုပ်နေတယ်၊ ရောမ အော်ပရေးရှင်းကြီးအတွက် စီမံကိန်းဆွဲ နေတာ၊ သူရ ဆက်ပြော'

'ငါ့ဦးလေး လင်မယားက မင်းတို့ကို အားလုံးအကူအညီပေး လိမ့်မယ်၊ အဲဒီမှာ ဆယ်နှစ်နေနေ ဆယ့်ငါးနှစ်နေနေ မင်းတို့စားဝတ် နေရေးအတွက် လုပ်ငန်းပါ စီစဉ်ပေးလိမ့်မယ်၊ ငါနဲ့ ဗလလည်း အေးချမ်းသွားရင် မင်းတို့ဆီ လိုက်လာမှာပေါ့'

'မင်းတော်တယ် သူရ၊ အချိန်တိုအတွင်းမှာ အားလုံးအကွက် စေ့အောင် စီစဉ်နိုင်တယ်'

'အချစ်ရေးမှာ ကူညီပေးတဲ့အတွက် ဗလ ညီမလေးနဲ့ နီးရ နိုင်တယ်လေကွာ'

'အေးပါ၊ မင်းတူမနဲ့ ငါနဲ့လည်း နီးနေပါပြီ'



'ဟုတ်တယ်၊ ငါ့တူမ လက်ဝါးနဲ့ မင်းပါး'

'ကဲပါကွာ၊ မင်းရဲ့ စီမံကိန်းမှာ အဓိကက အချိန်ကိုက်ဖြစ်ရ မယ်၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်တယ်၊ ဗလ စီးလာတဲ့ကား နွေဦးမေတို့ အိမ်ရှေ့ရောက် ရမှာ ၆ နာရီ ၂၅ မိနစ်တိတိဖြစ်ရမယ်၊ ဒါမှ ငါတို့နဲ့ အချိန်ကိုက် လှုပ်ရှားလို့ရမှာ'

'ငါတို့ စီးရမဲ့ ကားက အဝေးပြေးကားဂိတ်မှာလား'

'မဟုတ်ဘူး၊ အင်းစိန်ဈေးရှေ့မှာ ကုန်တင်နေမှာ၊ ကားဂိတ် မှာဆို မင်းပျောက်တာ သိတာနဲ့ သိပ်မကြာခင်မှာ အုပ်စိုးလတ်တို့ ဦးအောင်မျိုးတို့ ရောက်လာမှာ၊ ညဘက်ဆိုတော့ လေယာဉ်တို့ ရထား တို့ မဖြစ်နိုင်တော့ဘူး၊ ကားဂိတ်ပဲ လာရှာမှာ'

ဗလက…

'ပါးစပ်က ပြောတာ ချောတယ်၊ လက်တွေ့လုပ်မှ ဟိုတလွဲ ဒီတလွဲ ဖြစ်နေဦးမယ်နော် သူရ'

'ဟုတ်တယ်၊ အဓိကက ငါတို့နာရီတွေ အခုကတည်းက တိုက်ထားမယ်၊ လှုပ်ရှားနေတုန်းမှာ တစ်ခုခုအလွဲအချော်ဖြစ်ရင် ကိုယ့် ခေါင်းကိုယ်သုံးပြီး အစီအစဉ်ချောနိုင်ဖို့ ကြိုးစားရမယ်'

သူတို့ပြောနေစဉ်မှာပင် အနီရောင်ရှုံစောင်းပေါ်မှ လူနှစ် ယောက် ဆိုင်ထဲဝင်လာသည်။

'မင်းတို့နှစ်ယောက် ဒီမှာနေခဲ့၊ ဒီညလုပ်ရမဲ့ အစီအစဉ်ကို ငါ ဟိုဘက်လမ်းထိပ်ဖုန်းဆိုင်ကနေ ပန်းတော်ဝင်ဆီ လှမ်းဆက်ပြော လိုက်မယ်၊ အခုဝင်လာတဲ့ နှစ်ကောင် ဒီမှာမြဲနေအောင်သာ မင်းတို့ လုပ်ထား၊ နည်းနည်းကြာမယ်၊ နွေဦးမေကိုလည်း ဖုန်းဆက်ပြီး ပြောရ ဦးမှာ'

www.burmeseclassic.com

www.burmeseclassic.com



သူရက အပေါ့သွားသလိုလို ဘာလိုလိုနှင့် ဆိုင်နောက်ဘက်မှ ပတ်ထွက်သွား၏။ ကောင်းကင်တို့ စားပွဲနှင့်ကပ်လျက် ဝိုင်းတွင် ရှဲဒိုးနှစ်ယောက် လာထိုင်၏။ ဗလက ပေါက်တက်ကရစကားတွေပြော၏။ တရုတ်လိုလို၊ ကုလားလိုလို၊ ကိုရီးယားလိုလို၊ အင်္ဂလိပ်စကားလည်း ပါ၏။

သို့သော် ဘာစကားမျှ မပီပြင်။ ကောင်းကင်ကလည်း နားလည်ချင်ယောင်ဆောင်၍ ဗလလိုပဲ ပြန်ပြော၏။ ဘေးဝိုင်းမှ ရှဲဒိုးနှစ်ယောက် မျက်လုံးပြူးကြောင်ကြောင်တွေ ဖြစ်ကုန်သည်ကို ကောင်းကင် မျက်ဝန်းဒေါင့်မှ မြင်နေရ၏။ သူတို့နှစ်ယောက်ကတော့ စကားပြောမပျက်။ အရယ်အမောလေးပင် ညှပ်ပါလိုက်သေး၏။

နာရီဝက်ခန့်အကြာတွင် သူရ ပြန်ရောက်လာ၏။ ခဏအကြာတွင် ရှဲဒိုးနှစ်ယောက် ငွေရှင်းပြီး ကားပေါ်ပြန်တက်သွား၏။ တစ်ယောက်က ဟမ်းဖုန်းထုတ်ပြီး ဆက်လိုက်သည်။ ခဏအကြာတွင် ဗလ အိမ်ရှေ့တွင် စောင့်နေကျ ဆန်နီပစ်ကပ်ဆိုင်ရှေ့သို့ ရောက်လာသည်။ ရှဲစောင်းအနီ မောင်းထွက်သွား၏။

'သူရ··· ပန်းတော်ဝင် နားလည်သဘောတူရဲ့လား'

'နားလည်တယ်၊ သဘောတူတယ်၊ ဒီလိုမြန်မြန်ရှန်းထွက်နိုင်တာကို သဘောကျပါတယ်တဲ့ ခင်ဗျာ'

'နွေဦးမေအတွက် ဆံပင်တွေနဲ့ ပန်းတော်ဝင် အဝတ်အစားရဖို့ကိစ္စက···'

'အဝတ်အစားက သူတို့မှာ ဆင်တူရှိပြီးသား၊ ဆံပင်တုကို ကြယ်စင်ဦးက ရှာပေးလိမ့်မယ်တဲ့၊ အဲဒီအပိုင်းကို ပန်းတော်ဝင် စိစဉ်မှာ···'

ဗလက လက်ဝါးတစ်ဖက်ကို ပြင်လိုက်ပြီး···



'ဒါဆိုရင် ဒီည···'

သုံးယောက်သား လက်ဝါးတွေ ပေါင်းဆုံရိုက်လိုက်ပြီး သံပြိုင်တိုးတိုးအော်လိုက်ကြ၏။

'အော်ပရေးရှင်း ပန်းတော်ဝင် အောင်ရမည်'

www.burmeseclassic.com

## အခန်း(၁၄)

ညနေ ၈ နာရီ ၁၅ မိနစ်တွင် ကောင်းကင်နှင့် သူရ ရုပ်ရှင်ရုံအောက်သို့ ရောက်လာပြီး လက်မှတ်ဝယ်လိုက်ကြသည်။ မလှမ်းမကမ်းမှ ကပ်ပါလာသည့် ရှုဒိုးနှစ်ယောက်ကြားစေရန်အတွက်လည်း အသံကျယ်ကျယ်ဖြင့် လက်မှတ် (၃)စောင်မှာလိုက်သည်။

ပြီး ရုံထဲသို့ မဝင်သေးဘဲ လမ်းဘက်တမျှော်မျှော်နှင့် လူလုံးပြနေကြသည်။ ရှုဒိုးနှစ်ယောက်က ရုံစောင်းအနီးရောင်ထဲ ပြန့်ဝင်စောင်နေကြ၏။

ကောင်းကင်က နာရီကို ကြည့်ရင်း…

'ဒီအချိန်ဆို ဗလ စပြီးလှုပ်ရှားနေလောက်ပြီ၊ အဆင်မှ ချောရဲ့လား မသိဘူး'

'စိတ်မပူပါနဲ့ကွာ၊ မကြာခင် မိနစ်ပိုင်းအတွင်း အဖြေထွက်လာမှာပဲ၊ ကားထဲကကောင်တွေကိုသာ မသိမသာကြည့်နေ'

၆ နာရီ ၂၈ မိနစ်တွင် ဖုန်းလာသည်ထင်၏။ ကားထဲမှ ငတိတစ်ယောက် ဖုန်းထုတ်၍ စကားပြောသည်။ ပြောနေရင်း သူတို့နှစ်ယောက်ထံသို့လည်း တစ်ချက်တစ်ချက် လှမ်းကြည့်သေး၏။ ပြီးနောက် ကားစက်နိုး၍ မောင်းထွက်သွား၏။ ရှုဒိုးကားထွက်သွားသည်နှင့် သူရထံမှ အသံထွက်လာသည်။



'အိုကေ… ဗလရဲ့ လှုပ်ရှားမှု အစီအစဉ်အတိုင်း ချောမွေ့နေပြီး၊ ဟိုကားမျက်စိအောက်က ပျောက်သောက်တာနဲ့ ငါတို့လည်း တက်စီငှားမယ်'

ထိုနေရာမှာပင် အခက်အခဲ စတွေ့၏။ တက်စီက အလွယ်တကူ ငှားရမ။ လာသမျှ တက်စီများ လူပြည့်နေ၏။

'ဒီနေရာအတွက်ကို မင်း ကားတစ်စီး စီစဉ်ထားရမှာ သူရရ'

'ဘယ်ဖြစ်မလဲကွ၊ ရှုဒိုးတွေ ရိပ်မိသွားမှာပေါ့၊ ငါက မြို့ထဲမှာဆိုတော့ ကားငှားရလွယ်မယ်ထင်တာပေါ့၊ စိတ်မပူပါနဲ့ ရမှာပါ၊ အချိန်ရှိပါသေးတယ်'

ခဏကြာမှ ကားငှား၍ ရ၏။ သို့သော် စိတ်ထဲထင့်သွား၍ ကားပေါ်တက်ခါနီး ရုပ်ရှင့်ရုံရှေ့သို့ လှမ်းကြည့်မိရာ…

'သူရ… ဟိုနောက်မှာ ဗလ အိမ်ရှေ့မှာ ရှုဒိုးစောင့်တဲ့ ဆန်နီပစ်ကပ်လားလို့'

သူရ မသိမသာ လှည့်ကြည့်ရင်း…

'ဟုတ်တယ်ဟ၊ ကားဆရာရေ… မောင်း… မောင်း… အလုံကို အမြန်မောင်းတော့'

'ဆန်နီပစ်ကပ် ပါလာပါလား'

'အသေအချာပေါ့ကွာ၊ မြို့ထဲမို့ လမ်းကြောကြပ်နေတော့ သူလည်း ငါတို့နားကို မကပ်နိုင်ဘူး၊ ငါတို့ကားလည်း မြန်မြန်မမောင်းနိုင်ဘူး'

အောက်ကြည့်မြင်တိုင်လမ်းရောက်သောအခါ လမ်းအနည်းငယ်ရှင်းသဖြင့် ကောင်းကင်တို့ စီးလာသော ကားအမြန်နှုန်းမြှင့်နိုင်၏။ ဆန်နီပစ်ကပ်မှာ လမ်းဘေးကပ်ရပ်သွား၏။

'သူရ နောက်ကကား လမ်းဘေးရပ်သွားပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဖုန်းဆက်တာ ဖြစ်နိုင်တယ်ကွ၊ အဲဒါအခြေအနေ မကောင်းဘူး၊ ငါတို့မြန်မြန်လှုပ်ရှားရမယ်၊ သူတို့ဆရာကြီးတွေကိုယ်တိုင် ရောက်လာနိုင်တယ်'

'ရောက်လာလည်း ရင်ဆိုင်ရှင်းရမှာပေါ့ကွာ၊ မဖြစ်ဖြစ်အောင် ဖောက်ထွက်မယ်'

'ဟိုးရှေ့မှာ တွေ့လား၊ ရှေ့ဆွဲမင် တက်စီ၊ အဲဒါ ငါစောင့်ခိုင်းထားတဲ့ကား၊ ကားဆရာ ခဏ၊ ဘယ်ဘက်လမ်းသွယ်ထဲကို ချိုးဝင်ပြီး ခဏရပ်ပေးပါ၊ ဒီမှာ ငါဆင်းနေခဲ့ပြီး အခြေအနေကြည့် ဟန့်တားထားမယ်၊ လောလောဆယ်တော့ မျက်ကွယ်ယူထားမယ်၊ မင်းက ပန်းတော်ဝင်ဆီ အမြန်သွား၊ ခေါ်ပြီးတာနဲ့ ငှားထားတဲ့ ကားဆီကိုပြေး၊ အချိန်မရရင် ငါ့ကိုမစောင့်နဲ့၊ စိတ်မပူနဲ့၊ အိုကေ မောင်းတော့ကား ဆရာ'

၆

ပထမထပ်ရှိ ပန်းတော်ဝင် တည်းခိုရာအခန်းသို့ ရောက်သော အခါ အဆင်သင့်ထိုင်စောင့်နေသည်ကို တွေ့ရ၏။

အိမ်ရှင်ဆရာမကို လိုရင်းတိုရှင်း နှုတ်ဆက်ပြီး ပန်းတော်ဝင် လက်ကိုဆွဲကာ အမြန်ပြန်ဆင်းရသည်။

'ရှင်ကလည်း အတင်းဆွဲခေါ်နေတာပဲ၊ ဟိုမှာ ဆရာမကို တောင် သေသေချာချာ နှုတ်မဆက်ခဲ့ရဘူး'

'နောက်မှာ ရှဲဒိုးတစ်ယောက်ပါလာတယ်၊ သူဖုန်းဆက်ခေါ် လိုက်ရင် မကြာခင် ဆရာကြီးတွေ ရောက်လာမှာစိုးလို့'

'ဟင်'

ထိုအခါမှ ပန်းတော်ဝင် မျက်လုံးပြူးပြီး လှေခါးကို အမြန် ပြေးဆင်းတော့၏။



လမ်းသွယ်အတိုင်း ဟိုကြည့်ဒီကြည့်ဖြင့် ခပ်သွက်သွက် လျှောက်လာစဉ် တိုက်အကွယ်တစ်ခုမှ သူရ ဖျတ်ခနဲပေါ်လာသည်။

'ကားနှစ်စီးနဲ့ ဆရာကြီးတွေ ရောက်လာပြီ၊ နေရာအတိအကျ မသိတော့ ဒီနားမှာ သူတို့ပတ်ရှာနေကြတယ်၊ လာ… ငါတို့ကားဆီ မြန်မြန်လစ်ကြစို့'

သူတို့ဆက်ပြေးကြ၏။

လမ်းမတန်းသို့ မရောက်မီ သူတို့သုံးယောက်ပေါ်သို့ ပရာဒို ကားမီးရောင်က ဖွေးခနဲကျလာ၏။

သူတို့လှမ်းကြည့်မိစဉ် မလှမ်းမကမ်း၌ ကားနှစ်စီး ဘရိတ်သံ ရှည်ဆွဲ၍ ကျွိခနဲထိုးရပ်လိုက်၏။

'ကောင်းကင် ငါတို့ဒီအတိုင်းပြေးလို့ မလွတ်နိုင်လောက်ဘူး၊ သူတို့ကားတွေက ပိုကောင်းတယ်၊ ဒီတော့ သူတို့ကို ငါ ခဏထိန်း ထားမယ်၊ မင်းတို့နှစ်ယောက် လစ်တော့'

ကားပေါ်မှ ခုန်ဆင်းလာသည်က ပန်းတော်ဝင် ဖခင် ဦးအောင်မျိုး၊ ဦးလေး ဦးနေမျိုး၊ အုပ်စိုးလတ်နှင့် သူ၏တပည့်တစ် ယောက်။ ကောင်းကင်က သူတို့ကို ကြည့်၍ သူရအား…

'မင်းတစ်ယောက်တည်း မဖြစ်ဘူး၊ သူတို့ လူအင်အားများ တယ်၊ မင်း အမှုန့်ဖြစ်သွားလိမ့်မယ်'

'သမီး… သမီးလေး… မိုက်လိုက်တာကွယ်၊ လာခဲ့၊ ဖေဖေ တို့နဲ့ ပြန်လိုက်ခဲ့၊ ဒီငမိုက်သားတွေကို လက်ရဖမ်းဆီးတော့မှာ၊ ဒီ ကောင်တွေ သွေးဆောင်ဖြားယောင်းတာ မယုံနဲ့၊ သမီးဆက်ပြီး အမှား ကြီး မှားလိမ့်မယ်'

ဦးအောင်မျိုးက လက်နှစ်ဖက် ဆန့်တန်းပြီး ပန်းတော်ဝင် နားကို တတွတ်တွတ်ပြော၍ ကပ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



'အန်ကယ်… ရှေ့မတိုးနဲ့နော်'

ကောင်းကင်က ပန်းတော်ဝင်ကို သူ့ကျောနောက်ပို့လိုက်ရင်း အော်ပြောလိုက်၏။

အုပ်စိုးလတ်က…

'ပန်းတော်ဝင်… ညီမလေး ဒီကောင်တွေ ဖြားယောင်းသွေးဆောင်မှုနဲ့ မကြာခင် ရာဇဝတ်သားတွေဖြစ်တော့မှာ၊ တို့နဲ့ ပြန်လိုက်ခဲ့ပါကွာ'

'ဟင့်အင်း… မလိုက်ဘူး၊ မလိုက်ဘူး'

ပန်းတော်ဝင် တစ်ကိုယ်လုံး တုန်ရင်နေ၏။ အော်ပြောသံမှာပင် ငိုသံပါနေ၏။ ဦးနေမျိုးကတော့ လေသံမာမာဖြင့်…

'ပန်းတော်ဝင် နင် ဘာခွေးဓာတ်ခင်းတာလဲ၊ ဟေ့ကောင် ကောင်းကင် ငါ့တူမကို လွှတ်လိုက်စမ်း၊ မင်း သေချင်နေပြီထင်တယ်'

ကောင်းကင် ခေါင်းခါပြစဉ်မှာပင် အုပ်စိုးလတ်က ဒေါသထွက်ပြီး အရှိန်နှင့် ပြေးဝင်လာ၏။ သူ မရှောင်ဘဲ ရင်ဝကို ဆောင့်ကန်ပစ်လိုက်၏။ အုပ်စိုးလတ်မှာ ကတ္တရာလမ်းပေါ် လိမ့်သွားရှာ၏။ အုပ်စိုးလတ် တပည့်က ဓားမြှောင်ဖြင့် အလစ်ဝင်ထိုးပြန်သည်။ ကောင်းကင်က ညာခြေတစ်လှမ်းတက် တေီဓားကိုင်လက်ကို ဘယ်လက်ဖြင့် ရိုက်ပစ်ပြီး ကျုံ့ဝင်လာသည့် လည်မျိုကို ညာတံတောင်ဖြင့် ကျွေးလိုက်၏။ ထိုလူတန့်နေစဉ် ဇက်ပိုးကို လက်ပြန်ထပ်ရိုက်ချလိုက်ရာ လမ်းပေါ် မှောက်သွား၏။

ဦးနေမျိုးက လက်သီးဖြင့်ပြေးဝင်ထိုးပြန်သည်။ ကောင်းကင် ထံ မရောက်မီမှာပင် သူရက ခုန်ဝင်ပြီး ဦးနေမျိုး ရင်ဘတ်ကို ဒူးပျံနှင့် တိုက်ချလိုက်၏။ အွတ်ခနဲ အသံနှင့်အတူ ဦးနေမျိုး ဒူးထောက်ခွေကျသွားစဉ် သူရက အုတ်ဆက်ကို လက်ဝါးစောင်းဖြင့် ခပ်ဆဆခုတ်လိုက်ရာ အရုပ်ကြိုးပြတ် မှောက်ကျသွား၏။



ဦးအောင်မျိုးက ဝင်မလာရဲ။ ခြေတုန်တုန်လက်တုန်တုန်ဖြင့်

'မင်းတို့လူရမ်းကားတွေ လူသတ်သမားတွေ မင်းတို့ကို ဖမ်းမယ်၊ မင်းတို့ကို ထောင်ထဲပို့ရမယ်'

အုပ်စိုးလတ် ပြန်ထလာပြီး ဒုတိယအကြိမ် အရှိန်နှင့် ခေါင်းတိုးပြေးဝင်လာပြန်၏။ ကောင်းကင်က ပန်းတော်ဝင်ကို သူရဘက်တွန်းပို့လိုက်ပြီး အုပ်စိုးလတ်ကို ဘေးတိုက်တစ်လှမ်းစာရှောင်ကာ နံကြားအား ညာခြေနှင့် အားထည့်ခတ်လိုက်၏။ အုပ်စိုးလတ်မှာ နဂိုက ပျော့နွဲ့နွဲ့မို့ လမ်းပေါ်ပက်လက်ကျသွားရာမှ ပြန်မထလာနိုင်ရှာတော့။

ပြန်ကုန်းထလာသော ဦးနေမျိုးကို သူရက နံကြားကိုပင် ကန်ထရီးရှူးဖြင့် ပြေးကန်ထည့်လိုက်၏။ နှစ်ပြန်သုံးပြန်လိမ့်သွားသော ဦးနေမျိုးကို ဦးအောင်မျိုးက ပြေးပွေ့ရင်း သူတို့ကို ဆဲရေးတိုင်းထွာနေ၏။

အုပ်စိုးလတ် တပည့် လူမိုက်က ခုန်ပျံဝင်လာပြန်၏။ သူရှောင်တိမ်းပြီး တံတောင်ဖြင့် ထိုလူ့နားထင်ကို ဆောင့်ထိုးလိုက်၏။ ထိုလူ့နားထင်ကို လက်နှစ်ဖက်နှင့် အုပ်နေစဉ် သူ ခုန်ဝင်သွားပြီး လက်သီးတွေ တရစပ်ပစ်သွင်းလိုက်၏။ တစ်ယောက်တစ်ပြန်ထိုးနေရာမှ ထိုလူခွေအကျတွင် ပထမတံတောင်ဖြင့် ကျွေးထားသည့် နားထင်ကိုပင် ဖိနပ်အားကိုးဖြင့် အားရပါးရ ပိတ်ကန်လိုက်ရာ ထိုလူ လွင့်ထွက်သွားပြီး ပြန်မထလာနိုင်ရှာတော့။

အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီးမှ သူရက…

'ကောင်းကင် ပန်းတော်ဝင်ကို ခေါ်၊ ငါတို့အမြန်လစ်စို့'

ကောင်းကင်က သွေးကြောင်သလို ငိုင်ကြည့်နေသော ပန်းတော်ဝင်လက်ကို ဆွဲ၍ သူတို့ကြိုဖွားထားရာ ကားဆီသို့ ပြေး၏။

သူတို့ရန်ပွဲကို ဝင်ပါရမလို အသင့်ဖြစ်အောင် စောင့်နေရမလို

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကားပေါ်တက်လိုက် အောက်ဆင်းလိုက်လုပ်နေသော တက်စီဒရိုင်ဘာအား သူရက…

'ကိုစိန် ကားပေါ်မြန်မြန်တက်ပြီး စက်နှိုးလေဗျာ၊ လုပ်… မြန်မြန်'

သူရ လှမ်းအော်ပြောမှ ဒရိုင်ဘာ အသိဝင်လာပြီး ကားပေါ်တက်ကာ စက်နှိုး၏။

ဦးအောင်မျိုးက လမ်းပေါ်လဲကျနေသော ဦးနေမျိုးကို မယူမွေ့ကြည့်လိုက်။ အုပ်စိုးလတ်ထံ ပြေး၍ ဆွဲထူကာ ပါးပွတ်၍ နာမည်ခေါ်ကြည့်လိုက်နှင့် ဗျာများနေ၏။

ကောင်းကင်တို့ကားလေးမှာ အန္တရာယ်များကို ကျော်ခိုင်းပြီး လမ်းပေါ်တရိပ်ရိပ်ပြေးနေ၏။

'ဒီလူတွေ နာရီဝက်လောက်နဲ့ လိုက်လာနိုင်မယ် မထင်ဘူး'

❧ ❧ ❧

BURMESE CLASSIC .com

## အခန်း(၁၅)

သူရ ပြောသည့်အတိုင်းပင် ဦးအောင်မျိုးတို့အုပ်စုလိုက် မလာနိုင်ကြ။

အဝေးပြေးကားဂိတ် (သို့မဟုတ်) လမ်းကြောင်းလွဲရာတွေ ထင်ရာမြင်ရာ ဖွတ်လိုက်သွားကြလေသလား မသိ။ အင်းစိန်တွင် ကုန်တင်ပြီးစီးနေသည့် အဝေးပြေးကုန်တင်ယာဉ်ကြီးရှိရာသို့ ရောက်သည်အထိ ထိုလူအုပ်စုကို လုံးဝမမြင်ရ၊ မတွေ့ရ။

သူရက ကားဆရာ ကိုမောင်တင့်နှင့် မိတ်ဆက်ပြီး အလာခရီးတွင် စီးလာသည့် တက်စီနှင့်ပင် တက်သုတ်ရိုက်ပြန်ထွက်သွားသည်။

သူနှင့် ပန်းတော်ဝင် ကားပေါ်ရောက်သည်နှင့် ဟိုင်းဝေးကုန်တင်ယာဉ်ကြီး စတင်ထွက်ခွာ၏။

ကုန်စည်များအလယ်တွင် ထိုင်စရာနေရာလုပ်ပေးထား၏။ လေဝင်ပေါက်တွေပင် လုပ်ပေးထားသည်။ ကိုမောင်တင့်က ကားကို တပည့်နှင့်လွှဲ၍ မောင်းနှင်စေပြီး…

'ကဲ… ဘာမှမပူနဲ့တော့၊ အားလုံးလွတ်ပြီ ကျွတ်ပြီ၊ ခုချိန်က စပြီး ဟောဒီ ကိုမောင်တင့်က ငါ့ညီနဲ့ညီမ ခရီးဆုံးရောက်တဲ့အထိ တာဝန်ယူပြီး ပို့ပေးမယ်၊ ငါ့ညီက စိတ်အေးသွားအောင် ဒီဘီယာဘူးလေးဖောက်သောက်လိုက်၊ ဒီက ညီမက ရင်အေးသွားအောင် ဒီအချိုရည်ဘူးလေး ဖောက်သောက်လိုက်၊ လန်းဆန်းသွားအောင် စနိုက်တာဝါ အေးအေးလေးတွေနဲ့လည်း သုတ်သင်လိုက်ကြဦး၊ ရော့…'

www.burmeseclassic.com

www.burmeseclassic.com



ဖျော့နှင့်လုပ်ထားသော ရေခဲဗူးထဲမှ ထုတ်၍ ကိုမောင်တင့် ကမ်းပေးလာသဖြင့် သူ လှမ်းယူလိုက်ပြီး ပန်းတော်ဝင်ကို အချိုရည်ဘူး လှမ်းပေးလိုက်၏။ သူ့အတွက် ဘူးကိုဖောက်ပြီး ကိုမောင်တင့်ကို ကျေးဇူးတင်စကားပြောရန် ပြင်စဉ် ကိုမောင်တင့် မရှိတော့။ လေဝင်ပေါက်လိုနေရာမှ လှမ်းပြော လှမ်းပေးပြီး လေဝင်ပေါက်ကို ပစ္စည်းတစ်ခုနှင့် ပြန်လည်ပိတ်ကွယ်ပေးသွား၏။ အခြားသော လေဝင်ပေါက်သုံးလေးခုရှိနေ၍ သူတို့အတွက် အသက်ရှူအကျပ်။

'တော်တော်အလိုက်သိတဲ့ လူကြီးပဲနော် ပန်းတော်ဝင်'

'ဘာအလိုက်သိတာလဲ၊ ဒီအထဲမှာဆိုပြီးတော့နော်'

'ဟိုရောက်သွားရင်လည်း ဟိုဥစ္စာဖြစ်မှာပဲဟာ'

'ဟင်း'

ပန်းတော်ဝင်က အံကြိတ်မျက်စောင်းခဲပြ၏။ ကောင်းကင်က တဟဲဟဲရယ်ရင်း…

'ခုတော့ ရန်ထောင်လာနိုင်ပြီနော်၊ အအေးသောက်လိုက်ရပြီ ရင်အေးစိတ်အေးသွားပုံပဲ၊ စောစောက မင်းမျက်နှာမှာ သွေးမရှိဟော့ သလိုပဲ'

'မိန်းကလေးပဲ၊ ကြောက်လန့်ရင် ဒီလောက်တော့ ရှိမှာပေါ့၊ ဖေဖေ့ကို ကြည့်ပြီး သနားလည်း သနားတယ်၊ ပြန်လည်းမလိုက်ရဲဘူး၊ ဘာဖြစ်လို့ အဲဒီလို ထိုးကြိတ်တဲ့အထိ ဖြစ်ရတာလဲ'

'ခုခံတာပါ၊ အဲဒီလိုမလုပ်ရင် သူတို့က ကိုယ်တို့ကို တစ်လက်မမှ ရွှေ့ခွင့်ပေးမှာ မဟုတ်ဘူး၊ စိစိညက်ညက်ချေမှာ၊ ဒါတောင်ကျန်တဲ့ကားနှစ်စီးနဲ့ လူတွေက လမ်းလွဲထွက်သွားလို့ သူတို့ဖုန်းဆက်ခေါ်လိုက်လို့ အချိန်မီရောက်လာခဲ့ရင် ကိုယ်တို့မလွယ်ဘူး'

'ဟုတ်ပါရဲ့နော်၊ သူတို့အုပ်စုသာ အကုန်ပေါင်းမိခဲ့ရင် ကျွန်မတို့ ခုလို ဒီကားပေါ်တောင် ရောက်နိုင်တော့မှာ မဟုတ်ဘူး'

ပန်းတော်ဝင်က စဉ်းစားရင်း ထိတ်လန့်လာဟန်ဖြင့် ပခုံးလေးတွန့်ပြပြီး ပြောသည်။ ပြီးမှ…



'ဒါပေမဲ့… မေမေ့ကိုတော့ အမှတ်ရပြီး သနားတယ်'

'မင်းရဲ့ဆန္ဒ၊ ကိုယ့်ရဲ့ဆန္ဒကို သူတို့မလွန်ဆန်နိုင်တဲ့ တစ်ချိန်ကျရင် အားလုံးနားလည်သင့်မြတ်သွားကြမှာပါ၊ အစကတည်းက ကိုယ်နဲ့ သဘောတူကြပြီးတဲ့ဥစ္စာ၊ လွယ်နေတာကို ခက်အောင်လုပ်ခဲ့မိတာ၊ မင်းက ကိုယ့်ကို အသားလွတ်မုန်းတီးနေခဲ့လို့၊ အဲဒါမင်းကြောင့်'

'အံမယ်… ရှင်ကလည်း မာနတစ်ခွဲသားနဲ့ မုန်းစရာကောင်းအောင် ပြောခဲ့တာကို၊ အဲဒါ ရှင့်ကြောင့်'

'မင်းကြောင့်'

'ရှင့်ကြောင့်'

'ကဲ… ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး၊ မာယာကြောင့်'

'ဘာ… ဘာရယ်'

'ဟုတ်တယ်လေ၊ မင်းက ချစ်နေလျက်နဲ့ ပန်းပွင့်လေးလို မာယာတွေများနေလိုက်တာ၊ နောက်ဆုံးမနေ့ကအထိ အဖြေထွက်အောင် တော်တော်ညှစ်ယူရတယ်'

'ရှင်ကရော ဘာထူးလဲ၊ ယောကျ်ားမာယာနဲ့ ဝှေ့နေလိုက်တာ၊ နောက်ဆုံး မနေ့ကအထိ တော်တော်စောင့်နားထောင်ရတယ်'

'ဒါဆို ပန်းတော်ဝင်က ကိုယ်ဆီက ဒီစကားကြားရဖို့ တော်တော်စောစောကတည်းက စောင့်နေခဲ့တာပေါ့'

ပန်းတော်ဝင် မျက်နှာပေါ် ပန်းနုရောင် နှင်းဆီခင်းလေး ဖြတ်ပြေးသွားပြီး…

'အွယ်… ဟုတ်ပါဘူး၊ ပြောမိလို့လား'

'ထားပါတော့ကွာ၊ အဲဒီစကားလေးပြောဖို့ နောက်ပြီး အဲဒီအဖြေလေးရဖို့ စိတ်ပင်ပန်း လူပင်ပန်း လှုပ်ရှားရသမျှ ဒီမှာမောလှပြီ၊ နားပါရစေတော့'

ကောင်းကင်က ပြောပြောဆိုဆို ပန်းတော်ဝင် ရင်ခွင်ထဲ မှီလှဲချလိုက်၏။

www.burmeseclassic.com



ပန်းတော်ဝင်က သူ့ကိုကြင်နာစွာ ပွေ့ဖက်ထားလိုက်၏။

ပြီးမှ အသာအယာတွန်းခါရင်း…

'နားရုံနားပါ ကိုမာယာရယ်၊ အိပ်စရာနေရာတော့ မပေးပါရစေနဲ့၊ သူ့ကိုယ်ကြီးက လေးတော့ ဒီမှာ ညောင်းတယ်'

'ဒါဆိုရင်တော့ နေရာရွေးပြီး နားရလိမ့်မယ်'

'ဘယ်မှာများ နားချင်သေးလို့လဲ'

'ဆံစ၊ နဖူး၊ ပါးပြင်၊ နှုတ်ခမ်း၊ လည်တိုင်တွေပေါ်မှာပေါ့၊ ဘယ်လိုလဲ၊ နားလိုက်ရမလား'

သူက နှုတ်ခမ်းကို နမ်းမလို စူပြရင်း မေးလိုက်ခြင်းပင်။

ပန်းတော်ဝင်က လက်ချောင်းသွယ်သွယ်လေးတွေနှင့် သူမနှုတ်ခမ်းကို စေ့ပိတ်ရယ်မောရင်း…

'ဟင့်အင်း… အဲဒီလိုမနားရဘူး'

'ဒါဆို ဘယ်လိုနားရမှာလဲ'

ပန်းတော်ဝင်က အသံဖွင့်ရယ်၏။ ရယ်ရင်းမှ ကောင်းကင်နားရွက်ကို ဆွဲကိုင်ပြရင်း…

'ဒီမှာလေ ဒီမှာနား… နား'

သူ ထထိုင်လိုက်ပြီး ပန်းတော်ဝင်ကို သူ့ရင်ခွင်ထဲ ဆွဲသွင်းသည်။ ပန်းတော်ဝင် ခန္ဓာကိုယ်လေး အလိုက်သင့် ပြိုလဲကျလာသည်ကို အသာအယာထွေးပွေ့ကာ…

'ဟောဒီလို နားမှာ'

ပန်းတော်ဝင် ညာဘက်ပါးပြင်မှ ရွတ်ခနဲအသံမြည်သွား၏။ ထို့နောက် ဆက်၍ ဆက်ကာ…

ပန်းတော်ဝင်ထံမှာ 'ဟာကွာ' ဟူသော အသံတစ်စမှ တစ်ပါး…

ဟိုင်းဝေးကုန်တင်ယာဉ်ကြီး၏ စက်ကုန်ဖွင့်သံကိုသာ ကြားနေရလေတော့သည်။

တန်ခူးလေပြေ

BURMESE CLASSIC .com
www.burmeseclassic.com